# ကြေးမုံ

The Mirror Daily

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 18 April 2020 ၉၉၈၆


# နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် COVID-19 ကပ်ရောဂါ ကင်းဝေးစေရန် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၂ ခုနှစ် မြန်မာ့နှစ်သစ်ကူးတွင် နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် COVID-19 ကပ်ရောဂါ ကင်းဝေးစေရန် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

**ကြွရောက်ချီးမြှင့်**

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဈေးကုန်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ဘေးကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**အမှျပေးဝေ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဈေးကုန်းဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမှျပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၁၇**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ »»

---

**ကြေးမုံ ယနေ့ ဖတ်စရာ**

မင်္ဂလာရှိသော နေ့သစ်များကို ဖန်တီးခြင်း စာမျက်နှာ » ၆

ဆရာတော်၊ သံဃာတော်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ် စာမျက်နှာ » ၇

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅




ကြေးမုံ

## ညွှန်ကြားချက်လိုက်နာ ရောဂါဘေးကျော်လွှား

ကိုဗစ်–၁၉ ရောဂါဘေးကို တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်နေ့မှစတင်၍ ဧပြီလ ၁၇ ရက်နေ့ ညပိုင်းအထိ ရောဂါကူးစက်ခံရသူ ၈၈ ဦး ရှိရာတွင် ပြည်ပမှရောဂါကူးစက်လာသူ၊ ပြည်တွင်း၌ထိတွေ့ခံရသူနှင့် ထိတွေ့မှုမရှိသူပါ ရောဂါဖြစ်ပွားနေပြီဖြစ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် လိုအပ်ချက်များ ပိုမိုထင်ရှားတိကျပေါ်လွင်လာပြီ ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက မတ်လအစောပိုင်းမှစတင်၍ အလေးထားကိုင်တွယ်ဆောင်ရွက်ခဲ့ရာတွင် ရောဂါကာကွယ်ရေးအတွက် အဓိကအချက်ဖြစ်သည့် လက်ကိုဆပ်ပြာနှင့်ဆေးကြောခြင်း၊ နှာခေါင်းစည်းများတပ်ခြင်း၊ လူအများနှင့် ထိတွေ့မှုမရှိအောင် နေထိုင်ခြင်းဟူသည့် အချက်သုံးချက်ကို ပြည်သူများ လိုက်နာဆောင်ရွက်ကြသော်လည်း အချို့နေရာ၊ အချို့လူများတွင် လိုအပ်ချက်များ၊ အားနည်းချက်များရှိခဲ့ရာ ရက်သတ္တသုံးပတ်ကျော်အတွင်း ရောဂါကူးစက်မှုများနေသည်ဟုဆိုရမည် ဖြစ်သည်။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဧပြီလ ၁၆ ရက်နေ့ညတွင် အရေးယူဆောင်ရွက်မည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့သွားခြင်း၊ ပြန်ခြင်း၊ ခွင့်ပြုချက်ရရှိထားသော ဈေး၊ ကုန်တိုက်များတွင် ဈေးရောင်း ဈေးဝယ်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်ရရှိထားသော ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ တရားစီရင်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်နှင့်အညီ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆေးရုံ၊ ဆေးခန်းသွားရောက်ခြင်း၊ နာရေးကိစ္စဆောင်ရွက်ခြင်းများမှအပ လူငါးဦးနှင့်အထက်ပို၍ စုဝေးခြင်းမပြုရအမိန့်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါအမိန့်သည် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းကို တားဆီးထိန်းချုပ်နိုင်ရေး ဆောင်ရွက်သည့်အမိန့်ဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို နိုင်ငံအတွင်းရှိ ပြည်သူအားလုံး လိုက်နာရန်လိုအပ်ပြီး လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူခံရနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူခြင်းနှင့် စတင်လိုက်ပြီဖြစ်သည်။ ပြည်သူအားလုံး ရောဂါကင်းဝေးရေးအတွက် တစ်ပြေးညီ မှန်ကန်မျှတသည့် ဥပဒေဖြစ်သည်။ အမိန့်နှင့်ညွှန်ကြားချက်များကို ရပ်ရွာများတွင် တစ်နေ့လျှင် ငါးကြိမ် သတိပေး၊ အသိပေးမည်ဖြစ်ပြီး အသိပေးချက်များကို ပြည်သူများအနေဖြင့် သေချာစွာမှတ်သားလိုက်နာကြရမည် ဖြစ်သည်။

ပြည်ပမှလာရောက်သူများ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် ကန့်သတ်မှု ၂၁ ရက်ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ် ၇ ရက် နေအိမ်တွင် သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။ ဒေသတွင်း နိုင်ငံအချို့၌ သတ်မှတ်နေရာတွင် နေထိုင်ရမည့်ကာလနှင့် စုစုပေါင်း ၂၈ ရက် သတ်မှတ်ထားကြောင်းတွေ့ရှိရပြီး သတ်မှတ်ကာလကို တိတိကျကျနှင့် စနစ်တကျလိုက်နာသဖြင့် ရောဂါကူးစက်မှုအား ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

သို့ဖြစ်ရာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး တိတိကျကျ လေးစားလိုက်နာခြင်းဖြင့် ရောဂါဘေးမှကင်းဝေးကာ အချိန်တိုကာလအတွင်း စိတ်ချမ်းသာကိုယ်ကျန်းမာနေထိုင်နိုင်မည် ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်းစုမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ ကျေးရွာများသို့ ဖြန့်ဖြူးပို့ဆောင်

**ကျွန်းစု ဧပြီ ၁၇**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် အရေးကြီးကာလ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း နိုင်ငံတော်က ထောက်ပံ့ကူညီမှု စားသောက်ကုန် (၅)မျိုးကို တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၂၁၃ စုအတွက် ထောက်ပံ့ကူညီပေးနိုင်ရန် ဧပြီ ၁၆ ရက် နံနက်ပိုင်းက ကျေးရွာများသို့ စနစ်တကျ ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။




ကျွန်းစုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၄ စုရှိပြီး အိမ်ထောင်စု ၃၅၆၉၂ စု၊ အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၂၁၂စုရှိပြီး လူဦးရေ စုစုပေါင်း ၁၁၇၉၅၅ ဦးရှိရာ ၎င်းတို့အတွက် ပြီးခဲ့သည့်အပတ်က ဆန်၊ ဆီ၊ ဆား တို့ကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်၍ ယနေ့တွင် မြိတ်ခရိုင်မှတစ်ဆင့် ထုပ်ပိုး၊ ပို့ဆောင်၊ ဖြန့်ဖြူးရေးအဖွဲ့က ပဲနှင့် ကြက်သွန်နီများကို သက်ဆိုင်ရာ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပို့ဆောင်ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အိမ်ထောင်စုတစ်စုလျှင် စားသောက်ကုန် (၅) မျိုးကို ဖြန့်ဖြူးထောက်ပံ့ပေးနိုင်ရန် မြို့နယ်အတွင်းရှိ ကျေးရွာများအား ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင်ဖြန့်ဖြူးရေးအဖွဲ့က စနစ်တကျခွဲဝေပေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူများထံသို့ ဖြန့်ဖြူး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဝန်းသို ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၆ ရက် ညနေ ၃ နာရီက မြို့အဝင်/ အထွက် စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြို့အဝင်၊ အထွက်နေရာများ၌ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး နေအိမ်ပြင်ပ ထွက်သူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန် အချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာများနှင့် မြို့နယ်မှ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များကို လေးစားလိုက်နာဆောင်ရွက်ကြရန် အသိပညာပေး ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ဝန်းသိုမြို့နယ် မြို့ အဝင်/ အထွက်နေရာများနှင့် မီးရထားဘူတာတို့တွင် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်း၍ ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ နေရပ် လိပ်စာနှင့် သွားရောက်သည့်ခရီးစဉ်များအား မှတ်တမ်းရေးသွင်းခြင်း လုပ်ငန်းများကို ၂၄ နာရီ စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**



# ပြည်သူများအဆင်ပြေစေရေး ကံမမြို့နယ်အားကစားကွင်းတွင် ယာယီဈေး ဖွင့်လှစ်



**ကံမ ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး ကံမမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်လုပ်ငန်းကော်မတီက ပြည်သူများ အဆင်ပြေစေရေးအတွက် စည်ပင်သာယာမြို့မဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းရောင်းချသော ဈေးသည်များအား မြို့နယ်အားကစားကွင်း၌ ယနေ့ နံနက်ပိုင်းမှစတင်၍ ယာယီဈေးအဖြစ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါယာယီဈေးတွင် ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေပတ်လည်နှင့် ဆိုင်ခန်းတစ်ခန်းနှင့်တစ်ခန်း ခြောက်ပေခြားစီထားရှိပြီး ဈေးဝယ်သူများအတွက် သတ်မှတ်နေရာများထားရှိပေးကာ နေ့စဉ် နံနက် ၅ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်း ဈေးဝယ်သူများအနေဖြင့် ယာယီဈေးအတွင်းမဝင်ရောက်မီ လက်ဆေးရန် ဘေစင်များ စီစဉ်ပေးထားပြီး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုမှသာ ဈေးအတွင်း ဝင်ရောက်ခွင့်ပြုကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်က ပြောသည်။

**ကိုကိုကျော်(ကံမ)**

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



## ရွတ်ပွားသရဇ္ဈာယ်

နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းဘေးကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။ (သတင်း-ရှေ့ဖုံး)

## ဆက်ကပ်
## လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး)



# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံ

ရန်ကုန် ဧပြီ ၁၇

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အများဆုံး ရင်းနှီးမြှုပ်နှံကြကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ စာရင်းများအရ သိရသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၃ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၅၄ ခုရှိပြီး ယင်းအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၂၁ ခုရှိကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ခုရှိပြီး ဒုတိယအများဆုံးဖြစ်ကာ စွမ်းအင်ကဏ္ဍတွင် ခြောက်ခုဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတူတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၀ ရှိပြီး ယင်းအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၁၅ ခုရှိကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၃ ခုရှိပြီး ဒုတိယအများဆုံးဖြစ်ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ခုနစ်ခုဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါကြောင့် MIC သို့ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လျော့ကျသွားခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဧပြီ ၇ ရက်တွင် ပြောကြားသည်။

ယင်းတင်ပြလာသည့်လုပ်ငန်းများအနက် စက်မှုလက်မှုလုပ်ငန်းများ၊ လုပ်သားအခြေပြုလုပ်ငန်းများကို ဦးစားပေးခွင့်ပြုပေးလျက်ရှိကြောင်း၊ အဆိုပါ ခွင့်ပြုပေးသည့် လုပ်ငန်းများသည်လည်း ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က အမြန်ဆုံးခွင့်ပြုပေးနေကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အထောက်အကူပြုစေနိုင်သည့် ကျန်းမာရေးအထောက်အကူပြု နေ့စဉ်သုံး နှာခေါင်းစည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် အထောက်အပံ့ဖြစ်မည့်လုပ်ငန်းများ တင်ပြလာပါက လျင်မြန်စွာ ခွင့်ပြုနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လက်ရှိဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားကြောင်း သိရသည်။

ငြိမ်းငြိမ်း



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

»»» ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်နေ ပါမောက္ခအထူးကု ဆရာဝန်ကြီး (ဆေးပညာ) ပါမောက္ခ ဒေါက်တာစပယ်ဖြူက ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းအင်အားလိုအပ်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများ၏ စိုးရိမ်ပူပန်မှုနှင့် စိတ်ခံစားမှုအခြေအနေ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အထူးကုဆေးရုံကြီး(ဝေဘာဂီ)မှ အထက်တန်းသူနာပြု ဒေါ်ဖြူသီက လူနာများအား နေရာချထားခြင်းနှင့် လူနာများ လိုက်နာရမည့် စည်းကမ်းချက်များ၊ အစားအသောက်များ စီစဉ်ပေးခြင်းနှင့် လူနာများအား ပြုစုပေးခြင်းအခြေအနေများ၊ ကျန်မာရေးဝန်ထမ်းများ၏ စိုးရိမ်ပူပန်မှု၊ အခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ ဦးကောင်းထက်ပြည့်စုံက ပရဟိတကွန်ရက်များနှင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ "အောင်" အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်းရှိ Quarantine စခန်းတွင် Volunteer အဖြစ် ဆောင်ရွက်နေမှုအခြေအနေ၊ လိုအပ်ချက်နှင့် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခု ဆွေးနွေးတင်ပြကြသည့် လိုအပ်ချက်များနှင့် တွေ့ကြုံရသည့် အခက်အခဲများကို မှတ်သားထားပါကြောင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်နှင့် သက်သာနိုင်သမျှ သက်သာစေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ပိုမိုအင်အားဖြစ်စေမည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ Video Conferencing ပြုလုပ်ခြင်းသည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်း၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ Volunteer များ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအားလုံးကို လုပ်ငန်းများ ပိုမိုပီပြင်စေရန် မည်သို့ ပံ့ပိုးကူညီပေးရမည်ကို သိရှိလိုခြင်းနှင့် အားပေးလိုသည့်အတွက် ဖြစ်ပါကြောင်း၊ ပါဝင်ဆောင်ရွက်နေသူများအားလုံးကို ကျေးဇူးတင်၊ အသိအမှတ်ပြု၊ တန်ဖိုးထားသည်ကို သိစေချင်ပါကြောင်း၊ အသိအမှတ်ပြုစေရန် ဆောင်ရွက်ခြင်းမဟုတ်သော်လည်း ထိုသို့ အသိအမှတ်ပြု တန်ဖိုးထားသည်ကို သိရှိပါက ပိုမိုအင်အားဖြစ်စေမည် ဖြစ်ပါကြောင်း၊ ယခုအချိန်သည်

**❖ ပါဝင်ဆောင်ရွက်နေသူများအားလုံးကို ကျေးဇူးတင်၊ အသိအမှတ်ပြု၊ တန်ဖိုးထားသည်ကို သိစေချင်ပါကြောင်း၊ အသိအမှတ်ပြုစေရန် ဆောင်ရွက်ခြင်း မဟုတ်သော်လည်း ထိုသို့ အသိအမှတ်ပြု တန်ဖိုးထားသည်ကို သိရှိပါက ပိုမိုအင်အားဖြစ်စေမည်ဖြစ်**

**❖ ယခုအချိန်သည် တစ်ယောက်နှင့် တစ်ယောက် အားပေးရမည့်အချိန် ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်းသော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်းသော်လည်းကောင်း၊ ပြည်သူနှင့် ဝန်ထမ်းများကြားသော်လည်းကောင်း အားပေးရမည်ဖြစ်**

တစ်ယောက်နှင့် တစ်ယောက် အားပေးရမည့်အချိန် ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်းသော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်းသော်လည်းကောင်း၊ ပြည်သူနှင့် ဝန်ထမ်းများကြားသော်လည်းကောင်း အားပေးရမည်ဖြစ်ပါကြောင်း၊ အားလုံးသည် တစ်ယောက်နှင့် တစ်ယောက် အားပေး၍ လက်တွဲပြီး ညီညီညွတ်ညွတ်ဖြင့် သွားရမည့် အချိန် ဖြစ်ပါကြောင်း၊ ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၏ ပထမဆုံးနေ့ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပထမဆုံးနေ့တွင် ကုန်ဆုံးခဲ့သည့်နှစ်ကိုပြန်ကြည့်ပါက လက်တွဲပြီး ညီညီညွတ်ညွတ်ဖြင့် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည်ကို စိတ်ကျေနပ်မှုရှိပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း၊ အထူးသဖြင့် အများအကျိုးအတွက် တတ်နိုင်သမျှ လုပ်ဆောင်ပေးနေသည့် ပြည်သူပြည်သားများအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကောင်းကျိုးလိုရာဆန္ဒ အဝဝ ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID–19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် ၂၀ ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍ လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Corona-virus Disease 2019 (COVID–19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် ၂၀ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၀ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့် ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။ **မြန်မာ့စီးပွားရေးဘဏ်**

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



## ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို တစ်နှစ်ကင်းလွတ်ခွင့်ပြု

ရန်ကုန် မေ ၁၇

ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို ယခုနှစ် မေ ၁ ရက်မှ လာမည့် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်ကင်းလွတ်ခွင့်ပြုကြောင်း မေ ၁၇ ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံမှ သိရသည်။

### တစ်နှစ်ကင်းလွတ်ခွင့်ပြု

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားများ ဘေးကင်းလုံခြုံအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် ထိုသို့ ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စင်အသစ် လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို တစ်နှစ်ကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ယင်းကော်မတီများက သက်ဆိုင်ရာဒေသအလိုက် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများကို ကောက်ခံလျက်ရှိသည်။

ယခုအခါ နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုရှိနေသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များအား ခရီးသွားလုပ်ငန်းများမှ အဆိုပါ ကောက်ခံမှုများကို တစ်နှစ်တာကာလအတွက် ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုကြောင့် ထိခိုက်မှုအများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများဖြစ်သော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ CMP လုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်၍ Coronavirus Disease 2019 (COVID-19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ကျပ် ၁၀၀ ဘီလီယံကို COVID-19 Fund ထူထောင်ကာ ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

### ချေးငွေထုတ်ပေးလျက်ရှိ

အဆိုပါချေးငွေကိုလည်း ဦးစားပေးကုစားရမည့် ကဏ္ဍများတွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးငွေထုတ်ပေးလျက်ရှိသည်။

ထို့ပြင် ချေးငွေပြန်လည်ပေးဆပ်နိုင်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ချေးငွေရယူထားသည့် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်းမရှိစေရန် စီစဉ်သွားမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးမျိုးဆွေ | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးသန့်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>တားဆီးကာကွယ်ရေးနှင့်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ငဖဲမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေ



ငဖဲ မေ ၁၇

မင်းဘူးခရိုင် ငဖဲမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ယနေ့နံနက် ၈ နာရီမှစ၍ ငဖဲမြို့အဝင်ဂိတ်၊ ပင်ဦး၊ ထန်းကိုင်းနှင့် ချောင်းဖြူကျေးရွာများတွင် ဆောင်ရွက်ခဲ့သည်။

### အသိပညာပေး

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်သူများသို့ ပန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ လိုက်နာရမည့်အချက်များ၊ လက်ကို မကြာခဏစနစ်တကျ ဆေးကြောရန်၊ လူထူထပ်သောနေရာများကို မသွားဘဲ မိမိအိမ်တွင် နေထိုင်ကြရန်၊ မဖြစ်မနေ အပြင်ထွက်ရမည်ဆိုပါက နှာခေါင်းစည်း တပ်ဆင်ပြီးမှသာ အပြင်သို့ ထွက်ခွာရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် သတ်မှတ် ညွှန်ကြားသော ကိစ္စရပ်များမှ အပ လူငါးဦးဖြစ်စေ၊ လူငါးဦးထက်ပို၍ ဖြစ်စေ စုဝေးခြင်းမပြုလုပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက မေ ၁၆ ရက်တွင် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိနှင့် မိမိ၏ မိသားစု၊ ပတ်ဝန်းကျင်မှ လူများကို ရောဂါကူးစက်မှုမရှိစေရေး ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပညာပေးနှိုးဆော်ပြီး လမ်းသွားလမ်းလာ ပြည်သူများနှင့် ကျေးရွာပြည်သူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# မင်္ဂလာရှိသော နေ့သစ်များကို ဖန်တီးခြင်း

ထက်ဝေအောင်(စစ်ကိုင်း)

ခြေလှမ်းများသည် ရှေ့သို့ဦးတည်နေလေ့ရှိပါသည်။ ထို့အတူ အသက်အရွယ်နှင့်အချိန်မှာလည်း တရွေ့ရွေ့ ချီတက်လျက်ရှိပါသည်။ ကုန်ဆုံးသွားသည့်အချိန် ပြန်ရလေ့မရှိပေ။ အစားထိုးမရသည့်ကိစ္စ အစားထိုးရန် စဉ်းစားအားထုတ်ခြင်းသည်လည်း အချည်းနှီး ဖြစ်လေ့ရှိပါသည်။ လူအချို့က ကံ၊ ဉာဏ်၊ ဝီရိယ အားကောင်းသဖြင့် အောင်မြင်ကြသည်။ စီးပွားရေး၊ လူမှုရေး အဆင်ပြေကြသည်။ အောင်မြင်မှုသည် အရှည်တည်တံ့နေသည့် အရာမဟုတ်သလို ကျရှုံးမှုသည်လည်း အရှည်ဖြစ်ပေါ်နေလိမ့်မည်မဟုတ်ပေ။ အောင်မြင်လိုသူတိုင်း ကြိုးစားကြသည်။ မိမိအားသန်သည့်နယ်ပယ်ကို ရွေးချယ်လျက် ပျော်ရွှင်မှုကို တည်ဆောက်သည်။ လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့် ဆိုစကားလည်းရှိပေသည်။ လူတိုင်း အောင်မြင်မှုကိုသာ လိုလားသည်။ ကျရှုံးမှုကို မည်သူမျှ မလိုလားကြပေ။ အဆိုပါစိတ်ခံစားချက်သည် လောကသဘာဝ မျက်ကွယ်ပြုခြင်းသဘောသာ ဖြစ်သည်။ ရှုံးနိမ့်မှု၊ ဆုံးရှုံးမှုကို မည်သူမျှ လိုလားကြမည်မဟုတ်ပေ။ သို့သော် ရှုံးနိမ့်မှု၊ ဆုံးရှုံးမှုသည် နေရာတိုင်း၊ လူတိုင်းတွင် အိမ်ဖွဲ့တည်ရှိနေပါသည်။

ပြိုင်လျှင် နိုင်ရမည်ဟူသောစိတ်သည် တစ်ဖက်စောင်းနင်းနိုင်သည်။ ရိုးသားစွာ ယှဉ်ပြိုင်ခြင်းသည် သန့်စင်သောအောင်မြင်မှုဖြစ်ပါသည်။ ကျရှုံးခြင်းကိုလည်း ကျေနပ်စွာလက်ခံနိုင်ရမည် ဖြစ်ပါသည်။ ကျရှုံးခြင်းသည် အများနှင့်ယှဉ်ပြိုင်ရဲသူ၏ သတ္တိရှိသော လုပ်ဆောင်ချက်ကြောင့် ဖြစ်ရသည့် ရလဒ်ဖြစ်သည်။ ပြိုင်ပွဲမဝင်က အနိုင်ရလိမ့်မည်မဟုတ်သလို ပြိုင်ပွဲရလဒ် အရှုံးကိုလည်း ခံစားရလိမ့်မည်မဟုတ်ပေ။ ပြိုင်ပွဲဝင်သူသည် စစ်မှန်သော အောင်မြင်မှုအတွက် ရဲရင့်သူ ဖြစ်ပါသည်။ ကြိုးစားခြင်း၏ သင်္ကေတလည်းဖြစ်ပါသည်။

သူတစ်ပါးနိုင်လျှင် ပြုံးရဲသူ၊ မုဒိတာပွားနိုင်သူသည် ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်ပါသည်။ ကျေနပ်ဝမ်းသာသည့် သရုပ်ပေါ်လွင်စွာ ပြောရဲဆိုရဲရှိသည်။ ခေါင်းခါ ကျောပေးမနေတတ်ဘဲ ရဲဝံ့စွာ ဦးမော့လျက် စိတ်ကို ငြိမ်းချမ်းစေသည်။ အလုပ်သွား၊ အလုပ်ပြန် စိတ်ရှင်းသည်။ အရှုံးကို တနုံ့နုံ့ခံစားရန် မသင့်ပေ။ နိုင်သူအားလုံး ရှုံးဖူးကြသည်။ ရှုံးသူများလည်း နိုင်ခွင့်တစ်ဖန်ပြန်ရနိုင်သည်ကို သတိမူကြရမည် ဖြစ်ပါသည်။

အတ္တ၊ မာန ခဝါချကြည့်လျှင် နိုင်စိတ်သည်လည်း ကြာရှည်မခံတတ်ပေ။ ခေတ္တခဏဖြင့် ပျောက်ကွယ်သွားလေ့ရှိသည်။ ရှုံးစိတ်သည်လည်း ထို့အတူပင်။ အချို့ စိတ်ဓာတ်ပြင်းထန်သူများသည် ရှုံးစိတ်ကို တမင်တကာ မွေးမြူထားသည်။ ခေါင်းငုံ့လျက် မဖြစ်နိုင်တော့ဘူး ဆိုသော အတွေးများဖြင့် ယှဉ်ပြိုင်စိတ်ကို ရပ်တန့်ပစ်လေ့ရှိသည်။ စိတ်ကို စိတ်ဖြင့် တိုက်ခိုက်လျက် အမှန်တကယ် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ကျောခိုင်းသွားသည်။ အချို့မှာ ကြိုးစားလိုစိတ်ရှိသည်။ ပင်ကိုဗီဇ ထက်မြက်သူလည်းဖြစ်သည်။ သို့သော် တစ်ပွဲနိုင် အနိုင်ပိုင်း၍ အနားယူသူများလည်း ရှိသည်။ မိမိ၏ အရည်အသွေးကို အချိန်မလပ် ဖော်ထုတ်နေသင့်ပေသည်။ ဓားထက်လိုလျှင် သွေးပေးရသည်။ မိမိ၏အရည်အသွေး ပိုမိုအားကောင်းလိုလျှင် ကြိုးစားအားထုတ်ရသည်။

မရိုးသားမှုသည် ရေရှည်မတည်တံ့ပေ။ လိပ်ပြာလည်း မလုံပေ။ မိမိ၏ အရည်အချင်းသည် မိမိ၏ အမည်နှင့် ယှဉ်တွဲနေလေ့ရှိသည်။ ရိုးသားမှုသည် သမိုင်းကြောင်းလှပစေသည်။ မရိုးသားသော အသက်မွေးဝမ်းကျောင်းမှုဖြင့်ရှင်သန်ခြင်းသည် အဓိပ္ပာယ်မဲ့လွန်းလှပေသည်။ စားသည့် အစာ၊ တွေးသည့်အတွေး မဖြူစင်နိုင်ပေ။ မိမိလုပ်ဆောင်ရမည့်အလုပ်ကို အားပျော့အောင်ပြုလုပ်သူမှာ မိမိသာဖြစ်ပါသည်။ မရိုးသားသောစိတ်ကို တာရှည်ခံအောင် မမွေးမြူသင့်ပေ။ အဆိုပါစိတ်ကို အဖန်ဖန် မလေ့ကျင့်ဘဲ ရောင့်ရဲလိုစိတ်ရှိမှသာလျှင် မိမိစိတ်မှာ အေးချမ်းနေမည် ဖြစ်ပါသည်။

ပြိုင်ပွဲတစ်ခုသည်လည်း ရိုးရှင်းရလေ့ရှိပါသည်။ လူနှင့်မရွေး၊ မူနှင့်ရွေးသည် ဖြစ်ရပါမည်။ ယှဉ်ပြိုင်သူများကို လေးစားရပါမည်။ တောင်ပင်လျှင် အနိမ့်အမြင့်ရှိပေသည်။ မြစ်မှန်လျှင် အကွေ့အကောက်ရှိသည်။ လူသည်လည်း မျှတသူ၊ ဘက်လိုက်သူရှိနိုင်သည်။ ကိုယ့်အမျိုးအဆွေကို တိုးချစ်သည့်စိတ်ရှိသည်။ နိုင်ချင်းနိုင် ကိုယ့်လူသာနိုင်စေချင်သည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုစကားလည်း ရှိပေသည်။ ပြိုင်ပွဲသည် စစ်မှန်သူ၊ ထိုက်တန်သူ၊ ထူးချွန်သူကို ရွေးချယ်ပေးသော အလုပ်ဖြစ်ပါသည်။စစ်မှန်သော ရွေးချယ်မှုဖြင့် ပြိုင်ပွဲတစ်ခု၏ဂုဏ်ကို မြှင့်တင်ရပါသည်။

ရပ်ကွက်အတွင်းမှ ပျော်ပွဲရွှင်ပွဲ လွတ်လပ်ရေး ပြိုင်ပွဲများကို လေ့လာကြည့်လျှင် ပြိုင်လျှင် အနိုင်ရမှဆိုသူက များပြားသည်။ အပျော်ပြိုင်ပွဲဖြစ်လင့်ကစား အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။ တစ်ပွဲရှုံးလျှင် နောက်တစ်ပွဲတွင် ဝင်နွှဲကြသည်။ ရလဒ်မှာ ပျော်ရွှင်ခြင်းအစား မခံရပ်နိုင်သော အရှုံး ကိုယ်လက်နာကျင်ကိုက်ခဲမှုသာရလိုက်သည်။

အရည်အချင်းရှိလျှင် ပြိုင်ပွဲဝင်နိုင်သည်။ ပြိုင်ပွဲရလဒ်မှာအနိုင်မရလျှင် မိမိညံ့ခြင်းကြောင့်မဟုတ်ဘဲ ပြိုင်ပွဲစည်းကမ်းအရ သူတစ်ပါးက နှာတစ်ဖျားသာ အမှတ်အနည်းအများဖြင့် အနိုင်ရခြင်းလည်းဖြစ်နိုင်သည်။ သို့မှသာ စိတ်ဓာတ်မကျ၊ သက်သောင့်သက်သာရှိစေမည်ဖြစ်သည်။ အားမတန်၍ မာန်လျှော့လိုက်ရသည်ဟုလည်း မတွေးရန်လိုသည်။ တစ်နေ့ ညင်သာစွာ အနိုင်ရရှိနိုင်သည်။ နိုင်သည့်အခါ မာန်မတက်ရန်သာ လိုအပ်သည်။ အမြဲမနိုင်နိုင်သလို အမြဲတမ်းမရှုံးနိုင်သည်ကို သတိပြုရပါမည်။

> ဘဝနေချိန်ကာလ အချိန်ပိုင်းမျှသာဖြစ်ပါသည်။ အဓိပ္ပာယ်ရှိသော အလုပ်ကိုလုပ်ဆောင်ပြီး စိတ်ချမ်းသာမှုကို အရယူရပါမည်။ မင်္ဂလာရှိသောနေ့သစ်များကို ကိုယ်တိုင်ဖန်တီးရလေ့ရှိပါသည်။ ကိုယ်ပြုသောကံ ကိုယ့်ထံပြန်လာလေ့ရှိသည်။ ငြိမ်းအေးသောဘဝကို ကုသိုလ်တရားဖြင့် တည်ဆောက်ပြီး အပျက်အစီး၊ အဖျက်လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိအောင် ကြိုးစားနိုင်မှသာ လူဖြစ်ကျိုးနပ်မည်ဖြစ်

အနိုင်ရလိုမှုသည် ဓမ္မဘက်မှကြည့်လျှင် ပူလောင်လှပါသည်။ အနိုင်ရသဖြင့် ဖြစ်ရသောစိတ်သည် မိမိအောင်မြင်ပြီဟု အထင်ရှိသည်။ အောင်မြင်ပြီဟု အထင်ရှိသောလူ၏ စိတ်သည်လည်း အနည်းငယ်မြင့်တက်နေတတ်သည်။ ငါလုပ်လျှင် ဖြစ်သည်ဟု တထစ်ချယုံကြည်သည်။ ယုံကြည်ချက်ဖြင့် တည်ဆောက်ရသည့် အခြေအနေများလည်းရှိပါသည်။ ယုံကြည်မှုမလွန်ကဲရန်သာ လိုအပ်ပါသည်။ အမြင့်ရောက်သူတိုင်း အချိန်တန်လျှင် ပြန်ဆင်းရလေ့ရှိသည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။ အခြေအနေနှင့် အချိန်အခါအလိုက် လိုက်လျောညီထွေရှိသောစိတ်သည်သာ ငြိမ်းချမ်းသည်ကို တွေ့ရပါသည်။

မနေနိုင်သဖြင့် ပြိုင်ပွဲဝင်လိုသူသည် မိမိဘက်မှ အကောင်းဆုံးပြင်ဆင်ရမည်။ လိုအပ်ချက် ရှိကောင်းရှိနိုင်သော်လည်း အကောင်းဆုံးဖန်တီးရပေမည်။ ပြိုင်ပွဲရလဒ်အတွက် အကောင်းဆုံးပြင်ဆင်နိုင်သူလည်းဖြစ်သင့်သည်။ မိမိအကောင်းဆုံးလုပ်ပြီးကြောင်း မိမိစိတ်ကအသိဆုံးဖြစ်ပါသည်။ သူကင့်ါထက်သာသွားပြီဆိုသော အထင်က မိမိစိတ်ကို ပူလောင်စေသည်။ ပြိုင်ပွဲသည် ထူးချွန်သူကို လက်ညှိုးညွှန်ပြခြင်းသာ ဖြစ်သည်။ မိမိမဟုတ်သူတစ်ပါးဖြစ်လျှင် မိမိက ကျေနပ်ရပါမည်။ မုဒိတာစိတ်ဖြင့် ချီးကျူးစကားဆိုနိုင်ရပါမည်။ အဆိုပါစိတ်သည် လွန်စွာအေးချမ်းသည်။ အနိုင်ရခြင်းထက်ပင် ပို၍နေထိုင်ကောင်းစေသည်။

လူဖြစ်ခြင်းကြောင့် လူ့ကိစ္စ၊ လူ့တာဝန်များ ကျေပွန်ကြရပါမည်။ ကောင်းသော အသက်မွေးခြင်းဖြင့် စီးပွားရှာရသည်။ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်း မကြံမစည်၊ မပြောမဆိုဖြင့် ကိုယ့်စီးပွားကိုယ်ရှာရပေသည်။ စိတ်ချမ်းသာသောနည်းလမ်းများအတိုင်း ကျင့်ကြံလျက် ဘဝကို အေးချမ်းစွာဖြတ်သန်းကြရပါသည်။ ဘဝနေချိန်ကာလ အချိန်ပိုင်းမျှသာဖြစ်ပါသည်။ အဓိပ္ပာယ်ရှိသော အလုပ်ကိုလုပ်ဆောင်ပြီး စိတ်ချမ်းသာမှုကို အရယူရပါမည်။ မင်္ဂလာရှိသော နေ့သစ်များကို ကိုယ်တိုင်ဖန်တီးရလေ့ရှိပါသည်။ ကိုယ်ပြုသောကံ ကိုယ့်ထံပြန်လာလေ့ရှိသည်။ ငြိမ်းအေးသောဘဝကို ကုသိုလ်တရားဖြင့် တည်ဆောက်ပြီး အပျက်အစီး၊ အဖျက်လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိအောင် ကြိုးစားနိုင်မှသာ လူဖြစ်ကျိုးနပ်မည်ဖြစ်ပါသည်။

စိတ်ဓာတ်ကျဆင်းနေသူများ စိတ်ထွက်ပေါက်ရှာကြလေ့ရှိသည်။ စိတ်ဓာတ်ကျဆင်းမှု အနိမ့်အမြင့် အခြေအနေအလိုက် စိတ်ဆင်းရဲမှု အကြီးအသေးကွာဟနိုင်သည်။ စိတ်သည် အကျဘက်ရောက်လျှင် နေထိုင်ရသည့်ဘဝကိုပင် ငြီးငွေ့လာလေ့ရှိသည်။ အမှန်တကယ် စိတ်ကျသူတိုင်း မိမိဘဝကို မကျေမနပ်ဖြစ်ကြသည်။ လွတ်လပ်သောစိတ်များပျောက်ဆုံးပြီး ရှင်သန်နေသော ဘဝကြီးကို အဆုံးသတ်ချင်စိတ် ဝင်လာတတ်သည်။ ထိုအတွေးစိတ်များသည် မှားယွင်းနေပါသည်။ ဘဝကို တိုက်ပွဲတစ်ခု၊ ပြိုင်ပွဲတစ်ခုအဖြစ် ရှုမြင်ကြရပါသည်။ တိုက်ပွဲသည် မိမိလူအများ အထိမနာအောင် ကြိုးစားပြီး နိုင်အောင်တိုက်ရလေ့ရှိသည်။ ထို့အတူ ပြိုင်ပွဲမှာလည်း အနိုင်နွှဲရသည်။ နိုင်လျှင် ဆက်လက်ကြိုးစားအားထုတ်ရမည်။ ရှုံးလျှင် ပိုမိုကြိုးစားရမည့် အတွေးအမြင်များဖြင့် ဘဝခရီးကို ရှေ့ဆက်ကြရပါမည်။ ဘဝခွန်အားသည် မိမိစိတ်အတွင်း၌သာ တည်နေပါသည်။

ဘဝခရီးလမ်းတွင် စိတ်ဆင်းရဲသူများကို လေ့လာကြည့်လျှင် လမ်းမလျှောက်ချင်သူသာ လမ်းပျောက်ရစမြဲဖြစ်ပါသည်။ လမ်းလျှောက်သူတိုင်း ခရီးတွင်နိုင်သည်။ ရေလိုက်လွဲလျက် ဘဝကိုမတည်ဆောက်သင့်ပေ။ မူးယစ်ဆေးကို ရှောင်ရှားရမည်။ အကြွေးကင်းအောင် နေထိုင်ရမည်။ ဘဝရှင်သန်ရပ်တည်ရေးအတွက် ဝင်ငွေရသော အလုပ်တစ်ခုခုလုပ်ရမည်။ ဝတ်စားဆင်ယင်နေထိုင်ရေးကိစ္စများ ရောင့်ရဲမှုကို အခြေခံထားရမည်။ စိတ်ကို ချုပ်ထိန်းလွန်းခြင်းမဟုတ်ဘဲ၊ အတားအဆီး အခက်အခဲများကို မဖိတ်ခေါ်ဘဲ နေထိုင်ပါက စိတ်အေးချမ်းမှုရရှိနိုင်သည်။ စိတ်အေးချမ်းမှုသည် ငွေဖြင့် မဝယ်ယူနိုင်ပေ။ ရာထူးဖြင့်လည်း မတည်ဆောက်နိုင်ပေ။ စိတ်ကိုချမ်းသာအောင်ထားခြင်းဖြင့်သာ စိတ်အေးချမ်းမှု ရရှိနိုင်သည်။ ပူလောင်သောအတွေးများ မတွေးတောရန်လည်း လိုအပ်သည်။ မရောက်သေးသည့် အနာဂတ်ကို မြော်တွေးလျက် စိတ်ပူပန်မှုကို ဖျောက်ပစ်ရပါမည်။ စိတ်ပူပန်မှုကို ဖြစ်ပေါ်စေသည့် အတွေးများကို ချက်ချင်းလက်ငင်း မောင်းထုတ်ပစ်ရန်လိုအပ်သည်။ မိမိမတွေးလျှင် လွန်စွာငြိမ်းချမ်းပါသည်။ အတွေးဆိုးများကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရသည်ကို သတိပြုကြည့်က သိနိုင်ပါသည်။

သို့ဖြစ်ရာ စိတ်ဆင်းရဲမှုများဖြင့် ဘဝကိုမတည်ဆောက်ဘဲ အေးချမ်းသောစိတ်ဖြင့် နေထိုင်ရန်လိုအပ်လှပါသည်။ အလုပ်ဖြစ်အောင်လည်း ကြိုးစားရမည်။ အလွဲလွဲအချော်ချော် အလုပ်မဖြစ်ခဲ့ပါက မိမိကိုယ်ကို အပြစ်မဖို့ဘဲ ပြန်လည်ထူထောင်ရေးစိတ်ဓာတ်ဖြင့် မြှင့်တင်ရပါသည်။ ကံအမြဲမဆိုးနိုင်သလို ကံအမြဲလည်း မကောင်းနိုင်ပေ။ လောကဓံသဘောတရားများကို နှလုံးသွင်းမှန်မှန်ဖြင့် နေထိုင်သွားရန်သာလိုပါသည်။ ကံနှင့် ဉာဏ်ယှဉ်တွဲအသုံးပြုပြီး အေးချမ်းသော ဘဝများ တည်ဆောက်နိုင်ကြောင်း ရည်မြော်တွေးလျက် "မင်္ဂလာ ရှိသောနေ့သစ်များကို ဖန်တီးခြင်း" အတွေးအမြင် ဆောင်းပါးဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အသက် ၈၀ အထက် အဘိုး၊ အဘွား ၇၁ ဦးအား အိမ်တိုင်ရာရောက် ကန်တော့

**ဆီဆိုင် မေ ၁၇**

၁၃၈၂ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီစဉ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ (၁) ရာခိုင်နှုန်း အလှူငွေဖြင့် ဆီဆိုင်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် နောင်ကျောကျေးရွာ အုပ်စုအတွင်းရှိ အသက် ၈၀ အထက် သက်ကြီးဘိုးဘွား ၇၁ ဦးတို့အား ယနေ့နံနက် ၈ နာရီခွဲက တစ်ဦးချင်း အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ဆီဆိုင်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၀ အထက် အဘိုး ၂၄ ဦး၊ အဘွား ၄၇ ဦး စုစုပေါင်း သက်ကြီးဘိုးဘွား၇၁ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တစ်အိမ်တက်ဆင်း သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

■



# ဆရာတော်၊ သံဃာတော်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်



**နေပြည်တော် မေ ၁၇**
မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် မြန်မာနှစ်ဆန်း (၁)ရက် ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်၊သံဃာတော်များသည်နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကြပြီး မေတ္တာပို့သကြသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များသည် နံနက် ၇ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ရဟတ်ယာဉ်ဖြင့် စတင်ထွက်ခွာကြပြီး နေပြည်တော်ကောင်စီ နယ်မြေအတွင်း လှည့်လည်၍ ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကာ မေတ္တာပို့သကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူထားသည့် ပရိတ်ရေများအား ဝေဟင်မှ ပက်ဖျန်းပေးကြသည်။ **သတင်းစဉ်**

# စေတုတ္တရာမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေး

**စေတုတ္တရာ မေ ၁၇**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ ညနေ ၄ နာရီက ဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အတွက် အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် မြို့နယ်ဘောလုံးကွင်းအတွင်းတွင် မေ ၂၁ ရက်မှ စတင်၍ နေ့စဉ် နံနက် ၆ နာရီမှ နံနက် ၈ နာရီအထိ သတ်မှတ်ခင်းကျင်းလျက် ယာယီဈေး ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဈေးရောင်းဈေးဝယ် ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့် တစ်ခါသုံးလက်အိတ်များ ဝတ်ဆင်အသုံးပြုရေး၊ ဈေးအတွင်း ခြောက်ပေခြား သတ်မှတ်နေရာများတွင်သာ ဝယ်ယူရောင်းချရေး၊ သတ်မှတ်ထားသော အချိန်နှင့် စည်းကမ်းချက်များအား သိရှိလိုက်နာရေးတို့ကို ကြိုတင်အသိပေး နှိုးဆော်ခြင်းနှင့် ကာကွယ်နိုင်သည့် နည်းလမ်းများ၊ လက်ကို မကြာခဏ ဆေးသင့်ကြောင်းနှင့် ပြည်သူများအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းများ မပြုလုပ်ဘဲ မိမိတို့၏နေအိမ်၌သာ နေထိုင်သွားကြရန်နှင့် နေအိမ်အပြင်သို့သွားလာရန်ရှိပါက နှာခေါင်းစည်းများကို တပ်ဆင်အသုံးပြုကြရန် အသိပညာပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**



# ကြို့ပင်ကောက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အလှူငွေနှင့် နှာခေါင်းစည်းများ လှူဒါန်း

**ကြို့ပင်ကောက် မေ ၁၇**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ရှိဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အလှူငွေ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများလှူဒါန်းသော အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးမှူး ဦးဝင်းမြင့်နိုင်နှင့်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အတွင်းရေးမှူး ဦးလူမော်မြင့်မောင် (ရွှေဝါရောင်ကုမ္ပဏီမိသားစု)က လှူဒါန်းသော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၁၀၀ နှင့် နှာခေါင်းစည်း ၂၀၀ တို့အား မြို့နယ်ဆန်စပါးကုန်သည်များအသင်းမှ ကိုယ်စားပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးမြင့်အောင်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းလိုပါက ဒေါက်တာတင်ဝင်းအောင် ၀၉-၄၂၉၃၃၂၂၂၆၊ ဒေါက်တာညီညီလတ် ၀၉-၂၅၀၁၇၅၅၇၁၊ ဦးတင်ဦး ၀၉-၅၃၇၄၄၁၂၊ ဦးမြင့်ဦး ၀၉-၅၃၇၄၄၁၁နှင့် နာရေးကူညီမှုအသင်းရုံး ၀၉-၄၃၀၅၆၈၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## နွေရာသီသောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် နွေရာသီရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သက်ဆိုင်ရာကျေးရွာများသို့ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားရန် အကြောင်းကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ ရေပြတ်လပ်မှုဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်ကြရန် နှိုးဆော်အပ်ပါသည်။

သောက်သုံးရေအခက်အခဲဖြစ်ပေါ်ပါက သတင်းပေးပို့ခြင်းနှင့် လှူဒါန်းလိုခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ်များအား ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အောက်ဖော်ပြပါ Hot Line ဖုန်းနံပါတ်များသို့ ဖုန်းခေါ်ဆို၍လည်းကောင်း၊ Text Message ပေးပို့၍လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| | ဆက်သွယ်ရမည့်ဖုန်းနံပါတ် |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၉-၅၀၈၈၉၉၉ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၀၆၇-၃၄၁၈၆၀၂ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၄၂၈၃၀၀၇၆၆ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| ညွှန်ကြားရေးမှူး(ကျေးလက်ရေရရှိရေးဌာန) | ၀၉-၄၄၂၀၇၆၂၄၄ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | Hot Line ၀၆၇-၃၄၁၈၆၅၁ |
| ကျေးလက်ရေရရှိရေးဌာန | ၀၆၇-၃၄၁၈၆၃၁၊ ၀၆၇-၃၄၁၈၆၅၅ |
| စိုက်ပျိုးရေးဦးစီးဌာန | Hot Line ၀၁-၂၃၉၉၅၅၅ |
| | Call Center ၀၆၇-၃၄၁၀၁၃၉ |

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မေ ၁၇**
ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ ၃၅ စက္ကန့်တွင် တောင်ကြီးမြေငလျင်စခန်းမှ တောင်ဘက် ၅၂ မိုင် ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ပင်လောင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၀၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၀၉ ဒီဂရီ၊ အနက် (၅)ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ကြေးမုံ**

# သင်္ကြန်ရင်ခုန်သံအစီအစဉ်

## 'သင်္ကြန်ဝေးဝေး' ရုပ်ရှင်ဇာတ်ကား စကားဝိုင်းကျင်းပ

**မှတ်တမ်း**
**စန္ဒာမင်း (ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် "သင်္ကြန်ဝေးဝေး"ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဆွေဇင်ထိုက်၊ သင်္ကြန်ဝေးဝေး ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ အကယ်ဒမီ ညွန့်မြန်မာညီညီအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ စည်သူဒေါ်နွဲ့နွဲ့စန်းနှင့် ရုပ်ရှင်ကားကို ရိုက်ကူးထုတ်လုပ်ခဲ့သည့် စီစဉ်သူ ဦးဝင်းကြည်တို့၏ ပါဝင်ဆွေးနွေးခဲ့မှုများကို ဖော်ပြလိုက်ရပါသည် –**

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဒီနေ့သင်္ကြန်အမှတ်တရစကားဝိုင်းအတွက် ကျွန်မတို့ ရွေးချယ်လာတဲ့ ရုပ်ရှင်ဇာတ်ကားထုပ်လေးကတော့ "သင်္ကြန်ဝေးဝေး" ဖြစ်ပါတယ်။ ကျွန်မ ပထမဦးဆုံး ကိုညွန့်မြန်မာညီညီအောင်ကို မေးချင်ပါတယ်။ ဒါရိုက်တာကြီးက ဘာဖြစ်လို့ ဒီရုပ်ရှင်ကားထုပ်ကို သင်္ကြန်နဲ့တွဲပြီး ရွေးဖြစ်တာလဲ ဆိုတာလေးကို သိပါရစေ။

**အကယ်ဒမီ ညွန့်မြန်မာညီညီအောင်။** ။ ဘာဖြစ်လို့လဲ ဆိုတော့ စိန်ဌေး ရုပ်ရှင်ထုတ်လုပ်ရေးက ကိုဝင်းကြည်က သင်္ကြန်နဲ့ ပတ်သက်တဲ့ ရုပ်ရှင်ကားလေး ရိုက်ချင်တယ်ဆိုတော့ အဲဒီမှာ ကာတွန်း ကိုကျော်အောင်မော်ရဲ့ ကာတွန်းထဲက စာရေးဆရာ အဲဒီစာအုပ်လေးပြတယ်။ ကိုဝင်းကြည်နဲ့ တိုင်ပင်တယ်။ နောက် ကျွန်တော်ကိုယ်တိုင်ကလည်း သင်္ကြန်ကို မြတ်နိုးတယ်။ အဲဒါနဲ့ ဒီ "သင်္ကြန်ဝေးဝေး"ဆိုတဲ့ ရုပ်ပြဇာတ်လမ်းလေးကို ကျွန်တော် ရုပ်ရှင်ရိုက်ဖြစ်တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကျွန်မတို့အားလုံးက တစ်ခေတ်တစ်ခါတုန်းက ရုပ်ပြဇာတ်လမ်းတွေကို အားကိုးခဲ့ရတယ်။ ရုပ်ပြဇာတ်လမ်းက သိပ်ကောင်းလို့ရှိရင် သူ့ဆီမှာ ပါလာခဲ့တဲ့ ကာရိုက်တာကိုယူပြီးတော့ ရိုက်ခဲ့ရတဲ့ ခေတ်တစ်ခေတ်ကို ဖြတ်သန်းခဲ့ရပါတယ်။ စံရွှေမြင့်တို့ ဘာတို့ဆိုလည်း ဒီလိုမျိုးဖြစ်ခဲ့ပါတယ်။ အဲဒီကားထုပ်ကို ရိုက်ကူးဖို့အတွက် ရွေးချယ်တဲ့အခါမှာ ကျွန်မမြင်လိုက်တာကတော့ ဒါဟာ သိပ်ကိုမထူးဆန်းတဲ့ အမျိုးသားလေးနှစ်ဦးနဲ့ အမျိုးသမီးလေးတစ်ဦးရဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းဖြစ်ပါတယ်။ အဲဒီထဲမှာမှ ကိုညီညီအောင်က Ending ရွေးထားတဲ့ အခါကျတော့ သင်္ကြန်ရဲ့ Concept တစ်ခုကို ထည့်ထားတဲ့အကြောင်းလေးလည်း ပြောပြပါဦး။ တန်ဖိုးထားမှုတွေ ပေါ့နော်။

**အကယ်ဒမီ ညွန့်မြန်မာညီညီအောင်။** ။ ခုနက ပြောသလို ကျွန်တော် သင်္ကြန်ကို မြတ်နိုးတယ်။ နှစ်သက်တယ်။ အဲဒီအထဲက ကျွန်တော် ဘာကိုသွားပြီး သဘောကျသလဲဆိုတော့ အိန္ဒြာကျော်ဇင်က Ending မှာ ဆိုးသွားတယ်။ မွေးရာပါ နှလုံးရောဂါနဲ့။ အဲဒီတော့ အဆုံးလေးမှာ ပြောချင်တဲ့ Message လေးကို ကျွန်တော် အလွန်သဘောကျတယ်။ သူသင်္ကြန်တွင်းမှာ ဆုံးတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဗမာတွေရဲ့ ထုံးတမ်းစဉ်လာအရ နောက်နှစ်ကူးလို့မရဘူးဆိုတော့ သင်္ကြန်တွင်းမှာပဲ အသုဘချရတယ်။ အသုဘချရင်းနဲ့ လွှင်မိုးပြောတဲ့ စကားလေးပါတယ်။ "သင်္ကြန်ကပဲ ငါတို့ကို ဝေးသွားတာလား။ ငါကပဲ သင်္ကြန်နဲ့ ဝေးတဲ့နေရာကို သွားရတာလား" ဆိုတာလေးကို သဘောကျတယ်။ အဲဒါကြောင့် သင်္ကြန်ဝေးဝေးဆိုတဲ့ ကား Title လေး ပေးဖြစ်တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဒါရုပ်ရှင်ထုတ်လုပ်တဲ့ လူတွေရဲ့ Creativity လို့ ခေါ်တာပေါ့နော်။ တကယ်တမ်းကျတော့ ဒီ Title ခေါင်းစည်းဟာ Message တစ်ခုခုနဲ့ ဒီဇာတ်လမ်းမှာ လာချိတ်နေရတယ်။ အလွန်မှသင့်တော်တဲ့ Title တစ်ခုဖြစ်တယ်လို့ ကျွန်မမြင်ပါတယ်။

အခု ကျွန်မ ကိုခန့်ကို မေးချင်ပါတယ်။ ကိုခန့်က ဒီမှာ မိန်းကလေးတစ်ယောက်ကို အမျိုးသားလေး နှစ်ယောက်ကနေ ပြိုင်ပြီးတော့ ကြိုက်ရတယ်။ အဲဒီ အချစ်ဇာတ်လမ်းလေးထဲမှာ ဘယ်လိုမျိုး အကြောင်းကြောင့်မို့လို့ ဒီ Character ကို လက်ခံဖြစ်သလဲ ဆိုတာလေးကို သိပါရစေ။

**အကယ်ဒမီ ခန့်စည်သူ။** ။ အဓိက ကတော့ ကျွန်တော် သရုပ်ဆောင်စဖြစ်ကတည်းက သင်္ကြန်ကား အလွန်ရိုက်ချင်တယ်။ ဒါ ကိုယ့်ရဲ့ဘဝမှာလည်း အမှတ်တရလေး၊ မှတ်တမ်းလေးတစ်ခုဖြစ်အောင်။ ဟိုးအရင်တုန်းကလည်း ရုပ်ရှင်တွေ ကြည့်တဲ့အခါမှာ သင်္ကြန်ကားတွေ ကြည့်ရင်း ကြည့်ရင်း တကယ်အားကျခဲ့တာ။ မင်းသား မင်းသမီးတွေ ခေတ်အဆက်ဆက် သင်္ကြန်ကားတွေ ရိုက်လာခဲ့တယ်။ ကိုယ့်လက်ထက်မှာလည်း သင်္ကြန်ကားလေး ရိုက်ချင်လိုက်တာ ဆိုပြီးတော့။ ရိုက်တဲ့အခါမှာလည်း ပွင့်ပွင့်လင်းလင်းပြောရရင် ရုပ်ရှင်ရိုက်ချင်တယ်။ ကျွန်တော်တို့ ခေတ်တုန်းကတော့ ဗီဒီယိုတွေပေါ့။ ဗီဒီယိုမှာ အထိုက်အလျောက်နာမည်ရမှပဲ ရုပ်ရှင်ကို ခေါ်ရိုက်တာကိုး။ အဲဒီတော့ ရုပ်ရှင်နဲ့ပတ်သက်ပြီး သင်္ကြန်ကား အမှတ်တရကို ရိုက်ကိုရိုက်ချင်တာ။ အဲဒီမှာ စိန်ဌေးက ကိုဝင်းကြည်ကလည်း ဒီကားလေးရိုက်ဖို့ ကျွန်တော့်ကို ပြောတယ်။ နောက် ကိုညီညီအောင်ကလည်း ကျွန်တော့်ရဲ့ လက်ဦးဆရာပါ။ ကိုညီကလည်း ဒီကားမှာတော့ ဒီလို Character လေး ရှိတယ်၊ လုပ်မလားဆိုတော့ ကျွန်တော် အားတက်သရော လက်ခံခဲ့တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကျွန်မကြည့်လိုက်တဲ့ အခါကျတော့ ကိုခန့်က ဟိုးအရင် ကြာလှပြီဖြစ်တဲ့ ရိုက်ထားတဲ့ ဇာတ်ကောင်မှာကို လုပ်တဲ့ Acting က ကျော်မထွက်သွားဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် နောက်ပိုင်းကားတွေမှာဆိုရင် နည်းနည်းကျော်တာတွေတွေ့တယ်။ ဒီကားလေးကို အစောတုန်းက ရယ်စရာ မောစရာကားမျိုးဖြစ်မလားပေါ့၊ သင်္ကြန်ဆိုတော့။ အဲဒီလို ကြည့်ရင်းကြည့်ရင်းကနေ ကိုခန့်ရဲ့ Serious ဖြစ်တဲ့ သရုပ်ဆောင်မှုတွေကို တွေ့ရတာ ဒီအတွက်လည်း ကျွန်မ ချီးကျူးပါတယ်။

နောက် အမေ့ကိုလည်း မေးချင်ပါတယ်။ အမေ့အနေနဲ့ ဒီသင်္ကြန်ဝေးဝေးဆိုတဲ့ ရုပ်ရှင်ကားကို ရိုက်တဲ့နေရာမှာ အမှတ်တရတွေ ပြောစရာတွေ ရှိမှာပါပဲ။ အဲဒီတော့ ကိုယ့်ရဲ့ Character ပေါ့လေ၊ ဒီထဲမှာပါရတဲ့ သားကိုချစ်တဲ့ အမေတစ်ယောက်ရဲ့စိတ်ကို ဘယ်လိုမျိုး သရုပ်ဆောင်ခဲ့သလဲ ဆိုတဲ့အကြောင်းလေး ရှင်းပြပါဦး။

**အကယ်ဒမီ စည်သူနွဲ့နွဲ့စန်း။** ။ သင်္ကြန်ဆိုတာကတော့ အမှတ်တရတွေ အများကြီးပဲ။ ဒီအမှတ်တရလေးကတော့ သူ့နေရာနဲ့သူပေါ့။ ဒီဟာကတော့ ဒီအမှတ်တရပေါ့။ သင်္ကြန်ဆိုတာ သမီးရည်းစားလေးချစ်တာ။ အမေတို့နဲ့ ဘာဆိုင်လို့လဲ၊ ခုအသက်ကြီးနေပြီပဲ။ သင်္ကြန်ဒိုးလေး တူးပို့တူးပို့ ကြားရင် အလိုလိုနေရင်း စိတ်ထဲက ကြွရွပြီးတော့ တစ်ခါတည်းကို ပျော်ပြီး ကြည်နူးမိတာဆိုတော့ သူတို့လည်းပဲ ချစ်သူနှစ်ဦးဟာ ဖွင့်ချစ်လို့လည်း မရဘဲနဲ့ နောက် ချစ်သူဆုံးရှုံးသွားတဲ့အခါမှာ ဒီသင်္ကြန်ဒိုးလေးကြားရင် သူဘယ်လိုခံစားရမလဲ။ ဒီခံစားချက်ကလေးကို ခံစားပြီးတော့ကို ကြည့်တာပါ။

နောက်တစ်ခုကလည်း ဒီထဲမှာ အမေက အမေကိုယ်တိုင်က နှလုံးရောဂါနဲ့ ဒီသားကို အသက်နဲ့ရင်းပြီး မွေးခဲ့ရတာဖြစ်တဲ့အတွက် ကိုယ့်သားလေးကိုလည်း နှလုံးရောဂါသည်ဇနီးရဲ့ ခင်ပွန်းအဖြစ် မကြည့်နိုင်တာ။ ဒီအခန်းလေးပါ။ ဒီကားလေးက အမှတ်တရအများကြီး ရှိတယ်။ အမေတို့ မြိတ်ကို ဒီကားလေးနဲ့ပတ်သက်လို့ သွားကဖူးတယ်။ အဲဒီကားကို ပြမှာပေါ့။ ဒီရုံကို စပြီးတော့။ အဲဒီအချိန်တုန်းက မြိတ်သူ မြိတ်သားတွေက လွှင်မိုးဆို ပိုက်ဆံပေးကြည့်စရာလားဆိုပြီးတော့ မကြည့်ဘူးဖြစ်လို့ အမေတို့က ဝင်ကတာ။ အဲဒီတော့ ရုံဈေးနှုန်းမဟုတ်တော့ဘူး။ တစ်ယောက်ကို ကြိုက်တဲ့အတန်းကဝင် နှစ်ထောင်။ ရုံပြည့်ရုံလျှံ အားပေးတာပဲ သမီးရေ။ အမေတို့ ကပြီးတာနဲ့ ရုံပိတ်။ နောက်တစ်ခါ နေ့လယ်ပွဲ အမေတို့ကမယ် ရုံကြီးဖွင့် ကကြပြန်တာပဲ။ အဲဒီလို လုပ်ခဲ့တယ်။ အဲဒီက ဒေါ်ရင်ပိုတို့၊ ဦးကျောက်စိမ်းတို့လည်း သူတို့က အမေတို့ကို ဟိုတယ်ကြီးမှာကို ထားတာ။ ကိုဝင်းကြည်က ခေါ်တာ မဟုတ်ပါဘူး။ သူကခေါ်တာ သူ့ရုံနဲ့ တူပါတယ်။

ဒါကြောင့်မို့လို့ သူတို့လင်မယားကိုလည်း အမေက အခုအချိန်အထိ မေတ္တာပို့ခဲ့ရပါတယ်။ အမေတို့အနေနဲ့ သင်္ကြန်ဆိုတာက အမှတ်တရအများကြီးပဲ သမီးရယ်။ ရှေ့တန်း စစ်မျက်နှာသွားတုန်းကလည်း သင်္ကြန်ပြီးခါနီးမှာ ရဲဘော်တွေနဲ့ သွားကတဲ့အခါမှာ သူတို့က တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့သီချင်းကို ဆိုပြီးတော့၊ အဲဒီတုန်းက ရဲဘော်လေးကလည်း ငယ်ငယ်ချောချောလှလှ၊ အမေတို့ကလည်း ငယ်ငယ်ရွရွလှလှပေါ့လေ။ အဲဒီအချိန်တုန်းကတော့ သူက ပိတောက်ပန်းလေးခူးပြီး ပန်ပေးခိုင်းသေးတယ် အမေက။ နောက် လက်ကလေးတွဲပြီး လျှောက်သွားတယ်။ အမယ်လေး သူကလေ ကျွန်တော့်ရည်းစားနဲ့တူတာ။ အမေ့တစ်ကိုယ်လုံးမှာ အဲဒီကရှိတဲ့ ရဲဘော်တွေ ရည်းစားနဲ့ မတူတာကို မရှိဘူး။ ဒီလို အမှတ်တရလေး ရှိခဲ့တယ်။ ဒါပေမဲ့လို့ သူတို့ကလည်း ကြည်နူးပြီးတော့ တမ်းတတာပေါ့။ အမေကလည်း ဒါလေးက ငှါမောင်အရွယ်လေးလည်းဖြစ်တယ်၊ ဒါမှ မဟုတ်ရင်လည်း ငှါချစ်သူအရွယ်လေး၊ တစ်ယောက်နဲ့တစ်ယောက် လက်တွဲပြီး ရင်ထဲက ကြည်နူးပြီးတော့ လျှောက်ခဲ့တာ၊ သွားခဲ့တာ။ သင်္ကြန်ဟာ အမှတ်တရသာ ပြောမယ်ဆိုရင် အမေက အမှတ်တရတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဒီသင်္ကြန်ဝေးဝေးကားလေးကို တီဗွီက ပြမယ်ဆိုတော့ သေချာခံစားပြီး ကြည့်လိုက်ပါ။ ခံစားကြည့်မယ်ဆိုရင်တော့ အပြည့်ပဲ။ မခံစားဘဲနဲ့ကြည့်မယ်ဆိုရင် အဓိပ္ပာယ်မရှိဘူး။ ဒီကားက ခံကိုခံစားကြည့်ရမှာ။ ကျွန်မတို့လည်း မနေ့ညက ပြန်ပြတော့ ဒေါ်နွဲ့နွဲ့စန်းရေ ဦးသိန်းနိုင်က ဒါလေးကို ကြည့်ပါဆိုတော့ ကြည့်တော့ ဦးသိန်းနိုင်တောင် ကျေးဇူးတင်ရသေးတယ်။ ဩော် ဒါလေးက ဒီလိုလေးရိုက်ခဲ့ရှာတာကိုး။ ဒါရိုက်တာရဲ့အစွမ်း အနုပညာရှင်တွေကလည်း သူ့နေရာနဲ့သူ ခွင်ပြည့်အံပြည့် လိုလေသေးမရှိဘူး။ လိုလေသေးကို မရှိဘူး။ ကြည့်ရတာ အရသာရှိတယ်။ ဘာတွေကွာခြားမှန်းကို မသိဘူး သမီးရယ်။ ကွာတော့ ကွာခြားနေတာပဲ။



**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဟုတ်ကဲ့ပါ။ ဇာတ်လမ်းကိုလည်း သတိထားမိပါတယ်။ ဇာတ်အိမ်တည်တာ အချိုးအကွေ့တွေလည်း သတိထားမိပါတယ်။ ဒီထဲမှာပါလာတဲ့ သရုပ်ဆောင်တွေရဲ့ ဇာတ်ကောင်တွေပေါ်မှာ သရုပ်ဆောင်ထားတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေအားလုံးဟာ Right Chemistry လို့ ခေါ်တာပေါ့။ ပေါင်းစပ်မှုတွေက သိပ်ကို အချိုးအဟပ် တည့်သွားတဲ့အခါကျတော့ ကားလေးက ကောင်းပါတယ်။ ကျွန်မတို့ မြန်မာ့ရုပ်ရှင်က ဟိုအရင် "မောင်တို့ချယ်ရီမြေ"တို့ ဘာတို့ဆိုလည်း သင်္ကြန်တွင်းကြီးမှာ ကားကြီးနဲ့ Promotion သွားတဲ့ အလေ့အထ ရှိပါတယ်။ အခုလည်းပဲ အမေတို့တွေ ဒီသင်္ကြန်ဝေးဝေးရုပ်ရှင်ကားအတွက် သွားပြီးတော့ Promotion လုပ်ပေးတယ်ဆိုတာလည်း တွေ့ရတာ နှောင်းလူတွေအတွက်လည်း မှတ်သားစရာဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

နောက် ကျွန်မအခု ကိုဝင်းကြည်ကို မေးကြည့်ချင်ပါတယ်။ ကိုဝင်းကြည်အနေနဲ့ ဒီရုပ်ရှင်ကားထုပ်ကိုရိုက်ဖို့ ဘာဖြစ်လို့ Inspiration ရခဲ့တာလဲ ဆိုတာလေး သိချင်ပါတယ်။

**ဦးဝင်းကြည်။** ။ ကျွန်တော်ကလေ အဲဒီတုန်းက ဗီဒီယိုလည်း တော်တော်များများ ရိုက်ပြီးပြီ။ ရိုက်ပြီးတဲ့အချိန်မှာ ကျွန်တော်လည်း သင်္ကြန်အမှတ်တရကားလေးလည်း ရိုက်ချင်တယ်။ အဲဒီတော့ ရုပ်ရှင်ကားကြီး ရိုက်မယ်ပေါ့။ ကျွန်တော်ဖတ်မိတဲ့ ကျော်အောင်မော် ရုပ်ပြ၊ ဇာတ်လမ်းက မိုးအိမ်သစ်၊ အဲဒီရုပ်ပြလေး ဖတ်မိတယ်။ ဖတ်မိတော့ ကျွန်တော်ကြိုက်တော့ ကိုညီညီအောင်ရေ ကျွန်တော်တို့ ဒါလေးရိုက်ရင် ကောင်းမလား၊ ကျွန်တော်တော့ ဒါလေးကြိုက်တယ်။ သင်္ကြန်အမှတ်တရလေးလည်း ဖြစ်တယ်။ ကိုညီညီအောင်ကလည်း အမြဲတမ်း နှလုံးသားနုနုလေး၊ ရိုက်လိုက်ရင် အချစ်ကားတွေချည်းပဲ။ သူက အတော်ပေါက်တယ်။ အဲဒါနဲ့ ကိုညီညီအောင်နဲ့ ကျွန်တော် ဒီကားလေးကို စပြီးတော့ ရိုက်ဖြစ်ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကောင်းပါတယ်။ ကျွန်မတို့ ဇာတ်ညွှန်းရေးတဲ့သူက ကိုမင်းခိုက်စိုးစန်နော်။ သူ့ရဲ့စကားလုံးတွေကလည်း ထိမိပါတယ်။ နုနုရွရွလေးတွေနဲ့ အချစ်ကို ခုခေတ်စကားနဲ့ပြောရင် သိပ်ရိုတာပဲ။ အဲဒီလိုမျိုးလည်း တွေ့ရပါတယ်။ နောက် သီချင်းတွေလည်း သိပ်ကောင်းတာပဲ။ ကိုဝင်းကြည် ဘာဖြစ်လို့ ဒီသီချင်းတွေ ရွေးဖြစ်လဲ ဆိုတာ ပြောပါဦး။

**ဦးဝင်းကြည်။** ။ သီချင်းက ကိုညီညီအောင် ဒါရိုက်တာ ရွေးတာလေ။ ရွေးတာက ကိုညီညီအောင် ရွေးတာပါ။ အဲဒီမှာ သီချင်းက နှစ်ပုဒ် ထည့်ထားပါတယ်။ တစ်ပုဒ်က ဆောင်းဦးလှိုင် ရေးတယ်၊ ဆိုတာက ဇော်ဝင်းထွဋ် ဒဏ်ရာရထား။ နောက်တစ်ပုဒ်ကတော့ ကျွန်တော်တို့ စပ်တာ။ တစ်သက်တာ အမှတ်တရဆိုတဲ့ သီချင်းလေးပါ။ ရေးတာကတော့ K Fet ရေးတာ၊ ဆိုတာကတော့ ကိုခင်မောင်တိုးပါ။ အဲဒါလေးလည်း အမှတ်တရပါပဲ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ တချို့ ရုပ်ရှင်ကားတွေကနောက်ပိုင်းမှာ ရေးပြီးသား၊ သွင်းပြီးသား၊ လွှင့်ပြီးသား သီချင်းတွေကို အဆင်သင့် Ready Made Package ယူသုံးတာ ရှိပါတယ်။ ဒီကားလေးကတော့ Ending အတွက် သက်သက်ကို ဇာတ်သိမ်းသီချင်းလေး ရေးခဲ့တာနဲ့ တူပါတယ်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ကျွန်မအနေနဲ့ ဇာတ်လမ်းရဲ့ အသွားလေးကိုပြောကြည့်ချင်ပါတယ်။ ပထမဦးဆုံးတော့ သိပ်ကိုပဲ ချစ်ကြ၊ ခင်ကြတဲ့ သူငယ်ချင်းလေးနှစ်ယောက်ရှိတယ်။ အဲဒီနှစ်ယောက်ရဲ့ သကြိန် Scene လေးကလည်း သိပ်ကြည့်လို့ကောင်းတာပဲနော်။ သူတို့တွေ တစ်ယောက်ကိုတစ်ယောက် မုန့်လုံးရေပေါ်လုံးတဲ့နေရာမှာ ငရုတ်သီးလေးထည့်ပြီးတော့ ကျွေးတာမျိုးကလေ၊ ဒါက တစ်ကမ္ဘာလုံးမှာ ကျွန်မတို့ဆီမှာပဲရှိတဲ့ Culture ဖြစ်ပါတယ်။ ဒါလေးကိုလည်း အမှတ်တရတွေ့ရတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီဇာတ်လမ်းရဲ့ အချိုးအကွေ့ပါ။ သူ့ရဲ့ ဇာတ်ကွက်ထဲမှာ ဝှက်ထားတဲ့အကွက်တစ်ကွက်ရှိတာ၊ အဲဒီမိန်းကလေးမှာ နှလုံးရောဂါရှိတယ်ဆိုတာ။ အဲဒီဟာကို ဘယ်အချိန်မှာ ဖြေလိုက်မယ်ဆိုပြီးတော့ သတ်မှတ်မိတာလဲ။

**အကယ်ဒမီ ညွန့်မြန်မာညီညီအောင်။** ။ ကျွန်တော်တို့ကတော့ သူ့မူရင်းဇာတ် Frame လေးကလည်း ကောင်းတယ်။ ကောင်းတဲ့ အပေါ်မှာ ကိုမင်းခိုက်နဲ့ တိုင်ပင်တယ်၊ နောက် ကိုဝင်းကြည်နဲ့တိုင်ပင်တယ်။ တိုင်ပင်ပြီးတော့မှ ဇာတ်အတိုင်းကို ကျွန်တော်တို့ သွားလိုက်တာပါ။ အခုနပြောသလို သူ့မှာ မွေးရာပါ နှလုံးရောဂါရှိတယ်။ လွင်မိုးက အဲဒါကြောင့် ဖွင့်မပြောဘူး။ ဒါပေမဲ့ ကိုခန့်က ဖွင့်ပြောလိုက်တော့ အဲဒီမှာ သုံးပွင့်ဆိုင်ဇာတ်လမ်းလေး သွားလိုက်တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ မိန်းကလေးရဲ့ Character သကြိန်ဖြူပေါ့။ သူ့ရဲ့ Character က သိပ်ကို ခေတ်မီပါတယ်။ လူတစ်ယောက်ကို ငါတောင်ငူသွားချင်လို့ လိုက်ပို့ပေးပါဆိုတာ အဲဒီခေတ်ကာလတုန်းကဆိုရင် သိပ်ကိုစောတဲ့ Behaviour ဖြစ်ပါတယ်။ ဒီလိုမျိုး ခေတ်မီမီ ခေတ်ဆန်ဆန် ဖွဲ့စည်းထားခဲ့တဲ့ မိန်းကလေးဟာ တကယ်နောက်ဆုံးလည်းကျတော့ သူချစ်ရတဲ့သူကို ရွေးရဖို့ ခက်သွားတာပေါ့နော်။ အဲဒီအခန်းနဲ့ပတ်သက်လို့ ပြောပြပါဦး။

**အကယ်ဒမီ ခန့်စည်သူ။** ။ဇာတ်ကားပုံစံကတော့ ဒါရိုက်တာတင်ပြ ထားတာ ဆရာကြီးဦးအောင်သင်းပြောသလို။ ရယ်စရာမောစရာလေးပေါ့။ ရှေ့မှာတော့ ရယ်စရာ။ နောက်မှာ မောစရာလေး ကပ်ပါလာတာ။ အဲဒီသဘောလေးပါ။ ကျွန်တော် ဒီနေ့ ဒီအချိန်အထိ ဒီဇာတ်ကားထဲက စွဲလမ်းတဲ့ Dialouge တစ်ခု ရှိပါတယ်။ ဘာလဲဆိုတော့ 'မျှော်လင့်ချက်ဆိုတာ အမြင့်ဆုံးမှာ ချိတ်ဆွဲထားရတာ။ ဒါပေမဲ့ မိုးကြိုးကလည်း အဲဒီအမြင့်ဆုံးကိုမှ ရွေးပစ်တာ။ ငါယုံသွားပြီ'တဲ့။ အဲဒီ Dialouge လေးကိုတော့ ကျွန်တော် ဒီနေ့ ဒီအချိန်အထိ မှတ်မိနေတုန်းပါပဲ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဟုတ်တယ်၊မှန်တယ်နော်။ ဒီ Concept က ကောင်းတဲ့သူတွေဆိုတော့ မြင့်မြင့်ကိုပဲ မျှော်လင့်ရတာပေါ့။ အဲဒီအထဲမှာ ကျွန်မ သတိထားမိတာကမင်းသားနှစ်ယောက်ပါ။ ကျွန်မတို့ တရုတ်ကားထဲမှာဆိုရင် အမြဲပြောတယ်လေ။ Protecganic and Enderganic ဆိုတာ လူကြမ်းနဲ့ ခေါင်းဆောင်မင်းသားနဲ့ နှစ်ယောက်ဟာ တံတားထိပ်မှာ အတူတူတွေ့တယ်။ အဲဒီလိုဟာမျိုးကနှစ်ကွက်တောင်ပါတယ်နော်။ ကိုလွင်မိုးနဲ့ နှစ်ယောက် စကားပြောကြတာ။ အဲဒါတွေကို အမှတ်တရလေး ပြောပြပါဦး။ ဘယ်လိုတွေ ရိုက်ခဲ့လဲဆိုတာ။



"သကြိန်ဝေးဝေး"ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

**အကယ်ဒမီ ခန့်စည်သူ။** ။ အဓိကကတော့ အဲဒီတုန်းက ကျွန်တော် အနုပညာသက်ကတော့ ဒီလောက်ကြီး မရင့်သေးဘူး။ အဓိကကတော့ ဒါရိုက်တာပါ။ ကိုညီညီအောင်ကလည်း သူမကြိုက်မချင်း သေသေချာချာ ပြန်ရိုက်ပေးတယ်။ နောက် ကိုလွင်မိုးတို့ကလည်း တွဲခေါ်ပါတယ်။ နောက် အမှတ်တရက ကိုကင်းကောင်နဲ့လည်း တော်တော်ကို လက်တွဲပြီးတော့ သရုပ်ဆောင်ခဲ့ရတာပါ။ နောက် အူဝဲဆိုတာကလည်း သရုပ်ဆောင်ပိုင်းမှာ ပြောစရာမလိုဘူး။ ဒီကြားထဲမှာ ကိုယ်ညပ်မသွားအောင် အတော်ဂရုစိုက်ရတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ တွေ့တယ်။ ကြိုးစားပြီးတော့လုပ်တာ။ ကျွန်မတို့ ရုပ်ရှင်ကျောင်းမှာ သင်တဲ့အခါကျရင် မင်းသား မင်းသမီး Acting Class တွေမှာဆိုရင် Corner of the Eye လို့ ခေါ်တယ်။ မျက်လုံးရဲ့ ထောင့်မှာပါ၊ သူက Expression ပါရတယ်။ အဲဒါမျိုးတွေ အကုန်လုံးကို ကိုခန့်က ဒီကားထဲမှာ တွေ့ရပါတယ်။ ဒီအတွက်လည်း ကျွန်မ ချီးကျူးပါတယ်။

နောက် အမေ့ကိုလည်း မေးချင်ပါတယ်။ အမေကတော့ အမြဲတမ်း ပေါက်ကွဲတာတို့၊ ဆူတာတို့ အခန်းတွေကတော့ ရိုက်နေကျပါ။ အဲဒီအချိန်မှာ တင်းတင်းမာမာနဲ့ ပြောရတာပေါ့။ သားလုပ်တဲ့သူကို နှလုံးရောဂါရှိတဲ့ အမျိုးသမီးလေးနဲ့ မပေးစားနိုင်ဘူးဆိုတဲ့ အကြောင်းကို ပြောတာပေါ့။ အဲဒီအခန်းကို ရိုက်တဲ့အချိန်တုန်းကရော ဘယ်လို အခက်အခဲတွေများ ရှိခဲ့ပါသလဲ။

**အကယ်ဒမီ စည်သူနွဲ့နွဲ့စန်း။** ။အမေက ဒီလိုအခန်းတွေ ပါရတာ ခေါက်ရိုးကြိုးကျိုးနေသလိုပဲ။ သိပ်တော့ ခက်ခဲမှု မရှိပါဘူး။ ဒါပေမဲ့ မင်းသားကိုလွင်မိုးတို့ကိုတော့ သတိထားကြည့်မိတယ်။ ကြည့်မိတော့ ဟိုတုန်းကဆိုရင် အမေက မောင်မောင်တာကို တော်တော် Crazy ဖြစ်တာ။ ချောတယ်၊ ယောကျ်ားပီသတယ်။ အဲဒီခေတ်တုန်းကလည်း ကိုလွင်မိုးကို အမေက တော်တော်ကို ချစ်တာ။ ချစ်တော့ သူလုပ်တဲ့ Acting လေးတွေက အမေ့စိတ်ထဲမှာ ဘာမှကို အပြစ်ပြောစရာ မရှိဘူး။ လှည့်ကြည့်လည်း ကိုယ်ကကြိုက်နေတော့ လှနေတာပဲ။ ငုံ့နေလည်း လှနေတာပဲ။ အဲဒါမို့လို့ သူတို့နှစ်ယောက် သရုပ်ဆောင်တဲ့အခါမှာ ကိုခန့်ကလည်း ပေါ့ပေါ့ပါးပါး သူမသိဘဲနဲ့။ သိမှ မသိတာ ဒီမိန်းကလေး အကြောင်းကို။ မသိတော့ သူကလည်း သူလိုချင်တာပဲ သိတယ်။ ဟိုကလည်း သိနေတဲ့အကောင်ဆိုတော့ စိုးရိမ်တွေ လွန်ကဲနေတာပေါ့။ လွန်ကဲနေတဲ့နေရာမှာ သူပြလိုက်တဲ့အပြက သူက နည်းနည်းလွန်ကဲနေတာ။ အဲဒီအထဲမှာ။ လွန်ကဲနေတော့ တချို့ပရိသတ် နားမလည်နိုင်ဘူး။ ဒီရင်ထဲက ခံစားတာကို။ ဒါကြောင့်မို့လို့ ဒီကားကိုကြည့်ရင် ခံစားပြီးမှ ကြည့်ပါလို့။ မခံစားဘဲနဲ့ဆို ဘာမှနားမလည်ဘူး။ သဘောက အမေတို့ ငယ်ငယ်က အမေက ပြောဖူးတယ်။ "ဟဲ့ လူဆိုတာ ဆန်းပြားတဲ့စိတ်နဲ့ ဒီလိုထိရင် အဲဒီနေရာတင် ပူနေတာ ဒိတ် ဒိတ်နဲ့။ ဒီနားတင် ခုန်နေတာတဲ့။ မဆန်းပြားဘဲနဲ့ ထိရင် အဲဒီနေရာက ဒေါသတွေ ဖြစ်နေတာတဲ့"။ ဒီလိုပဲ သူက မြတ်နိုးတဲ့သဒ္ဓါပေါ့။ မြတ်နိုးစရာလေးပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကျွန်မတို့ကလည်းပဲ အမေတို့လိုမျိုး အရှေ့က အနုပညာရှင်ကြီးတွေ၊ စီနီယာကြီးတွေရဲ့ မေတ္တာနဲ့ လုပ်ကြ၊ ကိုင်ကြ၊ ရှင်သန်ကြရတာ ဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ ကျွန်မတို့ ကျေးဇူးအများကြီး တင်ပါတယ်။ နောက် ကိုဝင်းကြည်ကို ကျွန်မတစ်ခု မေးချင်ပါတယ်။ Ending Scene ကို ရိုက်တဲ့အခါကျတော့ ဟိုဘက်ဒီဘက် ပြတာပေါ့နော်။ နောက် အသုဘအခမ်းအနားလည်း တကယ်ရိုက်ထားတာ တွေ့တယ်။ အဲဒါအတွက် ဘယ်လိုစီစဉ်ခဲ့လဲဆိုတာလေးလည်း ပြောပြပါဦး။

**ဦးဝင်းကြည်။** ။အဲဒါကတော့ ရှုတင်မန်နေဂျာက စီစဉ်တာ။ ဒီအတိုင်းပဲ ရေတက်ရေကျလေး အိုးလေး မျှောတဲ့အချိန်မှာ ရေကတက်လာပြီ တော်တော်ကို ပြေးယူရတယ်။

**အကယ်ဒမီ ညွန့်မြန်မာညီညီအောင်။** ။ကျွန်တော်တို့က အန္တရာယ်ကိုမသိလိုက်ဘူး။ ကျွန်တော်တို့ သန်လျင်တံတားသွားတဲ့ဘေးမှာ ရေကျရင် ကျွန်းလေးပေါ်တယ်။ သောင်ပြင်လေးပေါ်တယ်။ သောင်ပြင်လေးမှာ အရိုးအိုးလေးယူပြီး မျှောတာ ရိုက်တယ်။ ကျွန်တော်တို့ကို အဲဒီ ကျွန်းပေါ်လိုက်ပို့တဲ့ လှေသမားက ဆရာတို့ လှေပေါ်တက်တော့၊ ဒီက ရေတက်တာမြန်တယ်တဲ့။ ကျွန်တော်တို့ကလည်း အဲဒီလောက် မြန်မယ်မထင်ဘူး။ ကျွန်တော်တို့က ရိုက်နေတာပဲ။ လွင်မိုးဆို ဒူးကျော်ကျော်လောက်အထိ ရေတက်တယ်။ နောက်ကျတော့ ဆရာတို့ အန္တရာယ်ရှိတယ် အန္တရာယ်ရှိတယ် ပြောတော့ ကျွန်တော်တို့ လှေပေါ်ရောက်လည်း ရောက်ရော ရေက ရင်စို့လောက်ဖြစ်လာတယ်။ ကျွန်တော်တို့ ထွက်တာမြန်လို့။ နို့မို့ရင် အန္တရာယ်ရှိနိုင်တယ်။ အဲဒါ အမှတ်တရလေးပေါ့။

ခုနစကားဆက်ပြောရရင် အန်တီစန်းပြောတဲ့စကားလိုပေါ့။ ဒီကားထဲမှာ ပြောချင်တာက လွင်မိုးက ဘာကြောင့် လဲဆိုတော့ ဒီကလေးမလေးက ရောဂါရှိတော့ အိမ်ထောင်ပြုလို့ မရဘူး။ ကိုခန့်ကကျတော့ မသိလို့ သုံးပွင့်ဆိုင်ဖြစ်သွားတဲ့ ဟာလေးပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဝှက်ထားတဲ့ဝှက်ဖဲက အဲဒါပဲပေါ့နော်။ ခုနက ပြောပြခဲ့တဲ့ အိုးလေးမျှောတဲ့အခန်းဆိုတာလည်း ဒါ ကျွန်မတို့ သိပ်မသိလိုက်ရဘူး။ ကျွန်မတို့ ရုပ်ရှင်ရိုက်တဲ့သူတွေဆိုတာ တစ်ခါတလေကျရင် အန္တရာယ်ကြားကနေပြီးတော့မှ ကိုယ့်ရဲ့တီထွင်မှုကို မဖြစ်ဖြစ်အောင် လုပ်ကြရတယ်။ ဖွဲလည်းပဲ အတော်ကောင်းမှ ဖြစ်ပါတယ်။ နောက် ကိုဝင်းကြည်ပြောသလိုပဲ ဒါဟာ ရှုတင်မန်နေဂျာ စီစဉ်တာပါဆိုတာကိုတော့ ကျွန်မကလည်း ရှင်းပြချင်ပါတယ်။ နိုင်ငံတကာမှာဆိုလို့ရှိရင် Producer ဆိုတဲ့ ထုတ်လုပ်တဲ့သူက အကုန်လုံးကို ဇာတ်ညွှန်းကို စပြီးတော့ Lock လုပ်ပြီးသွားပြီဟေ့ဆိုကတည်းက ဒါ Production Design ကြီးကို စီစဉ်ရတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့ များသောအားဖြင့် ရှုတင်မန်နေဂျာက ဒီ Role မှာ လာပြီးတော့ ယူရတာပေါ့နော်။ အဲဒီလို ယူတဲ့အခါမှာ Production Design က Professional မဖြစ်တဲ့အခါမှာတော့ ဟသွားတာတွေ အများကြီးရှိတယ်။

အဲဒီတော့ ဒီသကြိန်ဝေးဝေးဆိုတဲ့ ရုပ်ရှင်ကားနဲ့ ပတ်သက်လို့ လာရောက်ပြီးတော့ ပြောပြပေးတဲ့ ဒီက ပညာရှင်တွေအားလုံးကို ကျေးဇူးဥပကာရ အထူးပဲ တင်ရှိပါတယ်ရှင်။ ကျွန်မတို့ ရုပ်ရှင်တွေရဲ့နောက်ကွယ်က အကြောင်းတွေကိုလည်း သိရတယ်။ ရုပ်ရှင်ထဲမှာပါတဲ့ ကင်မရာရှေ့က လူတွေရဲ့အကြောင်းတွေကိုလည်း သိရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကားလေးကို ကြည့်ရှုခြင်းအားဖြင့် ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မြိုင်ဇေယျာကျေးရွာ၌ သစ္စာပန်းနှင့် ငရုတ်ပင်များ အောင်မြင်ဖြစ်ထွန်း

**ဝန်းသို ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာဖြစ်သည့် မြိုင်ဇေယျာကျေးရွာ၌ ဒေါင်းမြူးချောင်းရေကို ရေတင်စနစ်ဖြင့် နွေရာသီစိုက်ပျိုးသီးနှံအဖြစ် သစ္စာပန်းနှင့် ငရုတ်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း မြိုင်ဇေယျာကျေးရွာ ငရုတ်စိုက်တောင်သူ ဦးငွေမောင်က ပြောသည်။

သစ္စာပန်းက ဥကို စိုက်ရတာဖြစ်ပါကြောင်း၊ သစ္စာပန်းဥ တစ်တင်းကို ၈၀၀၀၀ မှ ၁၀၀၀၀၀ ထိ ပေးဝယ်ရပါကြောင်း၊ သစ္စာပန်း စိုက်ပျိုးမည်ဆိုလျှင် တစ်ဧကကို ပန်းဥအသေး ခြောက်တင်း စိုက်ရပါကြောင်း၊ လုပ်အားခအပါအဝင် တစ်ဧကကို ၁၀ သိန်းထိ ရင်းနှီးမြှုပ်နှံရပါကြောင်း၊ ယခုနှစ်တွင် သစ္စာပန်းတစ်စည်းလျှင် ကျပ် ၁၀၀ ဖြင့် ရောင်းရသည့်အတွက် ယခင်နှစ်ကလောက် မကျန်ပါကြောင်း၊ သစ္စာပန်းရာသီပြီးလျှင် သိန်း ၂၀ မှ သိန်း ၃၀ ကြား ကျန်ရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခင်နှစ်က ပန်းတစ်စည်းလျှင် ဖောက်သည်ဈေး ၂၅၀ ထိ ရောင်းရသည့်အတွက် သိန်း ၅၀ မှ ၆၀ ကြားကျန်ရှိပါကြောင်း" သစ္စာပန်းစိုက်တောင်သူ ဒေါ်ကြူကြူဝင်းက ပြောသည်။

"ငရုတ်ပင်တစ်ဧကစိုက်လျှင် လုပ်အားခအပါအဝင် ကျပ်လေးသိန်းနီးပါး ကုန်ကျပါကြောင်း၊ ယခင်နှစ်က ငရုတ်သီးတစ်ပြည်လျှင် ကျပ် ၃၅၀၀ ထိ ရောင်းရသည့်အတွက် ငရုတ်စိုက်ရာသီ တစ်နှစ်လျှင် သိန်း ၅၀ နီးပါး ကျန်ရှိပါကြောင်း၊ ယခုနှစ်က ငရုတ်သီးဈေးမှာ တစ်ပြည်လျှင် ၇၀၀ နှင့် ၈၀၀ ကြားသာ ရောင်းရသည့်အတွက် ယခင်နှစ်လောက်မကျန်သော်လည်း ငရုတ်စိုက် ရာသီပြီးလျှင် ၁၇ သိန်းနှင့် သိန်း ၂၀ ကြား ကျန်ရှိမည်ဟု ခန့်မှန်းထားရှိပါကြောင်း" ငရုတ်စိုက်တောင်သူ ဦးငွေမောင်က ပြောသည်။

ဝန်းသိုမြို့နယ် မြိုင်ဇေယျာကျေးရွာရှိ တောင်သူများသည် ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေကိုရယူပြီး ဆောင်ရွက်နေကြကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။ **သတင်း-မွေးကြူဇင်၊ ဓာတ်ပုံ- ဘီဘို**



# ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု(ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်သည့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား ( အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

## "ဖြတ်သန်းခြင်း"

❖ နှစ်ဟောင်းနဲ့ လမ်းခွဲ
ဝမ်းနည်းပူဆွေးနေစရာ မဟုတ် . .။
❖ နှစ်သစ်ဆီ ကူး
ကြည်နူးမိန်းမူးနေရုံနဲ့ မပြီး . .။
❖ **ဖြစ် တည် ပျက်**
စက်ဝိုင်းလို ဘဝသံသရာမှာ
လူဟာ လူချင်း
**စာနာခြင်းနဲ့**
လူဟာ လူချင်း
**ညှာတာခြင်းနဲ့**
လူသားအချင်းချင်း
**ကူညီခြင်းနဲ့**
**ချစ်ခြင်းတရား မေတ္တာပွားလို့**
**အရှိတရားကို အသိတရားနဲ့**
**သတိထားလို့** ကျော်ဖြတ်
(လူပီသတဲ့ စိတ်ဓာတ်နဲ့)
အနေတတ်ဖို့ အဓိက ။ ။

မျိုးမြတ်မြတ်မြင့်မောင်



## ငဖဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အစီအမံများဖြင့် ယာယီပျံကျဈေးဖွင့်လှစ်

ငဖဲ မေ ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့စည်ပင်သာယာရေးကော်မတီမှ ဖွင့်လှစ်ထားသော ငဖဲမြို့မဈေးအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မေ ၁၄ ရက်မှ ယာယီပိတ်သိမ်းကြောင်း ကြေညာထားခြင်းကြောင့် ငဖဲမြို့အတွင်းရှိ ပြည်သူများ စားသောက်ကုန်ဝယ်ယူရာတွင် လတ်တလော အဆင်ပြေစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီမှ ယာယီပျံကျဈေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါယာယီဈေးအဝင်ပေါက်တွင် လက်ဆေးစင်ထားရှိပြီး လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ပြီးမှ ဈေးရောင်း၊ ဈေးဝယ်ခွင့်ပြုခြင်း၊ ဈေးရောင်း၊ ဈေးဝယ်သူများအနေဖြင့် ခြောက်ပေခြား သတ်မှတ်အကွာအဝေးမှ ဝယ်ယူရောင်းချရေး၊ ဈေးရောင်းချသူများ စည်းကမ်းရှိရေးနှင့် ဈေးဝယ်သူများအားလုံး နှာခေါင်းစည်းတပ်ပြီး ဝယ်ယူရောင်းချရန်၊ နေ့စဉ်နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ပြီး နံနက် ၈ နာရီတွင် ပိတ်သိမ်းရန် စည်းကမ်းသတ်မှတ်ပြီး စည်ပင်သာယာရေးကော်မတီက စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် စည်းကမ်းတကျစွန့်ပစ်ရေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားရန် မြို့ပေါ်ရပ်ကွက်များတွင် အသိပေးနှိုးဆော်ထားပြီး ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

## မေခမြစ်နှင့် မြန်မာ-တရုတ်နယ်စပ်ဒေသရှိ တောင်ပေါ်သစ်တောများ၌ နို့တိုက်သတ္တဝါ ၅၂ မျိုးနှင့် ငှက်မျိုးစိတ် ၄၀၀ ကျော်တွေ့ရှိ



မေခမြစ်နှင့် မြန်မာ-တရုတ်နယ်စပ်ဒေသ တောင်ပေါ်သစ်တောအတွင်း ကျက်စားနေသည့် သားမင်း(Takin) တစ်ကောင်ကို တွေ့ရစဉ်။

မြစ်ကြီးနား မေ ၁၇

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့(မြန်မာ)-FFI နှင့် နိုင်ငံခြားသားပညာရှင်များ ပူးပေါင်းဆောင်ရွက်ချက်အရ ကချင်ပြည်နယ် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်နှစ်ခုအတွင်း ကျရောက်သည့် မေခမြစ်နှင့် မြန်မာ-တရုတ် နယ်စပ်ဒေသရှိ မြန်မာနှာခေါင်းလန်မျောက်မျိုးစိတ် ရှင်သန်ကျက်စားရာ တောင်ပေါ်သစ်တောများ၌ ၂၀၁၀ ပြည့်နှစ်မှ လက်ရှိကာလအထိ နို့တိုက်သတ္တဝါ ၅၂ မျိုးနှင့် ငှက်မျိုးစိတ် ၄၀၀ ကျော်တို့ကို တွေ့ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့(မြန်မာ)-FFI မှ သိရသည်။

အဆိုပါသစ်တောများ၌ ရှားပါး မြန်မာ့နှာခေါင်းလန်မျောက်၊ ရှော့ရစ်မျောက်၊ ပန်ဒါနီ၊ သားမင်း၊ ဝက်ဝံကြီး၊ ကတိုးချေ၊ မလေးဝက်ဝံ၊ အင်းကျား၊ တောခွေးတို့အပါအဝင် နို့တိုက်သတ္တဝါ ၅၂ မျိုးကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့အနက် ၁၆ မျိုးမှာ ကမ္ဘာပေါ်ရှိ သတ္တဝါမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုအဆင့်ကို သတ်မှတ်ပေးသည့် IUCN အဖွဲ့၏ အနီရောင်အဆင့် သတ်မှတ်ချက်ရှိသော တိရစ္ဆာန်မျိုးစိတ်စာရင်းတွင်ပါဝင်သည့်အပြင် ငှက်မျိုးစိတ် ၄၀၀ ကျော် တွေ့ရှိမှုတွင် ၁၄ မျိုးမှာလည်း IUCN အဖွဲ့၏ အနီရောင်အဆင့် သတ်မှတ်ချက်ရှိသော တိရစ္ဆာန်မျိုးစိတ်စာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

"အဓိကကတော့ ၂၀၁၀ ပြည့်နှစ်က စပြီး ကျွန်တော်တို့အဖွဲ့နဲ့ နိုင်ငံခြားသားပညာရှင်တွေပါဝင်တဲ့ သုတေသနအဖွဲ့က အဲဒီဒေသမှာ နှာခေါင်းလန်မျောက်တွေ ကျက်စားတယ်ဆိုတာ ကြားသိရလို့ ရှာဖွေတွေ့ရှိနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဒေသအနှံ့သွားရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီတောထဲက ကျေးရွာ ၃၀ လောက်ကို သွားရောက်ပြီး ဒေသခံအများအပြားကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ဒါ့အပြင် နှစ်စဉ် ပွင့်လင်းရာသီမှာ ကင်မရာထောင်ချောက် အလုံး ၄၀ လောက်နဲ့ ဒီတောထဲမှာ ကျက်စားကြတဲ့ တိရစ္ဆာန်မျိုးစိတ်တွေကို သုတေသနပြုလုပ်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်ထဲမှာပဲ နှာခေါင်းလန်မျောက်မျိုးစိတ်ကို စတင်တွေ့ရှိခဲ့တာဖြစ်ပြီး တခြား နို့တိုက်သတ္တဝါတွေနဲ့ ငှက်မျိုးစိတ်တွေ ကျက်စားကြတာကိုလည်း စာရင်းကောက်ယူနိုင်ခဲ့ပါတယ်" ဟု အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့(မြန်မာ)-FFI မှ ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း စီမံကိန်းမန်နေဂျာ ဦးငွေလွင်က ရှင်းပြသည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် နှစ်ခုအတွင်း ကျရောက်သည့် မေခမြစ်နှင့် မြန်မာ-တရုတ်နယ်စပ်ဒေသသည် သဘာဝသယံဇာတများဖြစ်သည့် တောင်တန်းဂေဟာစနစ်၊ သစ်တောဂေဟာစနစ်၊ သဘာဝတောတောင်များ၊ သဘာဝအလှရတနာများဖြင့် ဖြစ်တည်နေသောနေရာတစ်ခုဖြစ်ပြီး လော်ဝေါ်၊ လချိတ်၊ လီဆူ၊ ရဝမ် အစရှိသည့် တိုင်းရင်းသားလူမျိုးစုများ စုစည်းနေထိုင်သည့် အေးချမ်းသောဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်း-ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံ-FFI

# နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် လမ်းညွှန်ချက်များ သမ္မတထရမ့် ချမှတ်

**ဝါရှင်တန် ဧပြီ ၁၇**

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပိတ်ပင်ထားသော စီးပွားရေးလုပ်ငန်းများကို ပြန်လည်လည်ပတ်နိုင်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်နယ်အုပ်ချုပ်ရေးမှူးများကို လမ်းညွှန်ချက်များ ယနေ့ချမှတ်ပေးခဲ့သည်။

အဆိုပါ လမ်းညွှန်ချက်များကို အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်ထားပြီး နိုင်ငံအတွင်းရှိ ရောဂါကူးစက်မှုနှုန်း လျော့ကျလာသောပြည်နယ်များတွင် စာသင်ကျောင်းများ၊ စားသောက်ဆိုင်များအပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် လမ်းညွှန်ထားသည်။

လမ်းညွှန်ချက် အဆင့်(၁)တွင် စာသင်ကျောင်းများကို ဆက်လက်ပိတ်ထားမည်ဖြစ်သည်။ သို့သော် အလုပ်ရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများကို စတင်လည်ပတ်ရန် ပြင်ဆင်ထားနိုင်သည်။

လမ်းညွှန်ချက်အဆင့်(၂)တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်သည့်အပြင် ခရီးသွားလာမှုပိတ်ပင်ခြင်းများကို ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်သည်။

လမ်းညွှန်ချက်အဆင့်(၃)တွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပိတ်ပင် ထားသော စီးပွားရေးလုပ်ငန်းများအားလုံး ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်သည်။ သို့သော် လုပ်သားများအား တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သည့်စနစ်ဖြင့် လုပ်ငန်းများလုပ်ခွင့်ပြုမည်ဖြစ်သည်။




ပြည်နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း ၎င်းတို့ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရန်နှင့် လမ်းညွှန်ချက် အဆင့်တစ်ဆင့်မှတစ်ဆင့်သို့ တက်လှမ်းနိုင်စေရေး အထူးကြပ်မတ်ပေးရန် လိုအပ်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အမေရိကန်နိုင်ငံတစ်ဝန်းတွင် ခရီးသွားလာမှုများ ကန့်သတ်ထားလျက်ရှိသည့်အတွက် စီးပွားရေးလုပ်ငန်းယန္တရားများ ရပ်ဆိုင်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရပ်တန့်သွားပြီး အလုပ်လက်မဲ့ဦးရေ ပိုမိုမြင့်တက်လာခဲ့သည်။

အမေရိကန်နိုင်ငံအတွင်း ပိတ်ပင်ထားသော စည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးရန် ဆန္ဒရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းခရီးသွားလာမှုများ ပိတ်ပင်ထားခြင်းသည် ရောဂါကာကွယ်ရေးအတွက် ရေရှည်ကောင်းမွန်သော ဖြေရှင်းနည်းတစ်ခုမဟုတ်ကြောင်း သမ္မတထရမ့်က မီဒီယာသို့ ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အပြည့်အဝပေးရန်အတွက် အမေရိကန်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရန် အရေးကြီးကြောင်း သမ္မတထရမ့်က ဆိုသည်။

နိုင်ငံတစ်ဝန်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်မည်ဆိုပါက ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာမည်ကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများက စိုးရိမ်ပူပန်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း ကမ္ဘောဒီးယားဆီးနိတ်လွှတ်တော်က အရေးပေါ်အခြေအနေဥပဒေကြမ်းကို အတည်ပြု

**ဖနောင်ပင် ဧပြီ ၁၇**

ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့နေစဉ်အတွင်း အရေးပေါ်အခြေအနေဆိုင်ရာ ဥပဒေကြမ်းကို ကမ္ဘောဒီးယား ဆီးနိတ်လွှတ်တော်က သောကြာနေ့တွင် အတည်ပြုခဲ့ကြောင်း ဆီးနိတ်လွှတ်တော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အစည်းအဝေး တက်ရောက်ခဲ့သည့် ဆီးနိတ်လွှတ်တော်အမတ် ၅၄ ဦးက အဆိုပါ ဥပဒေကြမ်းကို တညီတညွတ်တည်း အတည်ပြုခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အမျိုးသားလွှတ်တော်က ယင်းဥပဒေကြမ်းကို တညီတညွတ်တည်း အတည်ပြုပြီး ရက်သတ္တတစ်ပတ်အကြာတွင် ဆီးနိတ်လွှတ်တော်က ယင်းဥပဒေကြမ်းကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေကြမ်းကို အပြီးသတ် အတည်ပြုရန်အတွက် ကမ္ဘောဒီးယားဘုရင်ထံသို့ တင်သွင်းမည်ဖြစ်သည်။

ယင်းဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ကို အခြေခံ၍ ရေးဆွဲခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း စစ်ပွဲ၊ တိုင်းတစ်ပါး၏ ကျူးကျော်မှုနှင့် ကူးစက်ရောဂါများကြောင့် ဖြစ်ပေါ်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အလေးထားစရာကိစ္စများကို ရင်ဆိုင်ရချိန်တွင် အရေးပေါ်အခြေအနေကို ကြေညာရမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ပြောကြားသည်။



အမျိုးသား လုံခြုံရေး၊ ပြည်သူလူထု အေးချမ်းသာယာရေး၊ ပြည်သူများ၏ ဘဝ၊ ကျန်းမာရေး၊ ပစ္စည်းဥစ္စာနှင့် ပတ်ဝန်းကျင်တို့ကို ကာကွယ်ရန်အတွက် ယင်းဥပဒေကြမ်းကို ရေးဆွဲအတည်ပြုရခြင်းဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။

ယင်းဥပဒေကြမ်းတွင် လွတ်လပ်စွာ စုဝေးခြင်း၊ လွတ်လပ်စွာ သွားလာခြင်းတို့နှင့်ပတ်သက်သည့် ကန့်သတ်ချက်များ သို့မဟုတ် တားမြစ်ချက်များ အပါအဝင် စီမံချက်အများအပြား ပါဝင်သည်။ ယင်းဥပဒေကြမ်းက အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အစိုးရပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် နေရာများတွင် အသွားအလာ ကန့်သတ်တားမြစ်မှုများ ဆောင်ရွက်နိုင်ရန် အစိုးရကို ခွင့်ပြုပေးသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် တစ်ရှိန်ထိုးမြင့်တက်လာသည့်အတွက် ယင်းဥပဒေကြမ်းကို ရေးဆွဲအတည်ပြုခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံတွင် သောကြာနေ့အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၂ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၉၈ ဦးရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ဇော်လင်း**

# ဘရာဇီးသမ္မတက ကိုဗစ်-၁၉ ရောဂါကိုင်တွယ်မှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးကို ရာထူးမှထုတ်ပယ်

**ရီယိုဒီဂျနေးရိုး ဧပြီ ၁၇**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဘရာဇီးကျန်းမာရေးဝန်ကြီး လူးဝစ်ဇ်ဟင်းနရစ်မန် ဒက်တာကို လက်ယာယိမ်းသမ္မတ ဂျာဘိုလ်ဆိုနာရိုက ရာထူးမှထုတ်ပယ်ခဲ့သည်။ သမ္မတ ဘိုလ်ဆိုနာရိုက မိမိအား အကြောင်းကြားစာပေးအပ်ခဲ့သည်ဟု လူးဝစ်ဇ်က ပြောသည်။

ခပ်ခွာခွာနေခြင်းနှင့် အိမ်တွင်းအောင်းခြင်းပြုလုပ်ရန် ပြည်သူများသို့ တိုက်တွန်းမှုကြောင့် သမ္မတဘိုလ်ဆိုနာရိုက လူးဝစ်ဇ်ကို လူသိရှင်ကြား ဝေဖန်ခဲ့သည်။ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုက ထိုအစီအမံများကို သဘောမတူခဲ့ဘဲ ကိုရိုနာဗိုင်းရပ်စ်ကို သာမန်ဖျားနာမှုတစ်ခုအဖြစ် ဘေးချိတ်ရန်ကြိုးပမ်းခဲ့သည်။ "ကျန်းမာရေးဝန်ကြီးဌာနမှာ ကျွန်တော်နဲ့အတူ လက်တွဲခဲ့တဲ့တစ်ဖွဲ့လုံးကို ကျွန်တော်ကျေးဇူးတင်သလို ကျန်းမာရေးဝန်ကြီးအဖြစ် ကျွန်တော့်နေရာဆက်ခံသူ အောင်မြင်ပါစေလို့ ဆန္ဒပြုပါတယ်"ဟု လူးဝစ်ဇ်က တွစ်တာ၌ ရေးသားခဲ့သည်။ ဘရာဇီးသမ္မတနှင့် ကျန်းမာရေးဝန်ကြီးတို့မှာ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးနှင့်ပတ်သက်၍ သီတင်းပတ်ပေါင်းများစွာ သဘောထားကွဲလွဲခဲ့ကြသည်။

ဘရာဇီးသမ္မတက ကိုဗစ်-၁၉ ရောဂါကို လျှော့တွက်ခဲ့ပြီး သက်သေမပြနိုင်သည့်ကုသမှုများကို အားပေးခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးက တစ်ကမ္ဘာလုံးလုပ်ဆောင်နေသည့် လမ်းညွှန်ချက်များကိုလိုက်နာရန် ပြည်သူများသို့ တိုက်တွန်းခဲ့သည်။ အသွားအလာကန့်သတ်မှုအမိန့်များ ထုတ်ပြန်ခဲ့သည့် ဒေသန္တရအုပ်ချုပ်ရေးမှူးများကို ကျန်းမာရေးဝန်ကြီးက ချီးမွမ်းခဲ့သော်လည်း သမ္မတဘိုလ်ဆိုနာရိုက ဝေဖန်ထိုးနှက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းနှင့်ပတ်သက်၍ အသံတစ်သံတည်းထွက်ကြရန် အစိုးရအား တိုက်တွန်းခဲ့သည့် ရုပ်သံအင်တာဗျူးတစ်ခုကြောင့် ဘရာဇီးသမ္မတနှင့် ကျန်းမာရေးဝန်ကြီးကြားတင်းမာမှုများ အရှိန်မြင့်လာခဲ့သည်။ ကျန်းမာရေးစနစ်ပြိုလဲနေကြောင်း ဆေးဘက်ပညာရှင်များက သတိပေးနေသည့် ဘရာဇီးနိုင်ငံ၌ ကပ်ရောဂါဖြစ်ပွားနေစဉ် ကျန်းမာရေးဝန်ကြီးကို ရာထူးမှထုတ်ပယ်ခြင်းမှာ သမ္မတ ဘိုလ်ဆိုနာရို၏ ကောင်းမွန်သော ဆုံးဖြတ်ချက်မဟုတ်ပေ။ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ ဘရာဇီးနိုင်ငံတွင် အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါကူးစက်သူ ၂၈၃၀၅ ဦးနှင့် သေဆုံးသူ ၁၇၆၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



ဘရာဇီးကျန်းမာရေးဝန်ကြီး လူးဝစ်ဇ်ဟင်းနရစ်မန် ဒက်တာ

# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နိုင်ငံခြားသားအလုပ်သမားများအတွက် ဘာသာစကား ၁၄ မျိုးဖြင့် ဖြေကြားပေးနိုင်သော အကြံပေးစင်တာတစ်ခု ဖွင့်လှစ်

**တိုကျို ဧပြီ ၁၇**

ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိ နိုင်ငံခြားသားအလုပ်သမားများ၏ အခက်အခဲများကို တိုင်ပင်၊ ဆွေးနွေး၊ အကြံပေးနိုင်ရန် ရည်ရွယ်ပြီး ဘာသာစကား ၁၄ မျိုးဖြင့် ပြန်လည်ဖြေကြားပေးမည့် အကြံပေးစင်တာတစ်ခုကို ယနေ့စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးနိုင်ရန် နိုင်ငံအတွင်း အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားသည့်အတွက် နိုင်ငံရပ်ခြားမှ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအနေဖြင့် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ပါက တယ်လီဖုန်းမှတစ်ဆင့် အကြံဉာဏ်တောင်းခံနိုင်ရန် ရည်ရွယ်ပြီး အဆိုပါ အကြံပေးစင်တာတစ်ခုကို ထူထောင်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

အကြံပေးစင်တာမှ ဝန်ထမ်းများက ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ နီပေါ၊ အင်ဒိုနီးရှား၊ တာဂါလော့၊ ထိုင်း၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ ကမ္ဘောဒီးယားနှင့် မြန်မာဘာသာစကားများကို လွယ်ကူရိုးရှင်းစွာဖြင့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးမည်ဖြစ်သည်။

**အကြံဉာဏ်တောင်းခံ**

နိုင်ငံခြားသားအလုပ်သမားများအနေဖြင့် တနင်္လာမှ သောကြာနေ့ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ အဆိုပါအကြံပေးစင်တာသို့ တယ်လီဖုန်းမှတစ်ဆင့် မိမိသိရှိလိုသည်များကို အကြံဉာဏ်တောင်းခံနိုင်မည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ သို့မဟုတ် အခြားပြည်သူ့ဝန်ဆောင်မှုကိစ္စများနှင့် ဆက်သွယ်ထားသည့်အတွက် ကျန်းမာရေးအခြေအနေ၊ စီးပွားရေး၊ ပညာရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အကြံပေးစင်တာသို့ မေးမြန်းနိုင်သည်။

လက်ရှိအချိန်တွင် တိုကျိုမြို့၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားဦးရေ ၅၇၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ရုရှားသမ္မတပူတင် ချီးကျူး



**မော်စကို မေ ၁၇**

ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများသို့ အကြောင်းကြားရန် ကြန့်ကြာမှုအတွက် တရုတ်နိုင်ငံအပေါ် အခြားနိုင်ငံများ၏ အပြစ်ဖို့ရန်ကြိုးပမ်းမှုများကို ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က မေ ၁၆ ရက်တွင် ပယ်ချခဲ့သည်။

အမေရိကန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတင်းအချက်အလက်များ မြန်မြန်ဆန်ဆန် မမျှဝေခြင်းအတွက် တရုတ်နိုင်ငံကို ဝေဖန်ပြောဆိုပြီးနောက် ပူတင်နှင့် ရှီကျင့်ဖျင်တို့ ဖုန်းဖြင့် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်း ကူးစက်ရောဂါကာကွယ်မှုနှင့်ဆိုင်သော အခြေအနေတည်ငြိမ်စေသည့် တရုတ်နိုင်ငံ၏ ထိရောက်သော ဆောင်ရွက်ချက်များကို သမ္မတရှီကျင့်ဖျင်နှင့် ဖုန်းပြောဆိုမှုအတွင်း သမ္မတပူတင်က ချီးမွမ်းခဲ့ကြောင်း ရုရှားသမ္မတရုံးက ပြောကြားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကို နိုင်ငံရေးအရ အသုံးချမှုက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အကျိုးပျက်ပြားစေသည်ဟု ရှီကျင့်ဖျင်က ပြောကြားခဲ့သလို ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံကို သိက္ခာချသည့် လူပုဂ္ဂိုလ်အချို့၏ ကြိုးပမ်းမှုများက လက်သင့်ခံနိုင်ဖွယ်ရာမရှိဟု ပူတင်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကုန်တွင် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်ကို အသွားအလာကန့်သတ်ခဲ့ပြီး ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်သွားခဲ့သည်။ ပူတင်နှင့် ရှီကျင့်ဖျင်တို့က နှစ်နိုင်ငံကြား "မဟာဗျူဟာမြောက် မိတ်ဖက် ဆောင်ရွက်မှု" ကို အလေးထားဆွေးနွေးခဲ့သလို ပညာရှင်များ အပြန်အလှန်စေလွှတ်ခြင်း၊ ဆေးဘက်ဆိုင်ရာကိရိယာများ၊ အကာအကွယ်ဝတ်စုံများ၊ ဆေးဝါးများပေးပို့ခြင်းဖြင့် ကပ်ရောဂါကာလအတွင်း အချင်းချင်းကူညီရန် နှစ်နိုင်ငံစလုံးက အသင့်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ရုရှားသမ္မတရုံးက ဆိုသည်။

အနီးကပ် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်ခြင်းဖြင့် ကပ်ရောဂါနှင့်ဆက်စပ်သော စိန်ခေါ်မှုများကို နှစ်နိုင်ငံစလုံးက အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ခေါင်းဆောင်နှစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ၉၀၇၀ ခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ၊ ရောဂါကူးစက်ခံရသူပေါင်း ၃၂၀၀၀၀ ကျော်ရှိလာ

**မော်စကို မေ ၁၇**

ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၇၀ စံချိန်တင် ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ယနေ့မှစ၍ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၂၀၀၈ ဦးရှိလာကြောင်း ရုရှားအစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ထို့အတူ မေ ၁၆ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် ရုရှားနိုင်ငံအတွင်း သေဆုံးသူ ၂၃၂ ဦးရှိရာမှ မေ ၁၇ ရက်တွင် ၂၇၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ သို့သော် ရောဂါကူးစက်ခံရသူ ၂၅၉၀ သည် ပြန်လည်ကျန်းမာသွားကြောင်း ရုရှားအစိုးရ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့်ဒေသမှာ မော်စကိုမြို့ဖြစ်သည်။ မော်စကိုမြို့တွင် တစ်ရက်တာအတွင်း ရောဂါကူးစက်ခံရသူ ၁၉၅၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မော်စကိုမြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၁၀၅ ဦး ရှိလာခဲ့သည်။

ထို့အပြင် မော်စကိုမြို့တွင် လာမည့်သီတင်းပတ်နှစ်ပတ် သို့မဟုတ် သုံးပတ်အတွင်း ရောဂါကူးစက်ပျံ့နှံ့မှု အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိဖွယ်ရှိသည်ဟု ဒုတိယမြို့တော်ဝန် အာနာစတာရှားရာကိုဗာက ပြောကြားသည်။

ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပထမဆုံးလူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စမ်းသပ်တွေ့ရှိခဲ့သည်။ သို့သော် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူဦးရေမှာ မတ်လကုန်ပိုင်းမှစ၍ သိသိသာသာ မြင့်တက်လာပြီး အထူးသဖြင့် မေ ၉ ရက်တွင် ရောဂါကူးစက်ခံရသူ ၁၀၀၀၀ နှင့် မေ ၁၄ ရက်တွင် ၂၀၀၀၀ အထိရှိလာခဲ့သည်။

တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့သည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးနယ်ပယ်၌ ရုရှားအစိုးရအား အကူအညီပေးရန် မေ ၁၁ ရက်ကတည်းက ရုရှားနိုင်ငံအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏ကြိုးပမ်းမှု အစိတ်အပိုင်းအနေဖြင့် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်သည့် ဝန်ထမ်းများမှလွဲ၍ ကျန်ဝန်ထမ်းများသည် မတ် ၃၀ မှ မေ ၃၀ အထိ လစာအပြည့်ဖြင့် ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**





## ကယ်လီဖိုးနီးယားပြည်နယ်တွင် စားသောက်ဆိုင်ဝန်ထမ်းများအတွက် ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာနာမကျန်းခွင့် သတ်မှတ်ပေး

**ကယ်လီဖိုးနီးယား မေ ၁၇**

ကယ်လီဖိုးနီးယားပြည်နယ်ရှိ စားသောက်ဆိုင်များတွင် လုပ်ကိုင်နေသော ဝန်ထမ်းများအား ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရခြင်း(သို့မဟုတ်) သီးခြားစောင့်ကြည့်ခြင်းခံရပါက သီတင်းပတ်နှစ်ပတ်အထိ လစာပြည့် နာမကျန်းခွင့်ပေးရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့စားသောက်နေတဲ့အစားအသောက်တွေကို သယ်ယူ၊ ချက်ပြုတ်၊ ထုပ်ပိုး၊ ရောင်းချနေတဲ့ စားသောက်ဆိုင်ဝန်ထမ်းတွေကို အခုအမိန့်က အကျိုးပြုစေမှာဖြစ်ပါတယ်"ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဂယ်ဗင်နူဆွန်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားနေမှုကြောင့် ကယ်လီဖိုးနီးယားဒေသခံ သန်း ၄၀ ခန့်မှာ မိမိတို့နေအိမ်များတွင်သာ နေထိုင်နေကြရသော်လည်း ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးဝန်ထမ်းများကဲ့သို့သော ဝန်ထမ်းများမှာ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေကြရသည်။

စားသောက်ဆိုင်ဝန်ထမ်းများ၊ စတိုးဆိုင်ဝန်ထမ်းများနှင့် လယ်သမားများမှာ ဖျားနာခွင့်ယူပြီးပါက အလုပ်ပြုတ်မည်ကို စိုးရိမ်နေကြသည်။ စတိုးဆိုင်ဝန်ထမ်းတွေပြောနေကြတာကတော့ ကျွန်တော်တို့ဟာ မရှိမဖြစ်လုပ်သားတွေဖြစ်နေပေမယ့် မိမိကိုယ်ကို အမှိုက်တွေလိုခံစားနေရတယ်လို့ ပြောနေကြတာကြားမိကြောင်း နူဆွန်က ပြောကြားသည်။

"ဒါပေမယ့် ခင်ဗျားတို့ဟာ အမှိုက်မဟုတ်ပါဘူး။ မရှိမဖြစ်တန်ဖိုးထားရမယ့် လူတွေဖြစ်ပါတယ်"ဟု နူဆွန်က ပြောကြားသည်။ ကုမ္ပဏီကြီးများအား လုပ်သား ၅၀၀ကျော် ဖြည့်သွင်းပေးခဲ့ခြင်းကို ညီညွတ်သော လယ်ယာလုပ်သားများအဖွဲ့က ကြိုဆိုခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ်အနေဖြင့် အထောက်အထားမရှိသော ရွှေ့ပြောင်းလုပ်သားများကို အမေရိကန်ဒေါ်လာ ၁၂၅ သန်း ကျခံသုံးစွဲမည့် အစီအစဉ်ကို နူဆွန်က မေ ၁၅ ရက်တွင် ကြေညာခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် စိုးသူရ**

## နိုင်ငံကိုးနိုင်ငံမှ အမျိုးသမီး နိုင်ငံခြားရေးဝန်ကြီးများ ကပ်ရောဂါတုံ့ပြန်ရေးဆိုင်ရာ ကျား၊ မရေးရာတန်းတူညီမျှမှု ဗီဒီယိုကွန်ဖရင့် ကျင်းပ

**ဆိုးလ် မေ ၁၇**

တောင်ကိုရီးယား၊ စပိန်နှင့် ဩစတြေးလျအပါအဝင် နိုင်ငံကိုးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက ကျား၊ မရေးရာတန်းတူညီမျှမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ဆွေးနွေးရန် ဗီဒီယိုကွန်ဖရင့်တစ်ရပ်ကျင်းပခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

မိသားစုတာဝန်ဝတ္တရားများ၊ အခြားကိစ္စရပ်များကြောင့် အမျိုးသမီးများက ကိုဗစ်-၁၉ ကပ်ရောဂါ ဂယက်တွင် ပိုမိုခက်ခဲသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ရနိုင်ကြောင်း စိုးရိမ်မှုများထွက်ပေါ်နေစဉ် ယခုကဲ့သို့ ဗီဒီယိုကွန်ဖရင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်ဟွာနှင့် ဆွီဒင်၊ ကင်ညာ၊ အယ်လ်ဆာဗေဒို၊ ဂျမေကာ၊ ကိုလံဘီယာနှင့် အင်ဒိုနီးရှားတို့အပါအဝင် နိုင်ငံရှစ်နိုင်ငံမှ အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးများသည် စပိန်နိုင်ငံခြားရေးဝန်ကြီး အာရန်ချာဂွန်ဇာလက်လာယာ အစီအစဉ်မှူးအဖြစ်ဆောင်ရွက်သည့် အစည်းအဝေးသို့ ပူးပေါင်းပါဝင်ခဲ့သည်။

ကန်ကျောင်ဟွာက ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်သော စိုးရိမ်မှုများကို ပြောကြားခဲ့ပြီး ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ပူးပေါင်းကြိုးပမ်းမှုများလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အကျပ်အတည်းများကို ကိုင်တွယ်ရာတွင် အမျိုးသမီးများပါဝင် အားပေးခြင်းနှင့် ကပ်ရောဂါကူးစက်လွယ်သည့် ဝင်ငွေနည်းအလွှာများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်း၏အရေးပါမှုကို ၎င်းက အလေးထားပြောကြားခဲ့သည်။

ဗီဒီယိုကွန်ဖရင့်တက်ရောက်သူများက အမျိုးသမီးများ၏ အခန်းကဏ္ဍများတိုးမြှင့်ရေးတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်ရန်နှင့် ကပ်ရောဂါတုံ့ပြန်သည့် စွမ်းဆောင်ရည်မြှင့်တင်ရန် သဘောတူခဲ့ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

**ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## တရုတ်နိုင်ငံတွင် လူပေါင်း ၂၄၀၀ ကျော်ကို ကိုဗစ်-၁၉ နှင့် ဆက်စပ်သည့် ပြစ်မှုများဖြင့် တရားစွဲ

**ပေကျင်း ဧပြီ ၁၇**

တရုတ်နိုင်ငံ၏ အစိုးရရှေ့နေရုံးများက ကြာသပတေးနေ့အထိ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ဆက်နွယ်သည့် ပြစ်မှုပေါင်း ၁၉၈၀ မှ သံသယရှိသူပေါင်း ၂၄၁၆ ဦးကို တရားစွဲဆိုခဲ့ကြောင်း ပြည်သူ့ရှေ့နေချုပ်ရုံးက သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ရှေ့နေရုံးများက အဆိုပါပြစ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သူ ၃၅၁၇ ဦးကို ဖမ်းဆီးထားပြီးဖြစ်ကြောင်း ပြည်သူ့ရှေ့နေချုပ်ရုံးက ဖော်ပြသည်။

အစိုးရရှေ့နေများက ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများကို အနှောင့်အယှက်ပေးသည့် ပြစ်မှုများဖြင့် သံသယရှိသူ ၂၆ ဦးကို အမှုဖွင့်ခဲ့ကြောင်း၊ အခြားသူ ၅၇၂ ဦးကို တာဝန်ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုခဲ့ကြောင်း ပြည်သူ့ရှေ့နေချုပ်ရုံးက ပြောကြားသည်။

အခြားသော ဥပဒေချိုးဖောက်မှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် သူတစ်ပါးကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အရည်အသွေးမမီသည့် ထုတ်ကုန်ပစ္စည်းများ သို့မဟုတ် ထုတ်ကုန်ပစ္စည်းအတုများကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်မြှင့်တင်ရောင်းချခြင်း၊ လိမ်လည်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်းနှင့် တောရိုင်းတိရစ္ဆာန်အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းတို့အပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ပါဝင်သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ဇော်လင်း**

## ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဂျာမနီကျန်းမာရေးဝန်ကြီး ပြောကြား



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်နှင့် ကျန်းမာရေးဝန်ကြီး ဂျိန်းစ်စပန်

**ဘာလင် ဧပြီ ၁၇**

မကြာသေးမီက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားလာခဲ့ပြီးနောက် အသွားအလာကန့်သတ်မှုများ ချမှတ်ခြင်း၏ အကျိုးကျေးဇူးကြောင့် ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဂျာမနီ ကျန်းမာရေးဝန်ကြီး ဂျိန်းစ်စပန်က ယနေ့ပြောကြားသည်။

မတ်လအလယ်မှစ၍ ချမှတ်သည့် အစိုးရ၏ အသွားအလာကန့်သတ်မှုသည် အောင်မြင်မှုရှိကြောင်း ကျန်းမာရေးဝန်ကြီး စပန်က ဘာလင်မြို့တွင် သတင်းထောက်များအား ပြောကြားသည်။

ဂျာမနီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်လာနိုင်သောကြောင့် အသွားအလာကန့်သတ်မှုကို ဖြေလျှော့ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေသလို ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း ထုတ်လုပ်မှုကိုလည်း အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

နိုင်ငံအတွင်းရှိ ပို၍သေးငယ်သော ဈေးဆိုင်များကို လာမည့်သီတင်းပတ်မှစ၍ ဖွင့်လှစ်မည်ဖြစ်သလို စာသင်ကျောင်းများကိုလည်း မေ ၄ ရက်မှ စတင်ဖွင့်လှစ်ပေးရန် အစိုးရက စီစဉ်ထားကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်က ဧပြီ ၁၆ ရက်တွင် ပြောကြားသည်။

သို့သော် လူနှစ်ဦးနှင့်အထက် စုဝေးခြင်းမပြုရန်နှင့် ကြီးမားသော အများပြည်သူဆိုင်ရာပွဲတော်များ မလုပ်ရန် တားမြစ်ပိတ်ပင်မှုများအပါအဝင် အခြားကျယ်ကျယ်ပြန့်ပြန့် တားမြစ်ထားသော ကန့်သတ်မှုများကိုမူ ဆက်လက်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူတို့၏ လုပ်ငန်းများပြန်လည်စတင်ရန် ဂျာမနီအစိုးရက ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လာမည့်ဩဂုတ်လမှစ၍ သီတင်းပတ်တစ်ပတ်လျှင် နှာခေါင်းစည်း သန်း ၅၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စပန်က ပြောကြားသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီမှစ၍ ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၇၆၉၈ ဦး အထိရှိလာပြီး ၎င်းတို့အနက် ၄၀၅၂ ဦး သေဆုံးခဲ့သည်။ သို့သော်လူနာ ၇၇၀၀၀ တို့သည် ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ရရှိထားသော ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ဒုတိယကမ္ဘာစစ်အောင်နိုင်သည့် စစ်ရေးပြအခမ်းအနားကျင်းပမှု ရုရှားရွှေ့ဆိုင်း



(၇၄) နှစ်မြောက် ဒုတိယကမ္ဘာစစ် အောင်နိုင်သည့် အထိမ်းအမှတ်နေ့ စစ်ရေးပြအခမ်းအနား၌ သမ္မတ ပူတင်က တက်ရောက်လာသူများကို တွေ့ဆုံနှုတ်ဆက်စဉ်။

**မော်စကို ဧပြီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားနေမှုကြောင့် (၇၅) နှစ်မြောက် ဒုတိယကမ္ဘာစစ် အောင်နိုင်သည့် အထိမ်းအမှတ်နေ့ စစ်ရေးပြအခမ်းအနားကျင်းပရန် စီစဉ်ထားမှုကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ယနေ့တွင် ရွှေ့ဆိုင်းလိုက်သည်။

အဆိုပါ အခမ်းအနားကို မြို့တော်မော်စကိုရှိ ရင်ပြင်နီနှင့် နေရာဒေသအားလုံးတွင် လူစုလူဝေးနှင့် ကျင်းပရန် စီစဉ်ထားသည်။ သို့သော် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်နေခြင်းကြောင့် ဒုတိယကမ္ဘာစစ်အောင်ပွဲရသည့် (၇၅) နှစ်မြောက်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပရန် ပြင်ဆင်ထားမှုများအား ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ် အောင်နိုင်သည့် (၇၅) နှစ်မြောက် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသည် ယခုနှစ်အတွင်း ရုရှားနိုင်ငံ၌ ကျင်းပသည့် အခမ်းအနားများအနက် အရေးပါဆုံးသော အခမ်းအနားတစ်ရပ် ဖြစ်ဖွယ်ရှိကြောင်း ယုံကြည်ရသည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်ရန် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များအား ဖိတ်ကြားထားခဲ့သည်။

ယင်းစစ်ရေးပြအခမ်းအနား၌ ရုရှားတပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀၀ နှင့်အတူ စစ်လက်နက်ပစ္စည်းနှင့် စစ်ရေယာဉ် ၂၂၅ စင်းနှင့် စစ်လေယာဉ်အစင်း ၁၅၀ တို့ ပါဝင်ရန် စီစဉ်ထားသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- ဇော်ဝင်း**

## တူရကီတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၄၀၀၀ ကျော် ရှိလာ

**အင်ကာရာ ဧပြီ ၁၇**

တူရကီနိုင်ငံ၌ ဧပြီ ၁၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ် ၄၈၀၁ ဦးရှိကြောင်း အတည်ပြုခဲ့ပြီး သေဆုံးသူဦးရေ ၁၂၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီး ဖာယာရီတင်က ပြောကြားသည်။

တူရကီတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၇၄၁၉၃ ဦးထိ မြင့်တက်လာပြီး သေဆုံးသူဦးရေမှာ ၁၆၄၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဧပြီ ၁၅ ရက်တွင် တူရကီနိုင်ငံသား ၄၀၄၂၇ ဦးအား ဗိုင်းရပ်စ်ကူးစက်ခံရခြင်းရှိ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ပြီး လတ်တလော အချိန်ထိ နိုင်ငံသားဦးရေ ၅၁၈၀၄၃ ဦးအား စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။

တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု စတင်ဖြစ်ပွားခဲ့စဉ်ကတည်းက ကူးစက်ခံရသူ ၇၀၆၉ ဦး ပြန်လည်ကျန်းမာလာခဲ့ပြီး အထူးကြပ်မတ်ကုသမှုခံယူနေရသူ ၁၈၅၄ ဦး ရှိနေဆဲ ဖြစ်သည်။

တူရကီနိုင်ငံ၌ မတ် ၁၁ ရက်တွင် ပထမဆုံးအကြိမ် ယင်းရောဂါ ကူးစက်မှုစတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- ဇော်ဝင်း**

## ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ကွန်ကန်ပြည်နယ်တွင် ညမထွက်ရအမိန့်ချိုးဖောက်သူများအား ဒရုန်းလေယာဉ်အသုံးပြုဖမ်းဆီး

**ဗန်ကောက် ဧပြီ ၁၇**

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ကွန်ကန်ပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များက ဒရုန်းလေယာဉ်များအသုံးပြုပြီး ညမထွက်ရအမိန့်ချိုးဖောက်သူ ၂၀၅ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ကွန်ကန်တက္ကသိုလ်၏ အကူအညီဖြင့် နည်းပညာမြင့် ဒရုန်းလေယာဉ်များအသုံးပြုပြီး လူစုလူဝေးများ ပြုလုပ်ခြင်း၊ မြင်ကွင်းချဲ့ထွင်ပြီးလူများ၏မျက်နှာများ၊ ကားနံပါတ်ပြားများအား ဖော်ထုတ်ခြင်းတို့ကို ရဲတပ်ဖွဲ့က ဆောင်ရွက်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာချမှတ်ထားသော ညမထွက်ရအမိန့်ကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် ဧပြီ ၃ ရက်မှစတင်ပြီး စစ်ဆေးရေးဂိတ် ၁၃ ခုကို ရဲတပ်ဖွဲ့ကဖွင့်လှစ်ခဲ့သည်။

အဆိုပါညမထွက်ရအမိန့်တွင် ပြည်သူများအား ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း မိမိတို့နေအိမ်ပြင်ပသို့ ထွက်ခွာခွင့်ကို ပိတ်ပင်ထားသည်။ တာဝန်ရှိသူများအနေဖြင့် ဒရုန်းမှ ဖမ်းယူရရှိသော ရုပ်ပုံများကို ကင်းလှည့်ရဲသို့ အကြောင်းကြားမည်ဖြစ်ပြီး ကင်းလှည့်ရဲတပ်ဖွဲ့ဝင်များက အမိန့်ကို ချိုးဖောက်သူများအား သွားရောက်ဖမ်းဆီးမည် ဖြစ်သည်။ အမိန့်ချိုးဖောက်သူများသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်အပြင် ငွေဒဏ် ဘတ်ငွေ ၄၀၀၀၀ ချမှတ်ခံရမည် ဖြစ်သည်။

လက်ရှိအချိန်အထိ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၀၀ ခန့်ရှိပြီး သေဆုံးသူ ၄၇ ဦးရှိကြောင်း သိရသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၁၆၈၉ ဦး ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**



# ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ ငလျင်လှုပ်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုအနည်းငယ်ရှိကြောင်း သိရ

**နေပြည်တော် ဧပြီ ၁၇**

ဧပြီ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ဖလမ်းမြို့၏ အရှေ့တောင်ဘက် ၂၄ မိုင်ခန့်အကွာ၌ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ည ၇ နာရီ ၁၇ မိနစ်ခန့်တွင်လည်း ဖလမ်းမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် အနက် သုံးကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ချင်းပြည်နယ် ဟားခါးမြို့နှင့် ဖလမ်းမြို့တို့တွင် ပျက်စီးမှု အနည်းငယ်ရှိခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက် မြို့နယ်စုပေါင်းရုံးအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ TV တစ်လုံးနှင့် ကွန်ပျူတာတစ်လုံးကွဲခြင်း၊ မှန်ဘီရိုနှစ်လုံး လဲကျ၍ မှန်ကွဲခြင်း၊ ဆင်ဝင်အောက် မျက်နှာကြက်နှစ်ခု ကွာကျခြင်း၊ ပြတင်းပေါက်မှန် လေးချပ်ကွဲအက်ခြင်း၊ စုပေါင်းရုံးနံရံ ခုနစ်နေရာ ကွဲအက်ခြင်း၊ အိမ်သာနှစ်ခု ကျောက်ပြားပြုတ်ကျခြင်း၊ ဈေးသစ်ရပ်ကွက်ရှိ ခရိုင်ပြန်/ဆက်ရုံးမျက်နှာကြက် ကွာကျခြင်း၊ မှန်ဘီရိုသုံးလုံး ပျက်စီးခြင်း၊ စာတင်စင်နှစ်ခု ပြိုလဲခြင်း၊ သစ်သားရေစင်နှင့် ဖိုက်ဘာရေစည် ပြုတ်ကျခြင်း၊ ခရိုင်မီးသတ်အဆောက်အဦနှင့် ဝန်ထမ်းနေအိမ် နံရံများအက်ကွဲခြင်း၊ ဈေးသစ်ရပ်ကွက်ရှိ ဆိုင်ခန်းတစ်ခန်းတွင် တံခါးမကြီးလေးချပ် ပြုတ်ကျပျက်စီးခြင်း၊ ဖလမ်းမြို့ ဗားရ်လုံကျေးရွာတွင် အထကကျောင်း နှစ်ထပ်ဆောင် အပေါ်ထပ် အခန်းနှစ်ခန်းကြားရှိ အုတ်နံရံ ၁၀ ပေခန့် ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ကျွန်းကျေးရွာရှိ ဘုရားထီးတော် မြေခလဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သတင်းရယူကာ လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဘေးဒဏ်ခံရသူများအား ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းတိုက်ခတ်မှုများကြောင့် အိုးအိမ် ထိခိုက်ပျက်စီးမှုများကို နှစ်စဉ် ကြုံတွေ့ရလျက်ရှိသည်။

ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့ရာ ဧပြီ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဝန်းသို၊ ကသာ၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များ၌ စုစုပေါင်း နေအိမ် ၉၅ လုံးနှင့် ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ဧပြီ ၁၅ ရက်တွင်



ကောလင်း၊ ဖောင်းပြင်၊ ကလေးဝ၊ အင်းတော်၊ ပင်လည်ဘူး၊ ဗန်းမောက်နှင့် ဝန်းသိုမြို့နယ်တို့၌ နေအိမ် ၇၇ လုံးနှင့် ဘုန်းကြီးကျောင်း သုံးကျောင်း၊ ဧပြီ ၁၆ ရက်တွင် မင်းကင်းမြို့နယ်၌ နေအိမ် ၅၆ လုံး စုစုပေါင်း နေအိမ် ၂၂၈ လုံးနှင့် ဘုန်းကြီးကျောင်း ငါးကျောင်းတို့ အမိုးအကာပျက်စီးခဲ့သည်။

အလားတူ ဧပြီ ၁၆ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် နေအိမ် ၁၈၄ လုံး၊ ပေါက်မြို့တွင် နေအိမ် ၁၅ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ မင်းဘူးမြို့တွင် နေအိမ် ၁၀ လုံး၊ စလင်းမြို့တွင် နေအိမ် ငါးလုံး စုစုပေါင်း နေအိမ် ၂၁၄ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ အမိုးအကာလန်ပျက်စီးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှု ဖြစ်ပွားရာနေရာများသို့ သွားရောက်လျက် ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းများ စုစုပေါင်း ငွေကျပ် (၁၄,၂၀၀,၀၀၀/-) ကျော် (ကျပ်တစ်ရာလေးဆယ့်နှစ်သိန်းကျော်)ကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး အမိုးလန်ပျက်စီး

**ဂန့်ဂေါ ဧပြီ ၁၇**

ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာတွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဒေါ်နူးသဲ၏ နေအိမ်မှာ အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

ထို့ပြင် မြစ်သာတံတားအနီး စိန်ပန်းပင်တစ်ပင် လဲကျမှုကြောင့် အမ်ပီတီဖုန်းတိုင်တစ်တိုင်ကျိုးကျသွားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးကျော်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ရဲနိုင်တို့က လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**



# ဖားကန့်နှင့် တောင်ကြီးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ မော်တောင်းရပ်ကွက်(၁)လမ်းပေါ်တွင် မလှလှသင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၁၆ ရက် မွန်းလွဲပိုင်းက တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု ဘန်ကွဲကျေးရွာအနီး တောင်ကြီး- မိုင်းပျဉ်းသွားကားလမ်းတွင် ဝင်းနိုင်စိုး မောင်းနှင်ပြီး အိသန္တာအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဝင်းနိုင်စိုး၊ အိသန္တာအောင် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဖားကန့်၌ နေအိမ်နှစ်လုံး မီးလောင်

**ဖားကန့် ဧပြီ ၁၇**

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် မော်ဝမ်းကြီးကျေးရွာ၌ ဧပြီ ၁၆ ရက် ည ၇ နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်ဌာနဆိုင်ရာနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ဖားကန့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်းပြီး မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် မီးပေါ့ဆသူ ဦးမာလအား ဖားကန့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တာလင်းမောင်(ပြန်/ဆက်)**

# ရေဦးမြို့နယ်၌ မီးလောင်မှု ဖြစ်ပွား

**ရေဦး ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပေကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ရေဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုး ဦးစီးသောအဖွဲ့နှင့် မုံတိုင်ပင်နယ်မြေ မီးသတ်အဖွဲ့တို့က မီးငြိမ်းသတ်ခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

မီးကို ပေါ့ဆစွာ အသုံးပြုသော ဒေါ်ရွှေမိအား ရေဦးမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကျောက်တံခါးမြို့နယ်၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ကျောက်တံခါး ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘဲခြံကျေးရွာရှိ ရဲနွယ်အဝေရာဆည်မြောင်းအတွင်း၌ ဧပြီ ၁၆ ရက် ညနေ ၅ နာရီခန့်က အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ရေနစ်သေဆုံးကြောင်းသတင်းအရ ဖဒိုနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဆီဆိုကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်သေများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနစ်သေဆုံးသူမှာ အောင်လင်းဦး ဆေးရိုးခင်ကျေးရွာ ကျောက်တံခါးမြို့နယ်နေသူဖြစ်ပြီး ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းရာ ညနေ ၄ နာရီခန့်က ဇော်ထူး၊ ဖိုးတရုတ်(ခ)ဝင်းနိုင်ထွန်း၊ နိုင်နိုင်ထွန်း ဆေးရိုးခင်ကျေးရွာနေသူများသည် နော်လုလုဝါး ဘုန်းမဲဇာကျေးရွာနေသူနှင့်အတူ ရဲနွယ်အဝေရာဆည်မြောင်းအနီးတွင် အတူရှိနေရာမှ အောင်လင်းဦးမှာ ထွက်သွားရာ ပြန်မလာသဖြင့် သူငယ်ချင်းများက လိုက်လံရှာဖွေရာ အောင်လင်းဦးမှာ ရဲနွယ်အဝေရာဆည်မြောင်းအတွင်း ရေနစ်နေ၍ ကုန်းပေါ်သို့ ဆယ်ယူချိန်တွင် အသက်မရှိတော့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် (၁၇-၄-၂၀၂၀) ရက်နေ့ နံနက်ပိုင်းအထိ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားသူ စုစုပေါင်း (၃,၅၀၅) ဦး၏ ဓာတ်ခွဲနမူနာများကို စစ်ဆေးခဲ့ရာ (၈၅) ဦးတွင် COVID- 19 ရောဂါ ကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့ပြီး (၃,၄၂၀) ဦးတွင် ရောဂါပိုးမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

၂။ COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၉)ဦးအား အောက်ပါဇယားအတိုင်း သက်ဆိုင်ရာ ဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၄ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၅ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၁ |
| ၆ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၇ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၁ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၁ |
| ၉ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၁ |

* (၂) ဦးမှာ ရောဂါပိုးကင်းစင်ပြီး ဖြစ်သဖြင့် နေအိမ်နှင့် သက်ဆိုင်ရာနေရာတို့တွင် အသွားအလာ ကန့်သတ်ခြင်း/ တားမြစ်ခြင်းအား ရက်သတ္တ (၂)ပတ်ခန့် ဆက်လက်ဆောင်ရွက်ထားရှိပါသည်။

** သေဆုံးသူ (၄) ဦးရှိပါသည်။

၃။ (၂၄-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C-3 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၆-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၉-၄-၂၀၂၀)ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID -19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၄။ (၂၉-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C-9 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၉-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၁၂-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID-19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၅။ (၃၀-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C-12 သည်ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၉-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၁၆-၄-၂၀၂၀) ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID -19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၆။ (၁၆-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၃၂)ဦး ရှိပါသည်။

၇။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၇-၄-၂၀၂၀)ရက်နေ့တွင် ပထမအသုတ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာများ၏ အဖြေအား ညနေ (၆)နာရီအချိန်တွင် ထုတ်ပြန်ခဲ့ရာ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ခြင်း ပြုလုပ်ထားသူ (၉၃)ဦးအနက် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာ (၁)ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာ (၁)ဦး၊ ကလေးမြို့တွင် အသွားအလာကန့်သတ်ထားသူ လူနာ (၁) ဦး၊ စုစုပေါင်း လူနာ (၃)ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိခဲ့ရပြီး ကျန်လူနာ (၉၀)ဦးတွင် COVID -19 ရောဂါပိုး တွေ့ရှိရခြင်းမရှိပါကြောင်း သိရှိရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သည် (၁၆-၄-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့လာသော COVID-19 ရောဂါစောင့်ကြည့်လူနာ (၁၁၀) ဦးနှင့် အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ (၁၅၉) ဦးစုစုပေါင်း (၂၆၉)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများအနက် (၁၀၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်းကို (၁၆-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၂) နာရီအချိန် ထုတ်ပြန်ချက်အရ ကျန်ရှိသည့် (၁၆၇) ဦး၏ ဓာတ်ခွဲနမူနာများတွင်လည်း COVID-19 ရောဂါပိုး မတွေ့ရှိရပါ။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၈၅) ဦးရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဝါးခယ်မ၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဝါးခယ်မ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများအတွင်း ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရေး အသိပေးနှိုးဆော်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပြတ် နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

အသိပေးနှိုးဆော်ရာတွင် ကျန်းမာရေးကိစ္စရပ်များနှင့် အစားအသောက် ဝယ်ယူခြင်းကိစ္စရပ်များမှလွဲ၍ မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုကြရန်နှင့် လိုအပ်၍ ထွက်ခွာပါက နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန်၊ အသက် ၆၀ နှစ်အထက် ဆီးချို၊ သွေးချိုရောဂါရှိသူများ အနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရနိုင်ခြေ ပိုမိုမြင့်မားသဖြင့် နေအိမ်အပြင်သို့ လုံးဝထွက်ခွာခြင်းမပြုကြရန်၊ ဈေးရောင်းသူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရောင်းချရန်နှင့် ပါဆယ်ဖြင့်သာ ရောင်းချရန်၊ လူစုလူဝေးဖြစ်စေသော ကိစ္စရပ်များ ဆောင်ရွက်ခြင်းမပြုကြရန်၊ ဖျားနာခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ လည်ချောင်းနာခြင်း၊ အားအင်ကုန်ခန်းခြင်း စသော လက္ခဏာများ ဖြစ်ပေါ်ပါက နှာခေါင်းစည်းတပ်ဆင်၍ ကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်၍ ပြသရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်စည်ပင်သာယာဈေးကြီးအား ဝင်ပေါက်၊ ထွက်ပေါက် နှစ်ခုသာ ထားရှိသွားမည်ဖြစ်ပြီး နံနက် ၁၁ နာရီအထိသာ ဈေးဝယ်ကြရန်နှင့် ဈေးလာဝယ်သူများ အနေဖြင့် ဈေးလာဝယ်မည်ဆိုပါက တစ်ဦးတည်းသာ ဈေးဝယ်ထွက်ရန်၊ အပြင်မှ ပြန်လာသည့်အခါတိုင်း နေအိမ်အတွင်းသို့မဝင်ခင် ဆပ်ပြာဖြင့် လက်ကို စနစ်တကျ ဆေးကြရန်၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်သော် လည်းကောင်း၊ အခြားသူများတွင် သော်လည်းကောင်း သံသယလက္ခဏာများ တွေ့ရှိခဲ့ပါက တစ်ဦးနှင့်တစ်ဦး ခွဲခြားဆက်ဆံမှုမပြုဘဲ ကူညီဖေးမကြရန်၊ သံသယဖြစ်ဖွယ် ဖျားနာမှုများတွေ့ရှိပါက ရောဂါပြန့်ပွားမှုများကို ထိန်းချုပ်နိုင်စေရန် စောစောပြော စောစောသိ စောစောအကျိုးရှိနိုင်ဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆက်သွယ်ပေးကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ကျန်းမာရေး အသိပညာများကို နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၈၅) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နောင်တရားဒေသလူငယ်များပရဟိတအဖွဲ့က ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**နောင်တရား ဧပြီ ၁၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် ကျေးရွာများ၌ ခွန်အောင်ထွန်းလေး ဦးဆောင်သော နောင်တရားဒေသလူငယ်များ ပရဟိတအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးသည့် အများပြည်သူသွားလာမှုများပြားသော ဘုန်းတော်ကြီးကျောင်း၊ လမ်းများ၊ ကျေးရွာများနှင့် အိမ်များ၊ ဈေးဆိုင်များတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၄ ရက်မှ ယနေ့အထိ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြို့ပေါ်အလှူရှင်များ၊ ကျေးရွာအလှူရှင်များနှင့် ရပ်ဝေးမှအလှူရှင်များက လာရောက်လှူဒါန်းကြသည်။

ဧပြီ ၁၆ ရက်တွင် နောင်တရားဒေသလူငယ်များပရဟိတအဖွဲ့က နန်းပုလင်းကျေးရွာအုပ်စု စင်းစုတ်ဒေသခံများနှင့် ပူးပေါင်း၍ စင်းစုတ်ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာအတွင်းရှိ ဈေးဆိုင်များ၊ အိမ်များ၊ လမ်းမကြီးများကို ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယနေ့တွင် နောင်တရားမြို့တွင်းနှင့် ထီယွန်ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာအတွင်းတွင် ပိုးသတ်ဆေးဖျန်းမည်ဖြစ်ကြောင်း သိရသည်။ နောင်တရားဒေသလူငယ်များ ပရဟိတအဖွဲ့က ကျေးရွာများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့်အတူ အသံချဲ့စက်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# မိုင်းယောင်း၌ ကျန်းမာရေးဝန်ထမ်းများအား နေ့လယ်စာအတွက် ရက်အကန့်အသတ်မရှိ ထောက်ပံ့လှူဒါန်းပေး

**မိုင်းယောင်း ဧပြီ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား အမှတ်(၄)ရပ်ကွက်ရှိ မိုင်းယောင်းစားသောက်ဆိုင်မှ နေ့လယ်စာအတွက် ရက်အကန့်အသတ်မရှိ ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။

မိုင်းယောင်းမြို့အဝင် မုန်းလိုက်ကျေးရွာအနီးရှိ မုန်းလိုက်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိ အပူချိန်တိုင်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း၊ အိမ်ထဲတွင် နေထိုင်ကြရန်၊ အပြင်ထွက်သွားလာမှုလျှော့ချရန်၊ လူစုလူဝေးမလုပ်ရန်၊ မဖြစ်မနေ အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ထွက်ရန်၊ လက်ကို မကြာခဏ ဆေးကြောရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူများသို့ ပန်ကြားချက်၊ ဒေသန္တရအမိန့်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ၊ ပြည်သူများသို့ ပန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် စသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပြည်သူအတွက် ရှေ့တန်းမှ မားမားမတ်မတ် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေးဝန်ထမ်းများအား နေ့လယ်စာအတွက် အမှတ်(၄) ရပ်ကွက်ရှိ မိုင်းယောင်းစားသောက်ဆိုင်မှ ဧပြီ ၁၄ ရက်မှစတင်၍ ရက်အကန့်အသတ်မရှိ ထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းအား ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာလတွင် ယာယီပျံကျဈေးအဖြစ် အသုံးပြုဆောင်ရွက်သွားမည်

**မင်းဘူး ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ မြို့မဈေးကြီးအတွင်း ဈေးရောင်းချခြင်းများကို ယာယီပိတ်ထားချိန်၌ မင်းဘူးမြို့ ခရိုင်အားကစားကွင်းအား ယာယီပျံကျဈေးအဖြစ် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး သွားရောက်စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံထံမှ သိရသည်။

**လက်ဆေးပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်**

"အခုလိုဆောင်ရွက်ခြင်းအားဖြင့် အခုလက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနဲ့ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အခုလို ယာယီဈေး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဈေးသို့ လာရောက်ကြတဲ့ ဒေသခံဘိုးဘွား၊ မိဘများ၊ ပြည်သူများ၊ ဈေးရောင်း/ဈေးဝယ်နဲ့ ဈေးသူ/ဈေးသားအားလုံး အသုံးပြုဝင်ထွက်သွားလာရာမှာလည်း လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းချက်တွေနဲ့ နှာခေါင်းစည်းများ တပ်ထားပြီး ဈေးဝင်ပေါက်မှာ လက်ဆေးပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များအတိုင်း ပြုလုပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြောသည်။

**သွားရောက်ကြည့်ရှု**

အဆိုပါလုပ်ငန်းခွင်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ကျော်သန်း၊ မြို့နယ်ရဲမှူး အောင်ကြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက မင်းဘူးမြို့ အမှတ်(၄) သီရိမင်္ဂလာရပ်ကွက် မင်းဘူး-ဆင်ခေါင်း လမ်းမဘေးရှိ ရေနုတ်မြောင်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့်မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးကာလအတွင်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ သွားလာနေထိုင် စားသောက်ရေးကိစ္စများအဆင်ပြေစေရန် YRTA က ကူညီဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးကာလအတွင်း ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစေရန် ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့ကို မတ် ၂၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အထောက်အကူပြုအဖွဲ့ရုံးအား YRTA ရုံးချုပ်တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ဥက္ကဋ္ဌ ဒေါ်နီလာကျော်က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကာ အဖွဲ့ဝင် ၁၁ ဦးပါဝင်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့သို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၀၉–၄၅၂၉၄၃၃၃၉၊ ၀၉–၄၅၂၉၄၃၃၃၀ နှင့် ၀၉–၉၆၆၉၁၁၄၂၂ တို့ဖြစ်ပြီး YRTA မှ ဝန်ထမ်းများက ၂၄ နာရီ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများ၊ ဆေးတက္ကသိုလ်(၂)နှင့် စုစုပေါင်း ၁၈ ခုတို့တွင် ကျန်းမာရေးတာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ယနေ့ (နှစ်ဆန်းတစ်ရက်နေ့)တွင် နံနက်စာ ၄၆၉ ဦး၊ နေ့လယ်စာ ၆၁၅ ဦးနှင့် ညစာ ၅၈၀ စုစုပေါင်း နံနက်စာ၊ နေ့လယ်စာနှင့် ညစာ ၁၆၆၄ ဦးစာကို စီစဉ်ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် မတ် ၃၀ ရက် မှစတင်၍ နံနက်၊ နေ့လယ်နှင့် ညစာများအား စီစဉ်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ရာ ယနေ့အထိ နံနက်စာ၊ နေ့လယ်စာနှင့် ညစာ စုစုပေါင်း ၂၂၂၀၆ ဦးစာအား စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း YRTA ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ထမ်းများနေထိုင်ရေးအတွက် Golden View Tower မှ ကွန်ဒိုတစ်လုံး၊ မြောက်ဥက္ကလာပရှိ River View မှ သုံးထပ်တိုက်လေးလုံးနှင့် ကွန်ဒိုတစ်လုံးအပါအဝင် Hlaing Campus အတွင်းရှိ အဆောက်အဦတစ်ခုကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါနေရာများတွင်နေထိုင်သော ကျန်းမာရေးဝန်ထမ်းများ၏ အကြို/အပို့နှင့် ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် မီနီဘတ်စ် အစီး ၉၀ နှင့် ကုန်တင်ယာဉ် အစီး ၂၀ တို့အပြင် ကန့်သတ်စောင့်ကြည့်စခန်းများအတွက် လိုအပ်သည့်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်း YRTA မှ ပံ့ပိုးဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကိုထက်**



# ရန်ကုန်မြို့၌ နှာခေါင်းစည်း မတပ်ဆင်သည့် ခရီးသည်များကို ယာဉ်စီးနင်းခွင့်ပြုမည်မဟုတ်




**ရန်ကုန် မေ ၁၇**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ နှာခေါင်းစည်း မတပ်ဆင်သည့် ခရီးသည်များကို ယာဉ်စီးနင်းခွင့်ပြုမည်မဟုတ်ကြောင်း ဝိုင်ဘီအက်စ် ၂၁၊ ၃၉၊ ၄၁ ယာဉ်လိုင်းများပြေးဆွဲနေသည့် Power Eleven Public ကုမ္ပဏီလီမိတက်မှ သိရသည်။

"YRTA ကနေတစ်ဆင့် ၁၄ ရက်နေ့မှာ စာဝင်ပါတယ်။ ၁၅ ရက်နေ့ကစပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ကားတွေကိုစီးမယ်ဆိုရင် ထိုင်ခုံတစ်လုံးကို ခရီးသည်တစ်ယောက်ပဲ စီးခွင့်ပေးပါတယ်။ ခရီးသည်တွေအနေနဲ့လည်း နှာခေါင်းစည်းတွေ တပ်လာရပါမယ်။ တပ်မလာရင် ယာဉ်မောင်းက စီးနင်းခွင့်ငြင်းပယ်ပါတယ်။ အကယ်၍ ကားပေါ်မှာ နှာခေါင်းစည်းဝယ်မယ်ဆိုလည်း အမြတ်မယူဘဲ မူရင်းဈေးအတိုင်း ပြန်ရောင်းပေးပါတယ်။ အကြောင်းကြောင်းကြောင့် မဝယ်ဘူးဆိုရင်လည်း အခမဲ့ပေးမှာပါ"ဟု Power Eleven Public ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်တင်ဝင်း(ခ) ကိုတရုတ်လေးက ပြောသည်။

ထို့ပြင် ယာဉ်တစ်စီးလျှင် ခရီးသည် ၂၄ ဦးသာ စီးနင်းခွင့်ပြုပြီး အကွာအဝေး ကန့်သတ်ထားသော ထိုင်ခုံတစ်လုံးလျှင် ခရီးသည်တစ်ဦးသာ ထိုင်ခွင့်ရှိကြောင်း၊ ယာဉ်အတက်၊ အဆင်းတွင် လက်သန့်ဆေးရည်များထားရှိပြီး ခရီးသည်များအနေဖြင့် အတက်၊ အဆင်းတွင် လက်ဆေးရမည်ဖြစ်ပြီး ယာဉ်ပေါ်တွင်လည်း နှာခေါင်းစည်းများ ရောင်းချပေးကာ ဝယ်ယူရန် အခက်အခဲရှိသူများအတွက် အခမဲ့ပေးကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ပြေးဆွဲနေတဲ့ယာဉ်တွေအားလုံး ဒီအချက်တွေကို လိုက်နာကြဖို့ YRTA အနေနဲ့ကလည်း ယာဉ်မောင်းတွေကို နှာခေါင်းစည်းတွေ ထုတ်ပေးနေပါတယ်။ ခရီးသွားတွေ နှာခေါင်းစည်းတပ်ဖို့ကိုလည်း ယာဉ်မောင်းတွေက အသိပေးကြဖို့ ပြောထားတယ်။ ထုတ်ပြန်ထားတဲ့ အချက်တွေကို ယာဉ်လိုင်းတွေလိုက်နာနိုင်အောင် အကြောင်းကြားထားသလို YRTA ဘက်ကလည်း နှာခေါင်းစည်းတွေ၊ လက်သန့်ဆေးရည်တွေ ဖြန့်ဝေတာတွေ လုပ်ပေးနေပါတယ်။ ဒီရက်အတွင်းမှာ ခရီးသွားတွေအတွက် ပြေးဆွဲလိုတဲ့ယာဉ်တွေကို အခက်အခဲအနည်းဆုံးနဲ့ သယ်ယူပို့ဆောင်နိုင်အောင် YRTA ကနေ CNG ဖိုးကို ကျခံပြီးတော့ ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

လက်ရှိတွင် ဝိုင်ဘီအက်စ် ၂၁၊ ၃၉၊ ၄၁ ယာဉ်လိုင်းများသည် ရုံးပိတ်ရက်အတွင်း တစ်နာရီခြားတစ်စီးနှုန်းဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးနေပြီး ခရီးသည်စီးနင်းမှုအပေါ်မူတည်ကာ ပြေးဆွဲမှုများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ပြည်သူတွေအများစုက လိုက်နာဆောင်ရွက်ကြပါတယ်။ ၇၀ ရာခိုင်နှုန်းလောက်က နှာခေါင်းစည်းတွေ တပ်လာကြတယ်။ ကျန်းမာရေးအသိပိုပြီးအားကောင်းတဲ့သဘောရှိတယ်။ ၃၀ ရာခိုင်နှုန်းလောက်ပဲ နှာခေါင်းစည်းတပ်ပေးရတဲ့ အနေအထားရှိပါတယ်။ ၃၀ ရာခိုင်နှုန်းမှာ တစ်ဝက်လောက်ဝယ်သုံးကြပါတယ်"ဟု ပြည်သူများ လိုက်နာဆောင်ရွက်မှုကို ဦးသက်တင်ဝင်း (ခ) ကိုတရုတ်လေးက ရှင်းပြသည်။

Power Eleven Public ကုမ္ပဏီလီမိတက်အနေဖြင့် ရန်ကုန်မြို့တွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် ဝိုင်ဘီအက်စ် ၂၁၊ ၃၉၊ ၄၁ ယာဉ်လိုင်း သုံးလိုင်းနှင့် ယာဉ်စီးရေ ၂၅၀ ခန့် ပြေးဆွဲပေးလျက်ရှိပြီး ယာဉ်များကိုလည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

## မကွေးမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အများသုံးလက်ဆေးကန်များ ကျေးရွာအရောက် တပ်ဆင်ပေး

**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ အများပြည်သူနှင့် သက်ဆိုင်သည့် အများသုံးလက်ဆေးကန်များကို ကွင်းဆင်းတပ်ဆင်ပေးလျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးဦးဆောင်၍ ဌာနဝန်ထမ်းများကိုယ်တိုင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ဆေးကန်၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် ရေပုံး၊ ရေခွက်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အများသုံးလက်ဆေးဘေစင်များကို လူစည်ကားသည့် နေရာများဖြစ်သော ကျေးရွာဈေးများ၊ ကျန်းမာရေးဌာနများ၊ ရောဂါထိန်းချုပ်ရေး စခန်းများ၊ ဘာသာရေးဆိုင်ရာ နေရာများတွင် သက်ဆိုင်ရာမကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မကွေး ဝင်းမောင်**





COVID-19 ကုသရေးဌာန (ဖောင်ကြီး)ရှိ အထူးကြပ်မတ်ကုသဆောင် (ICU-1)၌ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထည့်သွင်းဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)ရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများ ထည့်သွင်းဆောင်ရွက်

**လှည်းကူး မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ဝင်းအတွင်း၌ ကိုဗစ်-၁၉ လူနာများအား ထားရှိကုသမည့် အထူးကြပ်မတ်ကုသဆောင်များအား မေ ၁၉ ရက်၌ အပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

**တာဝန်ယူဆောင်ရွက်**

"ကျန်းမာရေးစင်တာကို အမြန်ဆုံးဖွင့်နိုင်ရေးအတွက် ICU အဆောက်အဦ ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၁၄ ရက်က အပြီးသတ်ဆောင်ရွက်ခဲ့ပါတယ်၊ လက်ရှိမှာတော့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်တဲ့ အောက်ဆီဂျင်ပိုက်လိုင်းများကို တပ်ဆင်နေပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါပြီ၊ ကျန်းမာရေးစက်ပစ္စည်းအားလုံးထည့်ပြီးဖြစ်တဲ့ မေ ၁၉ ရက်မှာ ICU ကိုအပ်နှံတော့မှာ ဖြစ်ပါတယ်၊ လူနာဆောင်တွေဖွင့်လှစ်ပြီဆိုရင် လာရောက်တာဝန်ထမ်းဆောင်ကြမယ့် ဆရာဝန်၊ သူနာပြုများအပါအဝင် ကုသမှုအထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ နေထိုင်ရေး၊ စားသောက်ရေးတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ICU-1 အတွက် တာဝန်ယူဆောက်လုပ်ပေးသည့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)၏ ကြိုတင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကဆေးရုံများအသင်းတို့က ပြီးခဲ့သည့် မတ် ၃၁ ရက်မှစတင်ကာ တာဝန်ယူဆောက်လုပ်မွမ်းမံပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ အတည်ပြုလူနာများအား ထားရှိမည့်အထူးကြပ်မတ်ကုသဆောင်များအတွက် အဆောက်အဦများအား ပြင်ဆင်ဆောင်ရွက်ခဲ့ကြရာ အထူးကြပ်မတ်ကုသဆောင် ICU-1 ၌ ၁၀ ဦး၊ ICU-2 ၌ ၁၀ ဦး၊ ICU-3၌ ၁၀ ဦးနှင့် ICU-4 ၌ ခုနစ်ဦးတို့ဖြင့် ICU အဆောင်များ၌ လူနာ ၃၇ ဦးထားရှိကုသနိုင်စေရန်ဆောင်ရွက်ခဲ့ကြကြောင်း၊ အထူးကြပ်မတ်ကုသဆောင်လေးဆောင်စလုံးအား ကြမ်းခင်းများပြုပြင်ခြင်း၊ အမိုးနှင့် မျက်နှာကြက်များခွာ၍ အသစ်လဲလှယ်ခြင်းနှင့် အတွင်းရှိ နံရံအကာများအား အပြည့်အစုံပြုပြင်ဆောင်ရွက်ထားခြင်း၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများအား အသစ်ဆောက်လုပ်ခြင်းများအပါအဝင် ICU ၏ ဘေးတစ်ဖက်တစ်ချက်စီ၌ လူနာစကြံလျှောက်လမ်း၊ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုပညာရှင်များအတွက် စင်္ကြံလျှောက်လမ်းတို့အား အသစ်ခင်းကျင်း ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

**ပြင်ဆင်ဆောင်ရွက်**

လာရောက်တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန် ၉၆ ဦး နေထိုင်ရန်အတွက် ဒဂုံဆောင်၌ အခန်း ၄၈ ခန်းနှင့် မြတ်လေးဆောင်၌ အခန်း ၄၈ ခန်းဖြင့် အခန်း စုစုပေါင်း ၉၆ ခန်း၊သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် အထောက်အကူပြုပညာရှင် ၁၁၂ ဦး နေထိုင်ရန်အတွက် ဥတ္တရဆောင်၌ အခန်းတစ်ခန်းလျှင် ၂ ဦးနှုန်းစီဖြင့် အခန်း ၅၆ ခန်းတို့အား ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ICU အတွင်းပိုင်းရှိ အောက်ဆီဂျင်ပိုက်လိုင်းများ၊လေစုပ်ထုတ်သည့် စနစ်နှင့် ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများ အသုံးပြုရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လူနာများအတွက် ဆေးရုံသုံးပစ္စည်းများ တပ်ဆင်ရန် အဆင်သင့်ဆောင်ရွက်ထားရှိ၍ လိုအပ်သည့်အချက်များအား ဆောင်ရွက်ပေးထားကြောင်း ICU-4 အတွက်တာဝန်ယူဆောက်လုပ်ပေးသည့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် ပြန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြောသည်။

ယခုအခါ ပုဂ္ဂလိကဆေးရုံများက လှူဒါန်းထားသော ခုတင်စုစုပေါင်း ၄၀၀ ကျော်ရှိကြောင်းသိရပြီး အထူးကြပ်မတ်ကုသဆောင် (ICU) နှစ်ဆောင်အတွက် ခုတင် ၂၀ ကိုလည်းကောင်း၊ လူနာဆောင် တစ်ဆောင်လျှင် ခုတင် ၁၂၀ စီပါဝင်သော သရဖီဆောင်၊ ခွာညိုဆောင်၊ ခတ္တာဆောင်နှင့် သဇင်ဆောင်တို့အတွက် High Dependency Unit အဖြစ် အသုံးပြုနိုင်မည့် လူနာခုတင် ၄၈၀ ကိုလည်းကောင်း ပထမအဆင့်အနေဖြင့် စုစုပေါင်း ခုတင် ၅၀၀ ထားရှိမည့် ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) အား မေ ၂၁ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

## နတ်မောက်၊ မြို့သစ်နှင့် မကွေးမြို့နယ်တို့အတွက် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့်ဘေစင်များ လှူဒါန်း

**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာ ကျန်းမာရေးစိစစ်စခန်းတွင် ကြာကန်အခြေစိုက် ကျေးလက်မြေပရဟိတအဖွဲ့က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် ဘေစင်များကို ယနေ့နံနက်ပိုင်းက ကျေးရွာ ၁၀ ရွာသို့ လှူဒါန်းခဲ့သည်။

"မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ရွာ အခြေစိုက်ကျေးလက်မြေအဖွဲ့က ကူညီချိတ်ဆက်ပြီး ဒီနေ့ မေ ၁၇ ရက်မှာ နတ်မောက်၊ မြို့သစ်နဲ့ မကွေးမြို့နယ်တို့မှာရှိတဲ့ ကျေးရွာပေါင်းဆယ်ရွာကျော်က ဆေးပေးခန်းအချို့နဲ့ ကိုဗစ်-၁၉ ကာကွယ်ရေးစခန်းတွေကို လှူဒါန်းပေးထားပါတယ်။ မြို့သစ်မြို့နယ်မှာဆိုရင်တော့ သားမျှားကျေးရွာအတွက် ဆရာမ ဒေါ်ဝါဝါခိုင်မှတစ်ဆင့် လှူဒါန်းပေးလိုက်ပါတယ်။


"မြို့သစ်မြို့နယ် ထောက်ရာတန်းအုပ်စု ဇင်းဗျိုးရွာအတွက်လည်း နှာခေါင်းစည်းနဲ့ လက်သန့်ဆေးများ လှူဒါန်းပေးခဲ့သလို နတ်မောက်မြို့နယ်အတွက်တော့ လင်းကတိုးရွာ၊ သမုန်းပင်အနောက်ရွာနဲ့ တံခွန်တိုင်ကျေးရွာအစရှိသော သုံးမြို့နယ်အတွက် နှာခေါင်းစည်း အခုရေ ၁၀၀၀ နဲ့ လက်သန့်ဆေးရည်၊ ဘေစင်များကို ကျေးလက်မြေအဖွဲ့က ကူညီချိတ်ဆက်ကာ လှူဒါန်းပေးလိုက်ပါတယ်" ဟု ကြာကန်ကျေးလက်မြေအဖွဲ့မှ ကိုဇော်မင်းထိုက်က ပြောသည်။

**မကွေးဝင်းမောင်**



# ရှေ့နေနှင့် ကျွန်တော်သတင်းထောက်

ဦးဟန်ညွန့် (ဥပဒေ)




**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးက ဘာလဲဆရာ"

"ရှေ့နေနှင့် ကျွန်တော်သတင်းထောက်ပါတဲ့"

"ဒီခေါင်းစဉ်ကို ကြားဖူးသလိုလိုရှိတယ် ဆရာ"

"ကြားဖူးမှာပေါ့၊ ဆရာကြီး လူထုဦးလှရေးခဲ့တဲ့ စာအုပ် အမည်ပဲလေ"

" သြော်- ဟုတ်သားပဲ"

"ဒါဖြင့်၊ ဖတ်ကြည့်ကြစို့"

**ကြိမ်ဖန်များစွာ**

ဘယ်နှကြိမ်ပြန်ဖတ်ဖတ် အရသာရှိသည်။ ထပ်ဖတ်ချင်သည်။ မပျင်းရ၊ မညည်းငွေ့ရ၊ ဆွဲဆောင်သည်။ လက်ကမချချင်။ လူထုဦးလှစကားနှင့်ပြောရလျှင် "ရုပ်မြင်သံကြားသတင်းတွေ ဗီဒီယိုလို ဂျာနယ်လစ်ဇင်းတွေ ပေါ်လာတဲ့အတွက် သတင်းစာဂျာနယ်လစ်တွေဟာ သမိုင်းအမှိုက်ပုံထဲ ရောက်မသွားပါဘူး။ သတင်းထောက်လုပ်တဲ့အတတ်ပညာဟာ ဆက်လက်ထွန်းကားနေဦးမှာပါ" ဟု ကျွန်တော် ရေးပါရစေ။ ထိုစာအုပ်မှာ စာရေးဆရာ သတင်းစာဆရာကြီး လူထုဦးလှ ရေးခဲ့သော "ကျွန်တော်သတင်းထောက်" စာအုပ်ဖြစ်ပေသည်။ ၂၀၁၂ ခုနှစ်တွင် ကြီးပွားရေး စာအုပ်တိုက်က ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။

**စာအုပ်ဝေဖန်ချက်မဟုတ်ပါ**

ဤဆောင်းပါးသည် စာအုပ်ဝေဖန်ချက် မဟုတ်ပါ။ ဆရာကြီး လူထုဦးလှ၏ တပည့်တစ်ဦးဖြစ်သော ကျွန်တော့်အနေဖြင့် ဆရာကြီး၏စာအုပ်ကို ဝေဖန်ခြင်းငှာ မစွမ်းသာပါ။ လေ့လာသင်ယူဆည်းပူး၍ ထပ်ဆင့်မျှဝေ ဂါရဝပြုခြင်းမျှသာ ဖြစ်ပါသည်။

**သတင်းစာပညာ**

သတင်းစာပညာသည် ကျွန်တော်တို့လူငယ်များအတွက် စွဲမက်ဖွယ်ပညာရပ်ဖြစ်သည်ဟု ယုံကြည်သည်။

သတင်းစာဆရာကြီး လူထုဦးလှက ကျွန်တော်တို့တိုင်းပြည်မှာ မြန်မာသတင်းစာရယ်လို့ ပီပီသသ ဟန်ကျပန်ကျပေါ်လာတာ မြန်မာသံတော်ဆင့်သတင်းစာ ထုတ်တဲ့ ၁၈၇၁ ခုနှစ်ကမှလို့ ကျွန်တော်ယူဆပါတယ်။ ၁၀၁ နှစ်သာရှိသေးတာပေါ့။ ဒီအထက် ၃၅ နှစ်လောက်အတွင်းမှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ သတင်းစာတချို့ရှိပါတယ်။ မြန်မာဘာသာနဲ့ထုတ်တာလည်း နည်းနည်းပါးပါး ရှိပါတယ်။ ဒါပေမယ့် မြန်မာသံတော်ဆင့်သတင်းစာ၊ မြန်မာသတင်းစာ၊ လောကီသုတပညာသတင်းစာ၊ ရတနာပုံနေပြည်တော်သတင်းစာ စတဲ့ သတင်းစာတွေ ထွက်လာမှပဲ ပြောလောက်ဆိုလောက် မြန်မာသတင်းစာတွေ ရှိလာတာပဲ။

သတင်းစာနဲ့ နိုင်ငံရေးလှုပ်ရှားတိုးတက်မှုဟာ တွဲနေပါတယ်။ ဒါကြောင့် ၁၉၀၆ ခု ဝိုင်အမ်ဘီအေအသင်းများ စပေါ်ပြီးတဲ့နောက် ဂျီစီဘီအေ လှုပ်ရှားမှုတွေနဲ့အတူ မြန်မာသတင်းစာတွေ အင်အားကောင်းလာတာကို တွေ့ရတယ်။ ၁၉၁၁ ခုနှစ်မှာ သူရိယသတင်းစာထွက်လာတယ်။ ၁၉၁၄ ခုနှစ်မှာ မြန်မာ့အလင်းသတင်းစာ စထုတ်ကြတယ်ဟုရေးပြီး သတင်းစာသမိုင်းကို မိတ်ဆက်ခဲ့သည်။

**ထိုခေတ်ထိုအခါ**

ထိုခေတ်ထိုအခါက သတင်းထောက်တွေ ဘယ်လိုအလုပ်လုပ်ခဲ့ကြပါသလဲ။ ဘယ်လိုစွန့်စွန့်စားစား ကြိုးစားခဲ့ကြပါသလဲ။ ဒီနေ့လူငယ်တွေ သတင်းထောက်လုပ်ချင်သူတွေက ဘယ်လို နမူနာယူရမည်လဲ။ စံပြုရမည်လဲ ဆိုသည်ကို လူထုဦးလှက ရေးသားပြခဲ့သည်။ အဆိုပါ သတင်းထောက်ကြီးများမှာ - (၁) ဦးထွန်းဖေ၊ (၂) ဦးမောင်မောင်ခင်၊ (၃) ဦးအမ်ဘိုးချိန်၊ (၄) ဦးသုခ၊ (၅) ဦးလှထွန်းဖြူ၊ (၆)ဦးဘသန်း၊ (၇) မစ္စတာချက်တာဂျီ တို့ဖြစ်ပါသည်။

(၁) ဦးထွန်းဖေ

- ဖဆပလခေတ်က ပြန်ကြားရေးဝန်ကြီး တာဝန်ထမ်းခဲ့သူ
- သို့သော် သတင်းထောက်/ သတင်းစာဆရာ အဖြစ်သာ အသိအမှတ်ပြု
- ၁၉၂၂ ၊ သူရိယသတင်းစာတိုက်သို့ စတင်ရောက်ရှိ ဆူးလေဘုရားလမ်း၊ အမှတ် (၁၁) ဦးမောင်မောင်အုံးခိုင် တိုက်အပေါ်ထပ်မှာရှိ၊
- ဦးတုတ်ကြီးက အယ်ဒီတာချုပ်
- နေ့စား သတင်းထောက် တစ်နေ့ ၃ ကျပ် ရသည်
- မြန်မာထဲက ရိုက်တာကြေးနန်းသတင်းထောက် ပထမဆုံးလုပ်ခဲ့သူ
- ကြွက်စုတ်ကြီး အခန်းဖွင့်ပြီး မစ္စတာမောရစ်ကောလစ်အကြောင်းနှင့် ၁၉၃၀ ပြည့်နှစ် အခြေအနေ (ပြည့်တန်ဆာ ပြဿနာ) အကြောင်းရေးခဲ့သည်။

(၂) ဦးမောင်မောင်ခင်

- ၁၉၂၀၊ သတင်းစာနယ်ထဲဝင်ခဲ့
- ၁၈၉၆၊ စက်တင်ဘာ (၁၃)၊ ပုသိမ်မှာ မွေးဖွား
- ၁၉၄၁၊ မြန်မာ့အလင်းသတင်းစာ၊ အယ်ဒီတာချုပ်
- မောင်းသတင်း (ဒူ ဟူ ဟူ ) နာမည်ကြီးခဲ့

(၃) ဦးအမ်ဘိုးချိန်

- သူရိယသတင်းစာတိုက် သတင်းထောက်၊ သတင်းအယ်ဒီတာ
- လွယ်အိတ်ကြီး ဦးဘလှိုင်က "သတင်းထောက်" ဟူသော အသုံးကို စတင်ခေါ်ခဲ့
- ၁၉၃၁၊ ဇန်နဝါရီ (၁၂) ရက်နေ့မှာ သူရိယသတင်းစာကို တစ်ချက်လွှတ် ဥပဒေအရ ငွေတစ်သောင်း အာမခံတောင်းတယ်။ အာမခံတပ်ခိုင်းတာကို ကန့်ကွက်တဲ့အနေနဲ့ ခေါင်းကြီးပိုင်း မရေးဘဲနေတယ်။

(၄) ဦးသုခ

- စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ
- ငယ်စဉ်က သတင်းထောက်
- ၁၉၃၄ ၊ ကျိုက်လတ်၊ သူရိယသတင်းစာတိုက် သတင်းထောက်
- ရှင်းရှင်းနှင့် မြန်မြန် နားလည်အောင်ရေးမှသာ စာဖတ်ပရိသတ် လက်ခံမည်ဟု ယုံကြည်

(၅) ဦးလှထွန်းဖြူ

- ကျွန်တော်တို့ သတင်းစာဆရာ သတင်းထောက်ဆိုတာ နတ်ကတော်တွေလိုပဲ။ နတ်ဆိုင်းသံကြားရင် ကချင်တာပဲ။
- မှုခင်းသတင်း အလိုက်ကောင်းတယ်။ နိုင်ငံရေးသတင်းလိုက်တယ်။ ရေးတယ်။ ရခိုင်အမျိုးသား ခေါင်းဆောင်တစ်ဦး။
- မိန်းမခိုးမှု၊ လင်မယားကွာမှုတွေ သဘောကျတယ်။ ရေးလွန်းလို့ မြန်မာ့အလင်းဟာ ကာမအလင်းရယ်လို့ အခေါ်ခံလာရတယ်။
- ဆရာစံ ရုံးထုတ်လာတဲ့ ဓာတ်ပုံ မြန်မာ့အလင်းမှာ ဖော်ပြနိုင်ခဲ့တယ်။ ဦးလှထွန်းဖြူ ရေးတဲ့ ဆရာစံ နောက်ဆုံးခရီး သတင်းနာမည်ကြီးပါတယ်။

(၆) ဦးဘသန်း

- အထက်တန်းသတင်းထောက်၊ ညအယ်ဒီတာ
- သာယာဝတီ ဆရာစံ သတင်းခေါင်းကြီးပိုင်း ရေးသည်
- လူကိုသတ်၍ သေနတ် ငါးလက် ယူသွားပုံ သတင်း

(၇) မစ္စတာ ချက်တာဂျီ

- သတင်းထောက်၊ သတင်းဆရာကြီး တစ်ယောက်
- သတင်းရေးတယ်ဆိုတာ အလေ့အကျင့်ရှိမှရတယ်။ ကျွမ်းကျင်မှုလိုတယ်။ အတတ်ပညာတစ်ခုပဲ။ သတင်းထောက်ဆိုတာ အတွေ့အကြုံအများကြီးလိုတယ်။

**ဆရာကြီး လူထုဦးလှတို့ ခေတ်ကာလနှင့် ယနေ့ခေတ်ကာလ သတင်းမီဒီယာများ၏ အခန်းကဏ္ဍကို စိတ်ပါဝင်စားသူတိုင်း အဆိုပါစာတမ်းများကို နှိုင်းယှဉ်လေ့လာဆည်းပူးခြင်းဖြင့် သိရှိနိုင်... ဆရာကြီး လူထုဦးလှ၏ "ကျွန်တော်သတင်းထောက်" စာအုပ်ကို ထပ်မံဖတ်ရှုရလေလေ သတင်းမီဒီယာလောက၏ ထွန်းပြောင်သော အနှစ်သာရများကို ခံစားကြည်နူးရလေလေ...**

**အနှစ်ချုပ်**

စာရေးဆရာ သတင်းစာဆရာ လူထုဦးလှ ရေးသားသော ကျွန်တော်သတင်းထောက် စာအုပ်ထဲမှ ကျွန်တော်မှတ်သားမိသမျှ၊ နှစ်ခြိုက်မိသမျှ ကောက်နုတ်တင်ပြခြင်းမျှသာ ဖြစ်ပါသည်။ အနှစ်ချုပ် မှတ်စုသဘော အစီရင်ခံခြင်းမျှသာလည်း ဖြစ်ပါသည်။ အသေးစိတ်ကိုမူ ဖတ်လေဖတ်လေ မှတ်သားစရာများ တွေ့ရှိလေလေ ဖြစ်ပါသည်။ ဆရာကြီး လူထုဦးလှ၏ ဝါယမစိုက်ထုတ်မှုကြောင့် တန်ဖိုးကြီးမားလှသော သတင်းထောက်ကြီးများ၏ ဘဝနှင့်အတွေ့အကြုံများကို ယခုကဲ့သို့ စုစုစည်းစည်း မှတ်မှတ်သားသား ဖတ်ရှုရခြင်းလည်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်း**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌကြီး ဟံသာဝတီ ဦးအုန်းကြိုင် ဖတ်ကြားခဲ့သော မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်း (ယခု ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) ဖတ်ကြားခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာ သတင်းမီဒီယာများ စာတမ်းများကိုလည်း ယနေ့လူငယ်များ ဖတ်ရှုသင့်ပါသည်။ ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့သော မြန်မာ့သတင်းမီဒီယာသမိုင်း စာတမ်းများ စုစုပေါင်း ၁၂ စောင်ရှိပါသည်။ ဆရာကြီး လူထုဦးလှတို့ ခေတ်ကာလနှင့် ယနေ့ခေတ်ကာလ သတင်းမီဒီယာများ၏ အခန်းကဏ္ဍကို စိတ်ပါဝင်စားသူတိုင်း အဆိုပါစာတမ်းများကို နှိုင်းယှဉ်လေ့လာဆည်းပူးခြင်းဖြင့် သိရှိနိုင်ပါမည်။

**နိဂုံး**

ဆရာကြီး လူထုဦးလှ၏ "ကျွန်တော်သတင်းထောက်" စာအုပ်ကို ထပ်မံဖတ်ရှုရလေလေ သတင်းမီဒီယာလောက၏ ထွန်းပြောင်သော အနှစ်သာရများကို ခံစားကြည်နူးရလေလေ ဖြစ်မိပါကြောင်း . . . ။ ။

## ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၁၄၅ ဦး လွတ်မြောက်

**ထားဝယ် ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်မှ ယနေ့နံနက်ပိုင်းက အကျဉ်းသား ၁၄၀ နှင့် အကျဉ်းသူငါးဦး စုစုပေါင်း ၁၄၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား အကျဉ်းသူများအား အမှတ်(၁၂) ခတင်(၁၀၀)ဆေးတပ်ဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဖြစ်သည့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့သည်။

ထားဝယ်ခရိုင်
(ပြန်/ဆက်)

ကြေးမုံ





## သီတဂူသာသနာပြုအဖွဲ့၏ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ သီတဂူနှစ်ဦးအလှူတော်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မုံရွာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှနှင့် စစ်ကိုင်းခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများသည် ယနေ့ နံနက် ၈ နာရီက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အပြည်ပြည်ဆိုင်ရာ သီတဂူဝိပဿနာအကယ်ဒမီကျောင်း၌ သီတဂူဆရာတော် အရှင်ဉာဏိဿရ အမှူးပြုသော သီတဂူသာသနာပြုအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့ မလွန်ဈေး ဆန်အလှူအသင်းကြီးတို့ ပူးပေါင်း၍ ကျင်းပသော စစ်ကိုင်းမင်းကွန်း၊ မင်းဝံတောင်ရိုးကြီးသုံးရပ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာ၊ မသန်စွမ်းဂေဟာတို့အား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ လှူဒါန်းပွဲသို့ တက်ရောက်လှူဒါန်းကြသည်။

ယနေ့ ၁၃၈၂ ခုနှစ် သီတဂူနှစ်ဦး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကျောင်းပေါင်း ၈၅၁ ကျောင်းတို့မှ ရဟန်းသာမဏေ ၄၆၇၈ ပါး၊ သီလရှင်အပါး ၆၀၀၀၊ အဘိုးအဘွား၊ မသန်စွမ်း၊ အမျိုးသမီးဂေဟာ ၂၆၃၃ခုတို့မှ စုစုပေါင်းအလှူခံပုဂ္ဂိုလ်ပေါင်း ၁၃၃၁၁ ဦးအတွက် သီတဂူဆရာတော်ကြီးက အမေရိကန်ဒေါ်လာ ၁၀၀၀၀နှင့် ဆန်တင်းပေါင်း ၁၅၂၀၀ အတွက် တန်ဖိုးငွေကျပ် ၃၁၆၀၀၀၀၀၊ ဆီပိဿာပေါင်း ၁၆၂၀၀ အတွက် တန်ဖိုးငွေကျပ် ၁၂၀၈၀၀၀၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃၆၈၀၀၀၀၀ ကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## မုဒုံမြို့နယ်ရှိ သီးခြားစောင့်ကြည့်ရေးစခန်းသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

**မုဒုံ မေ ၁၇**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအေးဇံ၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးနှင့်အဖွဲ့တို့သည် မုဒုံမြို့နယ် မြို့မ(၃)ရပ်ကွက်ရှိ အထက(၃) မုဒုံကျောင်းသို့ ယနေ့နံနက် ၁၀နာရီခွဲကရောက်ရှိကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမြင့်သိန်းဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများ၊လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အထက(၃)မုဒုံကျောင်းရှိ ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိသူ အမျိုးသား ၂၀၊ အမျိုးသမီး ၂၀ စုစုပေါင်း ၄၀ တို့ရှိရာ အဆောင်များကို လိုက်လံစစ်ဆေးခဲ့သည်။

ဆက်လက်၍ အထက(၃)မုဒုံကျောင်းရှိ ရုံးခန်း၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က မေ ၃၀ ရက်တွင် ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာမည့် ပြည်သူများ သီးခြားစောင့်ကြည့်ရေးစခန်း(CBFQ) သို့ မေ ၁ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ထိုသို့ပြန်လည်ဝင်ရောက်လာသူများထဲတွင် ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးတွင် နေထိုင်သူများပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါပြန်လည်ဝင်ရောက်လာသူများအား ကားလမ်းမကြီးနှင့် နီးသည့် သီးခြားစောင့်ကြည့်ရေးစခန်းများထားရှိရန်စီစဉ်မည်ဖြစ်သည့်အတွက် မုဒုံမြို့နယ်အတွင်းရှိ အထက(ကွေ့ဝမ်း)၊ အထက(၁)မုဒုံ၊ အထက(၂)မုဒုံ၊ အထက(၃)မုဒုံ၊ အလက(သဘော်ဘဦး)၊ အထက (ကမာဝက်)၊ အထက(တံခွန်တိုင်)၊ အထက(နီးပဒေါ)ကျောင်းများနှင့် အခြားသီးခြားထား၍ရသည့် နေရာများကိုလျာထားကြောင်း ပြောကြားခဲ့သည်။

ထိုနေရာများ၌ ပြည်ပမှပြန်လည်ရောက်ရှိမည့်ပြည်သူများကို စနစ်တကျစောင့်ကြည့်သွားရန်နှင့် သောက်သုံးရေ၊ အစားအသောက်စသည့် အစစအရာရာအဆင်ပြေအောင် စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိရန်အတွက် လိုအပ်သည်များကို ဖြည့်စွက်စီစဉ်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ**
**(ပြန်/ဆက်)**





## ပြည်ပမှနေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်လာပါက ကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာအား ကရင်ပြည်နယ်ဝန်ကြီးချုပ် လိုက်လံကြည့်ရှု

**ကြာအင်းဆိပ်ကြီး မေ ၁၇**

ကမ္ဘာလုံးဆိုင်ရာကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ နယ်စပ်(ချက်ပွိုင့်)ဂိတ်မှ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်ပြည်သူများအား ကြာအင်းဆိပ်ကြီးမြို့တွင် ထားကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

အဆိုပါတိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်ပြည်သူများအား ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၇၄ ဦး၊ အမှတ်(၅) မူလတန်းလွန်ကျောင်းတွင်၇၁ ဦးထားကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ပြည်ပမှနေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်လာလျှင် စောင့်ကြပ်ကြည့်ရှုနိုင်ရေးအတွက် မေ ၁၆ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကန့်သတ်စောင့်ကြည့်ထားရှိမည့် ကြာအင်းရွှေဒိုးကျေးရွာအုပ်စု မင်္ဂလာကုန်းကျေးရွာရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ရွှေဒိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက စောင့်ကြပ်ကြည့်ရှုစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

## ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန် ကျီခါးတိုက်နယ်ဆေးရုံ ကြည့်ရှုစစ်ဆေး

**ကျီခါး မေ ၁၇**

ချင်းပြည်နယ် ကျီခါးမြို့သို့ရောက်ရှိနေသည့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် နံနက် ၉ နာရီက ကျီခါးတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား နှစ်သိမ့်အားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ကျီခါးတိုက်နယ်ဆေးရုံမှ ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆေးရုံသုံးပစ္စည်းထားရှိမှုအခြေအနေများ၊ Isolation Room ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အရေးပေါ်လူနာဆောင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံတာဝန်ခံဒေါက်တာထန်ဆန်းက အဆိုပါလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်လူမှုရေးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် ကျီခါးတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား လိုက်လံနှစ်သိမ့်အားပေးခဲ့ပြီး လူနာတစ်ဦးချင်းအလိုက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန်**
**(ပြန်/ဆက်)**

○

## လှိုင်းဘွဲ့မြို့နယ်၌ သက်ကြီးဘိုးဘွား ၉၇ ဦးအား လှူဖွယ်ဝတ္ထုပစ္စည်းဖြင့် အိမ်တိုင်ရာရောက် လှူဒါန်း

**လှိုင်းဘွဲ့ မေ ၁၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မဟာသင်္ကြန်နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**လိုက်လံကန်တော့**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ရှိ အသက် ၈၀အထက် သက်ကြီးဘိုးဘွား ၉၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၈၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများဖြင့် အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## အခြေခံစားသောက်ကုန်များ သွားရောက်လှူဒါန်း

**ရန်ကုန် မေ ၁၇**
ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံ ( ဆိပ်ကမ်း ) မြို့နယ်ရှိ နွမ်းပါးသည့် အိမ်ထောင်စုများထံသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင် ဦးဆောင်သည့် We Love Yangon ပရဟိတအဖွဲ့ဝင်များက အလှူရှင်များလှူဒါန်းထားသည့် အိမ်ထောင်စု(၁)စုလျှင် ကျပ် ၁၀၀၀၀တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်နီ နှင့်ငရုတ်သီးမှုန့် ( Package C ) တို့ကို အိမ်ထောင်စု ၇၅၀ အတွက် မေ ၁၄ ရက် က အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းကြသည်။

ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအတွက် အလှူရှင်များက ပါဝင်လှူဒါန်းလိုပါက အိမ်ထောင်စု(၁)စုအတွက် အခြေခံစားသောက်ကုန်များပါဝင်သည့် Package ( A ) အတွက် ကျပ် ၁၆၀၀၀၊ Package ( B ) အတွက် ကျပ် ၁၂၀၀၀၊ Package ( C ) အတွက် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်သည်။

အလှူရှင်များအနေဖြင့် We Love Yangon Bank Account ဖြင့် ဖွင့်လှစ်ထားသည့် ၀၀၈၀၂၀၂၀၁၀၃၃၃၁၄၅ (AYA )၊ ၁၇၃၁၀၂၀၇၀၀၁၀၈၅၅၀၁ (KBZ)၊ ၀၉၅၁၆၈၂၅၀ (KBZ Pay)၊ ၀၀၈၆၁၀၀၁၀၀၀၄၉၁၄၇ (CB) ဘဏ်များသို့ ကိုယ်တိုင်ရိုက်ထည့်ဝင်လှူဒါန်းနိုင်ကာ လှူဒါန်းပြီးပါက We Love Yangon ပြန်ကြားရေး တာဝန်ခံ ဖုန်း၀၉-၇၈၆၆၅၇၂၇၄ Viber သို့ ဘဏ်စလစ်မူရင်းအား မိတ္တူပေးပို့ပါရန် မေတ္တာရပ်ခံထားသည်။

**အောင်သူရ**



## ကျွန်းလှမြို့နယ်၌ အခြေခံစားသောက်ကုန်များထောက်ပံ့

**ကျွန်းလှ မေ ၁၇**
နိုင်ငံတော်မှပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက်ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့်ပဲတို့ကို ထောက်ပံ့ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အိမ်ထောင်စု ၇၅၇၃ စုအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များကို မေ ၁၂ ရက်မှစတင်ကာ အိမ်ထောင်(၁)စုလျှင် ဆန်(၁) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာနှုန်းဖြင့် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပြီး ကျန်ရှိအိမ်ထောင်စုများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းကာ စနစ်တကျ ဆက်လက်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရန်ကုန်မြို့မှပြန်လာသည့် ခရီးသွားများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် အချက်အလက်များရယူ

**ရေတာရှည် မေ ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့နှင့် အခြားသောဒေသများပြန်မှ ပြန်လာသူများ၊ ခရီးသွားကြသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ အချက်အလက်မှတ်တမ်းများရယူခြင်းတို့ ဆောင်ရွက်နေပြီဖြစ်သည်။ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စိစစ်ဆောင်ရွက်ရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရေတာရှည်မြို့နယ်သို့ ပြန်လည်ဝင်ရောက်လာသူ ငါးဦးအား ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ထားရှိမည့် ရေတာရှည် အထက ကျောင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ စစ်ဆေးဆောင်ရွက်မှုလုပ်ငန်းများကို ရက်အကန့်အသတ်မရှိ နေ့/ည ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအား ထပ်ဆင့်ပေးအပ်

**မလှိုင် မေ ၁၇**
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ထောက်ပံ့ပေးအပ်သည့် ကျန်းမာရေးသုံးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ပွဲကို မေ ၁၆ ရက် ညနေက မလှိုင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးက တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန် (၃) ပိဿာ၊ ပဲ (၁)ပိဿာ၊ ကြက်ဥ (၁၀) လုံး၊ ခေါက်ဆွဲ (၁၀) ထုပ်၊ ကော်ဖီမစ် အထုပ်သေး (၅)ထုပ်၊ ဘီစကစ် (၂)ထုပ်နှင့် နှာခေါင်းစည်း ၃၀ တို့ကို ဝန်ထမ်းတစ်ဦးချင်းစီအား ထပ်ဆင့်ပေးအပ်ခဲ့သည်။

အဆိုပါနေ့က မြို့နယ်ရုံးနှင့် ရပ်ကွက် ၊ ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်း ၈၅ ဦးအား ကျန်းမာရေးသုံးပစ္စည်းအပါအဝင် စားသောက်ကုန်ပစ္စည်း (၁၀) 



မျိုးကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မလှိုင်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၆ အုပ်စုနှင့် ကျေးရွာပေါင်း ၂၄၇ ရွာရှိကြောင်း သိရသည်။

**အောင်ဌေး**
**(မလှိုင်)**

## ပွင့်ဖြူမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ အိမ်တိုင်ရာရောက် လိုက်လံရောင်းချ

**ပွင့်ဖြူ မေ ၁၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချနေသောဈေးများအားလုံး ယာယီပိတ်ထားလျက်ရှိရာ မြို့ပေါ်ရပ်ကွက်နေပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် မေ ၁၆ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့ ရွှေသုံးဘီးယာဉ်အဖွဲ့နှင့် မြို့ပေါ်ရှိ ပရဟိတလူငယ်များအဖွဲ့က ဦးဆောင်ကာ မော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်များအသုံးပြု၍ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးလျက်ရှိသည်။

ထိုသို့ အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးရာတွင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အခက်အခဲမဖြစ်စေရေးအတွက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမပြုဘဲ ပုံမှန်ဈေးနှုန်းအတိုင်းသာ ရောင်းချပေးကြောင်း၊ ရောင်းချသော အခြေခံစားသောက်ကုန်ပစ္စည်းများမှာ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ နံနံပင်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မျှစ်၊ အာလူး၊ ပဲပင်ပေါက် စသည့် ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ကြက်ဥ၊ ဘဲဥ၊ အသားငါးမျိုးစုံတို့ကို ရောင်းချပေးကြောင်း သိရသည်။



အဆိုပါ အခြေခံစားသောက်ကုန်ပစ္စည်းများအား အိမ်တိုင်ရာရောက် ရောင်းချပေးနိုင်ရေးအတွက် ပွင့်ဖြူမြို့ ရွှေသုံးဘီးယာဉ်အဖွဲ့မှ လိုအပ်သော မော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်များကို ပံ့ပိုးကူညီပေးပြီး မြို့ပေါ်ရှိ ပရဟိတလူငယ်များအဖွဲ့က မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အပါအဝင် အနီးဝန်းကျင်ကျေးရွာများကို လိုက်လံရောင်းချပေးနေကြောင်းသိရသည်။ ယခုလို အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးများမဖွင့်သည့်ရက်များအတွင်း နေ့စဉ် နံနက် ၈ နာရီတွင် ပုံမှန်သွားရောက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပရဟိတ လူငယ်အဖွဲ့ခေါင်းဆောင် ကိုပေတူးထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကောလင်းမြို့နယ်၌ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ဆက်လက်ဖြန့်ဝေ

**ကောလင်း ဧပြီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို ဧပြီ ၁၀ ရက်မှ စတင်၍ ရပ်ကွက်၊ ကျေးရွာပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁၆ ရက်က အိမ်ထောင်စု ၂၇၁၅ စုအား ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန် (၅)မျိုးဖြစ်သော ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာတို့ကို အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သေးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရပ်ကွက်၊ ကျေးရွာပြည်သူများထံအရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကောလင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုမှ ထောက်ပံ့ပစ္စည်းငါးမျိုးကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၁၂၅၄၇ စု အား ထောက်ပံ့ပေးခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာများကိုလည်း အဆင့်ဆင့်ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**





## ညောင်လေးပင်မြို့နယ်၌ ထောက်ပံ့ရေးပစ္စည်း(၅)မျိုး ပေးအပ်

**ညောင်လေးပင် ဧပြီ ၁၇**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော စားသောက်ကုန် ငါးမျိုးအား ညောင်လေးပင်မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ဧပြီ ၁၆ ရက် နံနက် ၁၀ နာရီက သာသနာ့ဗိမာန်၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ပေးအပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စားသောက်ကုန်(၅)မျိုးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြန့်ဝေပေး**

ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် အိမ်ထောင်စု(၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာနှင့် ဆား (၅၀) ကျပ်သားတို့ကို ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ညောင်လေးပင်မြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၁ အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၆၃၂၅ စု ရှိကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

## မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ အခြေခံစားသောက်ကုန်များ မူရင်းဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မိတ္ထီလာ ဧပြီ ၁၇**
မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၃၈၀ သို့ ဧပြီ ၁၈ ရက်မှစတင်ပြီး အခြေခံစားသောက်ကုန်များကို မူရင်းဈေးနှုန်းဖြင့် မိတ္ထီလာဒေသခံ ပရဟိတလူငယ်များအဖွဲ့နှင့် အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) တို့ပူးပေါင်း၍ အရောက်ပို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၃၈၀ ကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့နဲ့ ချိတ်ဆက်အကူအညီရယူပြီး မူရင်းဈေးနှုန်းနဲ့ပဲ အခြေခံစားသောက်ကုန်တွေကို ကျေးရွာအရောက်ပို့စနစ်နဲ့ ဧပြီ ၁၈ ရက်က စတင်ပြီး ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ဆန် (၆) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန် (၁)ပိဿာ၊ ငါးသေတ္တာ (၄)ဘူးတို့ကို မူရင်းကျသင့်ဈေးနှုန်း ကျပ် ၁၂၀၀၀ နဲ့ ကျေးရွာတွေအရောက်ပို့ဆောင် ရောင်းချပေးမှာဖြစ်ပါတယ်။ ဒီလိုရောင်းချပေးတဲ့ ရည်ရွယ်ချက်က ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကာလအတွင်းမှာ မြို့မဈေးကြီးနဲ့မြို့ပေါ်ဈေးတွေကို ကျေးလက်ဒေသခံတွေ စုစုရုံးရုံးနဲ့ ဈေးလာဝယ်တာမျိုးမဖြစ်ရအောင်ရယ်၊ တချို့လူတွေက အခြေခံစားသောက်ကုန်တွေ ဝယ်ယူစုဆောင်းကြတဲ့အခါ ကုန်ဈေးနှုန်းမြင့်တက်လာနိုင်တာကြောင့် ကုန်ဈေးနှုန်းလျော့ကျစေဖို့ ရည်ရွယ်တာဖြစ်ပါတယ်"ဟု မိတ္ထီလာဒေသခံ ပရဟိတလူငယ်များအဖွဲ့ တာဝန်ခံ မချိုမီမီမွေးက ပြောသည်။

"ကျေးရွာ ၃၈၀ က ဒေသခံတွေအနေနဲ့ အိမ်အရောက်ပို့စနစ်နဲ့ အခြေခံစားသောက်ကုန်တွေကိုမှာယူချင်တယ်ဆိုရင် ဖုန်းနံပါတ် ၀၉-၄၄၉၀၀၃၄၄၄၊ ၀၉- ၂၅၆၅၅၀၅၀၈၁၊ ၀၉-၇၉၇၉၅၁၆၂၂ တို့ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ ကျေးရွာရာအိမ်မှူး၊ အုပ်စုအုပ်ချုပ်ရေးမှူးတွေနဲ့ ဆက်သွယ်ပြီး တစ်ပတ်တစ်ကြိမ်အရောက်ပို့ ဆောင်ပေးမှာပါ။ အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ) အနေနဲ့ အခုလို ကျေးရွာအရောက်ပို့စနစ်နဲ့ ရောင်းချပေးတဲ့နေရာမှာ စေတနာ့ဝန်ထမ်း မိတ္ထီလာဒေသခံ ပရဟိတလူငယ်အဖွဲ့ကို သွားရောက်ပို့ဆောင်တဲ့ ခရီးစရိတ်ကုန်ကျတာ၊ တစ်နေ့တာ စားသောက်ရေး၊ သူတို့အတွက် အကာအကွယ် နှာခေါင်းစည်းတွေ၊ လက်ဆေးဆပ်ပြာရည်၊ ပိုးသတ်စပရေးဘူးတွေ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံတွေကို ထောက်ပံ့ကူညီပေးသွားမှာဖြစ်ပါတယ်" ဟု အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) စီမံကိန်း အရာရှိ ဦးတိုးတိုးက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ဟိုင်းကြီးကျွန်းမြို့သို့ ထောက်ပံ့ပေးမည့် အခြေခံစားသောက်ကုန်ပစ္စည်း(၃)မျိုး ထပ်မံရောက်ရှိ

**ဟိုင်းကြီးကျွန်း ဧပြီ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ပေးအပ်မည့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆီ ၁၃၀၂ ပိဿာ၊ ဆား ၁၉၂ အိတ်နှင့် ပဲအိတ် ၃၃၀ တို့ကို သယ်ဆောင်လာသည့် မော်တော်ယာဉ်သုံးစီးသည် ဧပြီ ၁၆ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့၏ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်မည့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို လက်ခံရယူကြမည့် အိမ်ထောင်စု ၁၀၃၁၆ စုရှိပြီး ဧပြီ ၁၁ရက်မှ ၁၅ရက်အထိ ဆန် ၃၄၃၈ အိတ်နှင့် ၁၆ ပြည်ကို ထောက်ပံ့ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆီ၊ ဆားနှင့် ပဲတို့ရောက်ရှိနေပြီဖြစ်၍ နီးစပ်ရာရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များအား လာရောက်ထုတ်ယူခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများသို့ ထောက်ပံ့ပေးအပ်သော အခြေခံစားသောက်ကုန်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပုသိမ်မြို့တွင် သွားရောက်သယ်ဆောင်ကြရခြင်းဖြစ်ပြီး ယင်းနေ့အထိ ကုန်စည်(၅)မျိုးအနက် (၁)မျိုးကို ဖြန့်ဝေထားပြီးဖြစ်ရာ ထပ်မံရောက်လာသော ကုန်ပစ္စည်း(၃)မျိုးကိုလည်း ဖြန့်ဝေလျက်ရှိကာ ကြက်သွန်အိတ်များကို သွားရောက်သယ်ဆောင်ခြင်း မပြုရသေးသည့်အတွက် ဖြန့်ဝေပေးနိုင်မှု မရှိသေးကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၏ ပြောပြချက်အရ သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**



## ဝေါလေမြိုင်မြို့၌ အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ဝေါလေမြိုင် ဧပြီ ၁၇**
ကရင်ပြည်နယ် ဝေါလေမြိုင်မြို့တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော အခြေခံစားသောက်ကုန် (၅)မျိုးထောက်ပံ့ခြင်းကို ဧပြီ ၁၆ ရက် ညနေ ၄ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါထောက်ပံ့ပေးခြင်းကို ပထမအသုတ်အဖြစ် ဝေါလေမြိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၉၆ စုအား အခြေခံစားသောက်ကုန် (၅)မျိုးကို အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာနှင့် ဆား (၅၀) ကျပ်သားတို့အား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်၌ အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ရန်ကုန် မေ ၁၇**

ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ အဆင်ပြေစေရန် နိုင်ငံတော်မှ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးလျက်ရှိရာ မေ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၀၀ အား အိမ်ထောင်စု(၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာနှင့် ကြက်သွန်(၁)ပိဿာပါဝင်သော အခြေခံစားသောက်ကုန်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေထက်အောင်**

## စုကလိမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**စုကလိ မေ ၁၇**

ကရင်ပြည်နယ် စုကလိမြို့၌ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် သင်္ကြန်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်(၅)မျိုးအား ဦးဝင်းသီဟ ဦးစီးပြီး ဌာနဆိုင်ရာများက ယနေ့နံနက်၁၁နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စု(၁)စုလျှင် စားသောက်ကုန်(၅)မျိုးဖြစ်သည့် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား ကြက်သွန်နီ(၁)ပိဿာ၊ ပဲ(၁)ပိဿာနှင့် ဆား(၅၀) ကျပ်သားတို့အား စုကလိမြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာ အပါအဝင် အိမ်ထောင်စု ၄၁၅ စုအား ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြေခံစားသောက်ကုန်များ လာရောက်ထုတ်ယူသည့် ရပ်ကွက်/ ကျေးရွာ အိမ်ထောင်စုဝင်များအား ဌာနဆိုင်ရာများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ကျန်းမာရေးအသိပညာပေးများနှင့် ဆောင်ရန်၊ ရှောင်ရန်များအား ပြည်သူများ လိုက်နာပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေးများ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

## ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ ကိုဗစ်-၁၉ ရောဂါ တားဆီးရေးအတွက် နှာခေါင်းစည်းများဖြန့်ဝေ

**ပဲခူး မေ ၁၇**

ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့မရဲစခန်းနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်း၍ ပြည်သူများအား နှာခေါင်းစည်းများဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မေ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးမြို့ ရုံးကြီးရပ်ကွက်၌ ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဘုန်းမင်းစိုးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးနိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးခရိုင် ကြက်ခြေနီအဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ဦးအောင်ထွန်းနှင့် အဖွဲ့တို့သည် လမ်းမကြီးများပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် သွားလာနေကြသည့် ပြည်သူများနှင့် ရပ်ကွက်အတွင်းရှိပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မလိုအပ်ဘဲ အိမ်အပြင်မထွက်စေဘဲ မိမိတို့အိမ်အထဲတွင်သာ နေထိုင်နိုင်ရေး၊ လက်ကိုမကြာခဏ ဆေးကြောသန့်စင်ပေးရေး၊ မိမိကအစ ကိုဗစ်-၁၉ ရောဂါအား ကာကွယ်နိုင်ရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရေးကိစ္စများ ရှင်းလင်းပြောကြားကာ အသိပညာပေးခြင်းများပြုလုပ်ကြပြီး နှာခေါင်းစည်းမပါဘဲ သွားလာနေသူများအား နှာခေါင်းစည်းများ တပ်ဆင်ပေးသည့်အပြင် ရပ်ကွက်အတွင်းရှိ ပြည်သူများကိုလည်း နှာခေါင်းစည်း အခုရေ ၁၂၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ရှာလွတ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ချောင်းဆုံ မေ ၁၇**

ချောင်းဆုံမြို့နယ် ရှာလွတ်ကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် မေ ၁၆ ရက် ညပိုင်းက ရှာလွတ်လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် လူငယ်ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ရွာလုံးကျွတ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ ဈေး၊ စာသင်ကျောင်းများနှင့် ရပ်ကွက်များတွင် မော်တော်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း အဆိုပါ ကျေးရွာတွင် ရပ်ကွက် ၁၁ ရပ်ကွက်ရှိပြီး အိမ်ခြေ ၁၂၂၇ အိမ်နှင့် လူဦးရေစုစုပေါင်း ၈၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ကေအေ(ချောင်းဆုံ)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အောင်ချမ်းသာရပ်ကွက်၌ ပိုးသတ်ဆေးဖျန်း

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် အမှတ်(၆)နယ်မြေ အောင်ချမ်းသာရပ်ကွက် သာသနိက အဆောက်အဦများ၊ လူနေအိမ်များ၊ လမ်းများအား ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုသိမ်သားပရဟိတအဖွဲ့နှင့်အတူ ရပ်ကွက်အတွင်းရှိ လူငယ်များပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်**
**(ပြန်/ဆက်)**

## သန်လျင်မြို့၌ အခြေခံစားသောက်ကုန်(၅)မျိုး ဆက်လက်ထောက်ပံ့

**ရန်ကုန် မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသော စားသောက်ကုန်(၅)မျိုးကို မေ ၁၅ ရက် ညနေ ၄ နာရီက ရပ်ကွက်နှင့် ကျေးရွာများရှိ အိမ်ထောင်စုများထံ အိမ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်(၅)မျိုးကို သန်လျင်မြို့နယ်အတွင်း မိသားစုများထံ အမြန်ဆုံးရောက်ရှိရေးအတွက် တိုင်းဒေသကြီးအစိုးရ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စားသောက်ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်အလှူရှင်များ၊ လုပ်အားအလှူများနှင့် ပူးပေါင်းကာ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားကုန်(၅)မျိုးကို သန်လျင်မြို့နယ်အတွင်း အိမ်ထောင်စု ၃၉၉၉၁ စုတို့အား ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ပြောကြားသည်။

အဆိုပါ နိုင်ငံတော်မှ အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပစ္စည်းများကို သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူများက အိမ်ထောင်စုများထံသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် အိမ်ထောင်စု(၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ(၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာ စုစုပေါင်း ထောက်ပံ့ပစ္စည်း(၅)မျိုးကို သန်လျင်မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ အိမ်ထောင်စု ၃၉၉၉၁ စု တို့အား အိမ်အရောက် ဆက်လက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများသို့ အသိပေးပန်ကြားနှိုးဆော်

**မြို့သစ် မေ ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မေ ၁၆ ရက် ညပိုင်းက မြို့တွင်းသို့ အသံချဲ့စက်ဖြင့် ပြည်သူ များအား အိမ်အပြင်သို့မထွက်စေရန် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင်းအိဇွန်နှင့် ဝန်ထမ်းများက လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**မြို့သစ် မေ ၁၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မြို့သစ်မြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၁၇၉ ရွာရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာတော့ မြို့နယ်အတွင်းမှာ နှစ်စဉ်လိုလို သောက်သုံးရေရှားပါးလို့ ရေပေးဝေခဲ့ရတာတွေ၊ ယခင်နှစ်ကရေပေးဝေခဲ့ရတဲ့ကျေးရွာတွေ၊ အခြားရေရှားပါးပြတ်လပ်နိုင်တဲ့ ကျေးရွာတွေဖြစ်တဲ့ အိုးကုန်း၊ မထွဲ၊ မြင်းစု၊ စပါးစဉ်၊ ကံကြီး(တောင်)၊ ငါးခူအိုင်(တဲတိုက်)၊ ဆူးတပ်ကြီး၊ သားမျှား(ချင်းမကွင်းရပ်ကွက်)၊ မောင်ရင်ပေါ်(တဲတိုက်) စတဲ့ကျေးရွာကိုးရွာကို ဦးစားပေးကာ တွင်းနက်စက်ရေတွင်းသစ် ရှစ်တွင်းတူးဖော်ခြင်းနှင့် အခြားရေရရှိရေး လုပ်ငန်းတစ်ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၁၁ သန်းဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ဆောင်ရွက်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ရေရရှိရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းက ပြောကြားသည်။

**အကူအညီ တောင်းခံနိုင်**

"ကျွန်တော်တို့ မြို့နယ်တွင်းမှာရှိတဲ့ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစွာရရှိဖို့ သက်ဆိုင်ရာ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွေနဲ့ ဦးစားပေးအလိုက်ရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း ပြည်ပ NGOs/ INGOs အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက အလှူရှင်တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးရာသီမတိုင်မီ ရေတွင်း၊ ရေကန်တွေ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးမှုတွေ ကြုံတွေ့လာရင်လည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမှာပါ။ ကျေးရွာတွေအနေနဲ့ ရေပြတ်လပ်မှုရှိပါက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်းနံပါတ် ၀၆၃-၅၃၁၉၅/၉၈ သို့လည်းကောင်း၊ အခြားဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာကိုးရွာရှိ အိမ်ခြေ ၁၅၆၀ ၊ လူဦးရေ ၇၈၂၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**
**(မကွေး)**



## မိုင်းယောင်းတွင် ရာသီစာကြိမ်နုများ ရောင်းအားကောင်း

**မိုင်းယောင်း မေ ၁၇**

နွေရာသီတွင် မိုင်းယောင်း၏ ရာသီစာ အစားအစာတစ်မျိုးဖြစ်သည့် ဒေသထွက်ကြိမ်နုများ လတ်တလောကာလတွင် ရောင်းအားကောင်းလျက်ရှိကြောင်း ဒေသထွက်ကြိမ်နု ရှာဖွေရောင်းချသူ အမျိုးသမီးများထံမှ သိရသည်။

"တပေါင်း-တန်ခူးလဆိုရင် ကြိမ်နုတွေပေါ်ပြီ။ လွယ်ပန်နောင်တောင်မှာ သွားရောက်ရှာဖွေပြီး ကြိမ်နုသုံးချောင်းပါ တစ်စည်းလျှင် ငွေကျပ် ၅၀၀၀ က တစ်မျိုး၊ ကြိမ်နုအသေးတစ်ချောင်းလျှင် ငွေကျပ် ၁၀၀၀ က တစ်မျိုး ရောင်းချရပါတယ်။ လတ်လတ်ဆတ်ဆတ်ဆိုရင် စားရတာပိုကောင်းလို့ ဝယ်ယူသူတွေကလည်း ပိုပြီးကြိုက်ကြတော့ ရောင်းအားကောင်းပါတယ်"ဟု ကြိမ်နုရှာဖွေရောင်းချသူတစ်ဦးက ပြောကြားသည်။

ကြိမ်နုများကို မီးဖုတ်၍သော်လည်းကောင်း၊ ဟင်းချိုရည်အဖြစ် ချက်ပြုတ်၍သော်လည်းကောင်း အမျိုးမျိုးပြုလုပ်ကာ အထူးသဖြင့် သက်ကြီးသူများက ပိုမိုကြိုက်နှစ်သက်ကြကြောင်း ကြိမ်နုရှာဖွေရောင်းချသည့် အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကြိမ်ပင်များသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် အမြင့်ဆုံးတောင်ဖြစ်သည့် ပေ ၈၄၀၀ မြင့်မားသော လွယ်ပန်နောင်(ခမ်းတောင်)တွင် အများဆုံး ပေါက်ရောက်သဖြင့် တစ်ညအိပ်၊ နှစ်ညအိပ်ဖြင့် ကြိမ်နုများကို သွားရောက်ရှာဖွေခူးယူရကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းရပ်ကွက် ပိတောက်လမ်းရှိ ရာအိမ်မှူးဦးမောင်မောင်ဦးနေအိမ်၌ မေ ၁၇ ရက် မွန်းလွဲပိုင်းက နိုင်ငံတော်မှထောက်ပံ့သော အခြေခံစားသောက်ကုန်များကို ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား တာဝန်ရှိသူများက ပေးအပ်စဉ်။ အောင်ကျော်ဦး(ကြေးမုံ)

## သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာသုံးရွာမှ ဘုန်းတော်ကြီးကျောင်းများအား သောက်သုံးရေများ လှူဒါန်း

**မိတ္ထီလာ မေ ၁၇**

မိတ္ထီလာမြို့နယ်၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာသုံးရွာမှ ဘုန်းတော်ကြီးကျောင်းများသို့ မေ ၁၇ ရက် နံနက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာ၍ အကူအညီ တောင်းခံလာပါက ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်၍ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ သောက်သုံးရေလိုအပ်လျက်ရှိသည့် ရေချိုကျေးရွာအုပ်စု ရွာသာကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့



မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထို့အပြင် သောက်သုံးရေလိုအပ်လျက်ရှိသော ခင်တဲကျေးရွာအုပ်စု ညောင်ပင်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် အရာတော်ကျေးရွာရှိ အရာတော်တောရဘုန်းတော်ကြီးများသို့ မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောကြားသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

## ကျောက်ပေါက်ခုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေဖြင့် စက်ရေတွင်းတူးဖော်

**ဝန်းသို မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျောက်ပေါက်ခုံကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ကျေးရွာခေါင်းဆောင် ဦးကျော်နိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ရွာက နွေရာသီဆို ရေကရှားပြီ၊ သောက်သုံးရေအတွက် မနက်အစောကြီးထ ရေခပ်ရတယ်၊ နောက်ကျပြီဆို စောင့်ပေတော့ အကြာကြီး၊ ဒီနှစ်တော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ဖို့ ရွေးချယ်ခံရတယ်လည်းကြားရော ပျော်လိုက်တာ၊ ကျွန်တော့ရွာမှာကလည်း တကယ်လိုအပ်နေတာက ရေဆိုတော့ စက်ရေတွင်းတူးဖို့ပဲ လုပ်ငန်းအတည်ပြုရွေးချယ်တင်ပြခဲ့တယ်၊ ဒီစီမံကိန်းက ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ခွင့်ပေးတော့ ပိုပြီးစိတ်တိုင်းကျပေ့ါဗျာ၊ နည်းပညာကလည်း ဌာနက ကူညီနေတာဆိုတော့ အတိုင်းထက်အလွန်ပေ့ါဗျာ" ဟု ကျေးရွာခေါင်းဆောင် ဦးကျော်နိုင်က ပြောကြားသည်။

ဝန်းသိုမြို့နယ်တွင် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ရေပြတ်လပ်နိုင်မည့် ကျေးရွာများကို ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တစ်ရွာ၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျေးရွာခြောက်ရွာ၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျေးရွာသုံးရွာ၊ တိုင်းဒေသကြီးဘတ်ဂျက် တင်ဒါပိုလျှံငွေဖြင့် စုစုပေါင်း ကျေးရွာ၁၁ရွာကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**



## ရေရှားပါးသည့် လဲလှူကုန်းကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ကံမ မေ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ရေရှားပါးသည့် လဲလှူကုန်းကျေးရွာမှ ပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်၏ လှူဒါန်းမှုဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ သောက်သုံးရေဂါလန် ၁၈၀၀ ကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေပေါင်း ၁၃၈ အိမ်ရှိပြီး လူဦးရေ ၅၉၆ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**



# ဂျန်ဂျီယွန်းနဲ့ တွဲဖက်သရုပ်ဆောင်ဖို့ ဆွေးနွေးနေတဲ့ ဂျူဂျီဟွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျန်ဂျီယွန်း ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမယ့် ဇာတ်လမ်းတွဲသစ်မှာ အဓိကဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သွားဖို့ရာ ဂျူဂျီဟွန်းကို ရွေးချယ်ထားပြီး လတ်တလောမှာတော့ ပါဝင်သရုပ်ဆောင်နိုင်ဖို့ရာ ဆွေးနွေးနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Mount Jiri လို့ ယာယီအမည်ပေးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်မှာ ခေါင်းဆောင်မင်းသားအဖြစ် ဂျူဂျီဟွန်း ပါဝင်သွားဖို့ရာ လတ်တလောမှာတော့ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း အဆိုပါ ရုပ်ရှင်အသိုင်းအဝိုင်းမှ သတင်းရင်းမြစ်တစ်ဦးက ဧပြီ ၁၇ ရက်မှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး ဂျူဂျီဟွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အင်တာတိန်းမန့်က ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခံထားရကြောင်း အတည်ပြုပြောကြားခဲ့ပေမယ့် လက်ခံခြင်း ရှိ၊ မရှိကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဂျူဂျီဟွန်းဟာ လက်ရှိမှာ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေ များနေကြောင်း၊ သို့သော် ယခုနှစ်အတွင်း ဇာတ်လမ်းတွဲ လက်ခံရိုက်ကူးဖို့ရာ ဖြစ်နိုင်ခြေရှိကြောင်း၊ လတ်တလောမှာတော့ မင်းသားရဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေနဲ့ ပတ်သက်ပြီး အချိန်ဇယားကို ပြန်လည်စစ်ဆေးနေကြောင်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ကြောင်း ဂျန်ဂျီယွန်းက ပြီးခဲ့တဲ့ လအတွင်းက အတည်ပြုပြောကြားခဲ့တာပါ။ ယင်းဇာတ်လမ်းတွဲအတွက် ဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သွားမယ့်သူကိုတော့ လက်ရှိအချိန်အထိ အတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။ ယင်းဇာတ်လမ်းတွဲကို ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်အတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီဖြစ်တဲ့ လီဆန်ဟွန်း

တောင်ကိုရီးယား ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီဆန်ဟွန်းဟာ လတ်တလောမှာ စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီဖြစ်ပါတယ်။ အမျိုးသားတေးဂီတအဖွဲ့ Winner ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆန်ဟွန်းဟာ အဖွဲ့ဝင်တွေအနက် ဒုတိယမြောက် စစ်မှုထမ်းဆောင်သူဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၁၆ ရက်မှာ လီဆန်ဟွန်းဟာ စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ သူဟာ နမ်စန်စစ်ရေးလေ့ကျင့်ရေးစခန်းကို ဝင်ရောက်ခဲ့ကာ အဲဒီမှာ အခြေခံစစ်ပညာတွေကို သင်ယူသွားမှာပါ။ လေ့ကျင့်ရေးအချိန် ပြီးဆုံးခဲ့ပါက လူမှုဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

စစ်မှုစတင်ထမ်းဆောင်ဖို့ရာ ရောက်ရှိလာတဲ့ လီဆန်ဟွန်းဟာ လေ့ကျင့်ရေးစခန်းကိုမဝင်မီ သူ့ကို လာရောက်နှုတ်ဆက်ခဲ့တဲ့ ပရိသတ်တွေကို ပြန်လည်နှုတ်ဆက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကင်ဂျင်ဝူးဟာလည်း စစ်မှုထမ်းဆောင်နေတာကြောင့် လီဆန်ဟွန်းဟာ အဖွဲ့ဝင်တွေအနက် ဒုတိယမြောက်စစ်မှုထမ်းဆောင်သူလည်းဖြစ်ကြောင်း သိရပါတယ်။



# မိုင်လီဆိုင်းရပ်စ်လို ကပြခဲ့တဲ့ မီလီဘော်ဘီဘရောင်း



ကျော်ကြားတဲ့ ဟောလိဝုဒ် လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်သူ မီလီဘော်ဘီဘရောင်းဟာ လတ်တလောမှာ တစ်ချိန်က ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ရဲ့ ကျော်ကြားတဲ့ ကကွက်တစ်ခုကို သူကထားတဲ့ ဗီဒီယိုကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မီလီဘော်ဘီဘရောင်းဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ ကျော်ကြားတဲ့ Hoedown–Throwdown ကကွက်ကို ပြန်လည်ကပြခဲ့ပြီး ဒီဗီဒီယိုကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ အဆိုပါ ကကွက်ကို မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ကျော်ကြားတဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ Hannah Montana မှာ ကခဲ့တာလည်း ဖြစ်ပါတယ်။

# ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ HIP

HIP ဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ MAMAMOO ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အဆိုပါတေးသီချင်းရဲ့ ဗီဒီယိုဟာ လတ်တလောမှာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့ပြီး အဖွဲ့ရဲ့ တေးသီချင်းတွေအနက် ကြည့်ရှုသူသန်း ၁၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးသော တေးသီချင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဗီဒီယိုကို ယူကျူပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ခဲ့ပြီး ဧပြီ ၁၇ ရက်မှာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်ခဲ့တာပါ။ ဒီလို မှတ်တိုင်ကို MAMAMOO ရဲ့ ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် စိုက်ထူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

HIP ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က စတင်ထုတ်လွှင့်ခဲ့တာကြောင့် စတင်ထုတ်လွှင့်ခဲ့သည်မှ ငါးလတာကာလအတွင်း ဒီလို မှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ရဲ့ ကိုယ်ပိုင်ချန်နယ်ပေါ်ကနေ ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းတွေအနက် ယင်းတေးသီချင်းဟာ ကြည့်ရှုသူသန်း၁၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးသော တေးသီချင်းလည်း ဖြစ်ပါတယ်။

# ကင်ရေဝန်နှင့် လီဒါဟီးတို့ ဇာတ်လမ်းတွဲသစ်တွင် ခေါင်းဆောင်ပါဝင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်ရေဝန်ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲမှာ မင်းသမီး လီဒါဟီးက သူနဲ့တွဲဖက်ကာ ခေါင်းဆောင်ပါဝင်သွားမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ် LUCA မှာ ကင်ရေဝန်နဲ့ လီဒါဟီးတို့ တွဲဖက်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီသတင်းကို အေဂျင်စီဘက်ကလည်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ပါတယ်။

LUCA ဟာ သိပ္ပံရုပ်ရှင်ဇာတ်လမ်းဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ကင်ရေဝန်ပါဝင်သွားမယ့် ဇာတ်ကောင်ဟာ သာမန်လူတွေထက် ထူးခြားသူတစ်ဦးလို့ ဆိုရမှာပါ။ သူဟာ အခြားသောသူတွေထက် သန်မာသူတစ်ဦးဖြစ်ပေမယ့် သူ့ရဲ့ အတိတ်ကိုတော့ မေ့နေကာ ခံစားချက်မဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့နောက်ကို နောက်ယောင်ခံလိုက်မှုတွေနဲ့ အမြဲလို ကြုံတွေ့နေရပြီး နောက်ပိုင်းမှာတော့ ဘဝရဲ့အစိတ်အပိုင်းအချို့ကို ပြန်လည်မှတ်မိလာပါတယ်။

ဒီဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ကင်ရေဝန်အနေနဲ့ ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးတဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးခဲ့တာနဲ့ပတ်သက်ပြီး မင်းသားက သူ့အနေနဲ့ ဇာတ်ညွှန်းကို စိတ်ဝင်စားတာကြောင့်ဖြစ်ကြောင်း၊ ဇာတ်ညွှန်းရေးဆရာနဲ့ ဒါရိုက်တာတို့ကို ယုံကြည်တာကြောင့် လက်ခံရိုက်ကူးပေးခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဓိကဇာတ်ဆောင်မင်းသမီး လီဒါဟီးကတော့ ယင်းဇာတ်လမ်းတွဲမှာ စုံထောက်တစ်ဦးအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။ သူဟာ ဆုံးဖြတ်ချက်ခိုင်မာသူတစ်ဦးဖြစ်ပြီး အမှုတွေကိုလည်း ပြီးဆုံးအောင် ဖော်ထုတ်ရှာဖွေလိုသူ စုံထောက်တစ်ဦးဖြစ်ပါတယ်။ သူငယ်စဉ်ကတည်းက မိဘတွေ ပျောက်ဆုံးသွားခဲ့တာကြောင့် မိဘတွေကို လိုက်လံရှာဖွေနေသူတစ်ဦးပါ။ သူဟာ ထူးခြားတဲ့ စွမ်းအားတွေရှိတဲ့ ကင်ရေဝန်ရဲ့ ဇာတ်ကောင်နဲ့ တွေ့ဆုံခဲ့ပြီးနောက် သူ့ဘဝဟာ လှုပ်ခါသွားခဲ့ရကြောင်းလည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီး လီဒါဟီးက သူ့ရဲ့ ခံစားချက်တွေကို ထုတ်ဖော်ပြောကြားရာမှာ သူ့အနေနဲ့ ဇာတ်လမ်းအတွက် ရင်ခုန်ရသလို အတူတွဲဖက်သရုပ်ဆောင်ရမယ့် စီနီယာတွေနဲ့ ပတ်သက်ပြီးလည်း စိတ်လှုပ်ရှားမိကြောင်း ဆိုပါတယ်။ ဒီလိုပါဝင်သရုပ်ဆောင်ခွင့်ရတာဟာ သူ့အတွက်တော့ ဂုဏ်ယူစရာဖြစ်ကြောင်းလည်း မင်းသမီးက ပြောပါတယ်။ LUCA ကိုတော့ ယခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားနိုင်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**



# တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ အာအမ်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အာအမ်က အဖွဲ့ရဲ့ ကိုယ်ပိုင်ချန်နယ်ကနေတစ်ဆင့် လတ်တလောမှာ ပရိသတ်တွေကို တိုက်ရိုက်ထုတ်လွှင့်မှုပြုခဲ့တာပါ။ ဒီလို ထုတ်လွှင့်ရာမှာ အဖွဲ့ဝင်တွေအနေနဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

အာအမ်က လက်ရှိမှာ ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် တေးဂီတဖျော်ဖြေပွဲတွေကို ရွှေ့ဆိုင်းထားခဲ့ရကြောင်း၊ ဒါကြောင့် ယခုလိုအချိန်မှာ ထူးခြားတဲ့ တစ်ခုခုပြုလုပ်လိုကြောင်းလည်း ပြောကြားခဲ့ပါတယ်။

BTS ဟာ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်ရင်း အဖွဲ့ဝင်တွေ လုပ်ဆောင်နေတဲ့အရာတွေကို ပရိသတ်တွေနဲ့ မျှဝေသွားမှာဖြစ်ကြောင်းလည်း အာအမ်က ဆိုပါတယ်။ ဒါ့အပြင် ပရိသတ်တွေနဲ့ တစ်ပတ်တစ်ခါ တိုက်ရိုက်ထုတ်လွှင့်မှုကနေတစ်ဆင့် တွေ့ဆုံကာ အဖွဲ့ဝင်တွေရဲ့ လှုပ်ရှားမှုတွေကို အသိပေးသွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။

BTSဟာ အဖွဲ့ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် Map of the Soul : 7 နဲ့ အောင်မြင်မှုတွေရရှိခဲ့ပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ လက်ရှိအချိန်အထိ နိုင်ငံတကာ တေးဂီတဝက်ဘ်ဆိုက်တွေမှာ နေရာရနေဆဲဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်သစ်အတွက် နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ကမ္ဘာတစ်ဝန်း ပြုလုပ်သွားဖို့ရာ စီစဉ်ထားခဲ့ပေမယ့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရွှေ့ဆိုင်းခဲ့ရပါတယ်။

# မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၅၀၀ ကျော် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၂ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ အကျဉ်းထောင်များမှ အကျဉ်းသားများအား လွှတ်ပေးလျက်ရှိရာ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၂၉၃ ဦးနှင့် အကျဉ်းသူ ၂၅၈ ဦး စုစုပေါင်း ၁၅၅၁ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား ၁၈ ဦး၊ နိုင်ငံခြားသားအကျဉ်းသူ တစ်ဦး စုစုပေါင်း ၁၉ ဦးအား ယနေ့တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးဆိုင်ရာမှတ်တမ်းများ ထုတ်ပေး**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများ အပြန်ခရီးတွင် စားသောက်နိုင်ရန် အစားအစာနှင့် ရေတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လာရောက်လှူဒါန်းကြပြီး အကျဉ်းဦးစီးဌာနက ၎င်းတို့ရရှိမည့် အကျိုးခံစားခွင့် လမ်းစရိတ်နှင့် ကျန်းမာရေးဆိုင်ရာ မှတ်တမ်းများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေချိန်ဖြစ်၍ မော်တော်ယာဉ်လိုင်းများ ဝင်ထွက်ခွင့်ကို ပိတ်ပင်ထားရာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများကို မြို့နယ်အလိုက် စုရပ်တစ်နေရာတွင် စုစည်းကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့ ဖွဲ့စည်းပြီး နေရပ်ဒေသများသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# မြင်းခြံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၅၀၀ ကျော် လွတ်မြောက်

**မြင်းခြံ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား ၅၀၆ ဦးအား ယနေ့နံနက် ၁၀ နာရီက လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အမိန့်များကိုလိုက်နာ**

မြင်းခြံ အကျဉ်းထောင်မှ လွတ်မြောက်လာသော အကျဉ်းသားများကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့်က ကောင်းမွန်စွာ နေထိုင်လုပ်ကိုင် စားသောက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ စေတနာကို အသိအမှတ်ပြု၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားချိန်ကာလတွင် ထုတ်ပြန်ထားသော အမိန့်များ၊ ဒေသန္တရအမိန့်များကို လိုက်နာပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

မြင်းခြံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၄၂၆ ဦး၊ အကျဉ်းသူ ၈၀ စုစုပေါင်း ၅၀၆ ဦးရှိကာ နယ်ဝေး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများအား မော်တော်ယာဉ်များဖြင့် မန္တလေးဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**ကိုကျော်စွာ(IPRD)**

# ပုသိမ်မြို့အကျဉ်းထောင်မှ အကျဉ်းသား ၃၄၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ပုသိမ် ဧပြီ ၁၇**

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၃၂၆ ဦး၊ အကျဉ်းသူ ၁၅ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုသိမ်အကျဉ်းထောင်ရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အကျဉ်းသား/သူများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တာဝန်ရှိသူများက မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားကြပြီး တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အကျဉ်းသား/သူ တစ်ဦးချင်းစီအား ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးဆေးစစ်ခြင်းများ ဆောင်ရွက်ခြင်း၊ တစ်ဦးချင်းစီသို့ ကျန်းမာရေးထောက်ခံချက်များ ပေးအပ်ခဲ့သည်။

ယနေ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကျဉ်းထောင် ငါးခု၊ အလုပ်စခန်းသုံးခုမှ အကျဉ်းသား/သူ စုစုပေါင်း ၁၃၂၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်းနှင့် ၎င်းတို့၏ သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက တာဝန်ယူ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



# ကသာအကျဉ်းထောင်မှ အကျဉ်းသား ၄၆၂ ဦး လွတ်မြောက်

**ကသာ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ကသာမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၄၆၂ ဦးအား ယနေ့နံနက် ၉နာရီမှစ၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်/မြို့နယ်ဌာနဆိုင်ရာများ လာရောက်၍ ကိုရိုနာဗိုင်းရပ်ရောဂါကင်းရှင်းရေး ကျန်းမာရေး ထောက်ခံချက် မှတ်တမ်းများနှင့် လုံခြုံရေး၊ မြို့နယ်ဒေသအရောက် ပို့ဆောင်ပေးရေးတို့ စီမံဆောင်ရွက်ထားရှိကြောင်းနှင့် နိုင်ငံအကျိုး၊ မြို့ရွာအကျိုး၊ မိမိတို့၏ မိသားစုအကျိုးကို ရှေးရှု၍ စိတ်သစ်လူသစ် ရည်မှန်းချက်များထားရှိပြီး ဘဝသစ်ကို ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပြောကြားပေးခဲ့သည်ဟု ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူတစ်ဦးက ပြောသည်။

ကသာအကျဉ်းထောင်မှ ကသာ ၇၆ ဦး၊ အင်းတော် ၁၀၁ ဦး၊ ထီးချိုင့် ၃၂ ဦး၊ ဗန်းမော် ၇၃ ဦး၊ ပင်လည်ဘူး ၅၈ ဦး၊ ဝန်းသို ၇၃ ဦး၊ ကောလင်း ၃၇ ဦး၊ ကသာခရိုင်ခုနစ်မြို့နယ်မှ ၄၅၀ ဦးနှင့် အခြားသောတိုင်းမှ ၁၂ ဦး စုစုပေါင်း ၄၆၂ ဦးအား ကိုရိုနာဗိုင်းရပ်စစ်ဆေးခြင်း မှတ်တမ်းများပြုလုပ်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးလိုက်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား ၃၀၉ ဦး လွတ်မြောက်

**မြောင်းမြ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မြောင်းမြအကျဉ်းထောင်မှ အမျိုးသား ၂၉၇ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၀၉ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား မြောင်းမြမြို့ နယ်မြေခံတပ်ရင်း ဆေးတပ်ဖွဲ့မှ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကင်းရှင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် သထုံအကျဉ်းထောင်မှ အကျဉ်းသား ၇၀ လွတ်မြောက်

**သထုံ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းထောင်/စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား/သူ ၂၄၈၉၆ ဦးအား ဧပြီ ၁၇ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ရာ မွန်ပြည်နယ် သထုံမြို့ရှိ သထုံအကျဉ်းထောင်မှ နိုင်ငံသား အကျဉ်းသား ၇၀ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

"မည်သည့် ခံဝန်ချက်မျိုးမှ မထားဘဲ ခြွင်းချက်မရှိ လွှတ်ပေးတာပါ။ ကျွန်တော်တို့မှာ လွတ်ငြိမ်းသက်သာခွင့်က နှစ်မျိုးရှိတယ်။ တစ်ခုက စည်းကမ်းသတ်မှတ်ချက်ရှိတယ်၊ လွှတ်ပေးလိုက်ရင် ကောင်းမွန်စွာနေထိုင်ပါမယ်၊ ပြစ်မှုပြန်ကျူးလွန်ခဲ့ရင် လက်ရှိကျခံရတဲ့ ပြစ်ဒဏ်တွေကိုပါ ပြန်ပြီးကျခံပါမယ်ဆိုတာမျိုး၊ နောက်တစ်ခုက အခုလွှတ်ပေးသလို ဘာအနှောင်အဖွဲ့မှ မထားဘဲလွှတ်ပေးတာမျိုးပါ"ဟု သထုံအကျဉ်းထောင်၏ ထောင်ပိုင်ကြီး ဦးဝင်းဘိုက ပြောသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ပူတာအိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၆၇ ဦး လွတ်မြောက်

**ပူတာအို ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ယနေ့တွင် ပူတာအိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူပေါင်း ၆၇ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ပူတာအိုအကျဉ်းထောင်မှ ကျင့် ၄၀၁(၁)အရ လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများအားတွေ့ဆုံ၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးလွင်၊ ပူတာအိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးဇော်ဝင်းမြင့်တို့က ဆုံးမသြဝါဒစကားပြောကြားကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လွတ်လူ အကျဉ်းသား အကျဉ်းသူများအား လွတ်လူစားစရိတ်၊ ခရီးစရိတ်များ ထောက်ပံ့ပေးအပ်သည်။

ပူတာအိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်စာရင်းများအရ ပူတာအိုမှ ၃၀၊ မချမ်းဘောမှ ၁၇ ဦး၊ ဆွမ်ပရာဘွမ်မှ ၁၄ ဦး၊ မိုးညှင်းမှ တစ်ဦး၊ ဂန့်ဂေါမှ တစ်ဦး၊ ရန်ကုန်မှ သုံးဦး၊ ငပုတောမှ တစ်ဦး စုစုပေါင်း ၆၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ပြီး ယင်းပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးဌာနက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ပြုလုပ်ပေးကြသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများသည် ၎င်းတို့၏နေရပ်များသို့ ပြန်နိုင်ရန် အခက်အခဲများရှိလာနိုင်ခြင်းကြောင့် အပြန်လမ်းခရီး အဆင်ပြေချောမွေ့စေရန်အတွက် ပူတာအိုအကျဉ်းထောင်အနေဖြင့် မြို့တွင်းပြန်မည့်သူများအတွက် အကျဉ်းထောင်မှ မော်တော်ယာဉ်နှစ်စီးဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများ အဆင်ပြေချောမွေ့စွာ နေရပ်ပြန်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သက်ဆိုင်ရာ မြို့နယ်များ၏ အဝေးပြေးကားဂိတ်၊ ရထားဘူတာရုံများအား ချိတ်ဆက်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ဘောလုံးရာသီပြန်လည်စတင်နိုင်ရေး အစီအစဉ်များကို ဆွေးနွေးရန် ဥရောပဘောလုံးအဖွဲ့ချုပ်က မေ ၂၃ ရက်တွင် တွေ့ဆုံမည်

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားနေချိန်မှာ ဘောလုံးရာသီကို ပြန်လည်စတင်နိုင်မယ့်နည်းလမ်းတွေကို ဆက်လက်ရှာဖွေနေဆဲဖြစ်တာမို့ လာမယ့် မေ ၂၃ ရက်မှာ ဗီဒီယိုကွန်ဖရင့်ကနေတစ်ဆင့် ယူအီးအက်ဖ်အေရဲ့ အမှုဆောင်ကော်မတီအစည်းအဝေးတစ်ရပ် ကျင်းပသွားဖို့ရှိတယ်လို့ ယူအီးအက်ဖ်အေက အတိအလင်းပြောကြားထားပါတယ်။

ယူအီးအက်ဖ်အေဟာ အင်အားကြီးမားတဲ့ ဥရောပကလပ်အသင်းများအဖွဲ့အစည်း(အီးစီအေ)၊ဥရောပလိဂ်အဖွဲ့အစည်းတို့နဲ့လည်း မေ ၂၂ ရက်မှာတွေ့ဆုံသွားဖို့ရှိနေတယ်လို့ သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် နိုင်ငံအများအပြားမှာ အသွားအလာကန့်သတ်မှုတွေပြုလုပ်ခဲ့သလို ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပတဲ့ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေအပါအဝင် ဥရောပတစ်ဝန်းယှဉ်ပြိုင်နေတဲ့ ထိပ်တန်းလိဂ်ပြိုင်ပွဲအားလုံးကိုလည်း မက်လလယ်မှစတင်ကာ ရပ်ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် ဥရောပရဲ့ဘောလုံးပြိုင်ပွဲတွေကို ဖြစ်နိုင်ပါက ဇူလိုင်လနဲ့ဩဂုတ်လတို့မှာ ကျင်းပနိုင်ဖို့ စီစဉ်နေတာဖြစ်ပြီး ဂျာမန်ဘွန်ဒက်လီဂါကလည်း ကလပ်အသင်းတွေရဲ့ ရပ်သံဝင်ငွေဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေဖို့အတွက် တံခါးပိတ်ကျင်းပမှုတွေနဲ့အတူ ဇွန် ၃၀ ရက်မှာ ဘွန်ဒက်လီဂါပြိုင်ပွဲပြီးဆုံးရေး မေ ၂၃ ရက်မှာ တွေ့ဆုံဆွေးနွေးသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံကလည်း သူတို့ရဲ့ ပြည်တွင်းဘောလုံးပြိုင်ပွဲကို စောစီးစွာပြီးဆုံးနိုင်ရေး ရည်ရွယ်ထားခဲ့ကြောင်း အစောပိုင်းက ထုတ်ပြန်ကြေညာခဲ့ပေမယ့် ဥရောပဘောလုံးအဖွဲ့ချုပ်ကတော့ လာမည့်ဘောလုံးရာသီမှာ ဘယ်လ်ဂျီယံကလပ်အသင်းတွေကို ဥရောပပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုမှာမဟုတ်ကြောင်း သတိပေးပြောကြားကာ ဘယ်လ်ဂျီယံရဲ့ကြေညာချက်ကို ပြန်လည်တုန့်ပြန်ခဲ့တာ ဖြစ်ပါတယ်။

စကော့တလန်ကလည်း လက်ရှိလိဂ်ပြိုင်ပွဲတွေမှာ ထိပ်ဆုံးကဦးဆောင်နေတဲ့ အသင်းတွေကို ချန်ပီယံအဖြစ်သတ်မှတ်ပြီး ပြည်တွင်းလိဂ်သုံးလိဂ်ရဲ့ ပြိုင်ပွဲတွေကို စောစီးစွာအဆုံးသတ်ဖို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် စကော့တလန်အနေနဲ့ လက်ကျန်ပွဲစဉ်တွေကို မကျင်းပတော့ဖို့ ဆုံးဖြတ်ခဲ့မယ်ဆိုရင် စကော့တလန်ပရီမီယာရှစ်ပြိုင်ပွဲမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ ဆဲလ်တစ်အသင်းကို ချန်ပီယံပေးဖို့ တောင်းဆိုမှုကို ခွင့်ပြုပေးမှာဖြစ်ပြီး စကော့တလန်အနေနဲ့ ယူအီးအက်ဖ်အေက နောက်ထပ်ထုတ်ပြန်မယ့် ညွှန်ကြားချက်တွေကို စောင့်ရဦးမှာ ဖြစ်တယ်လို့ သိရပါတယ်။

ယူအီးအက်ဖ်အေအနေနဲ့ မေ ၂၃ ရက်မှာ ဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့ စီစဉ်နေတဲ့အပြင် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲစဉ်ကိုလည်း ဩဂုတ် ၂၉ ရက်မှာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။

# လာလီဂါပြိုင်ပွဲဖျက်သိမ်းခဲ့ပါက ထိပ်ဆုံးလေးသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ပေးဖို့ စပိန်ဘောလုံးအဖွဲ့ချုပ် စီစဉ်နေ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေမှုကြောင့် စပိန်လာလီဂါပြိုင်ပွဲကို ဖျက်သိမ်းခဲ့မယ်ဆိုရင် လာလီဂါမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ အသင်းလေးသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ပေးဖို့ စပိန်ဘောလုံးအဖွဲ့ချုပ်က စီစဉ်နေတယ်လို့ သိရပါတယ်။




စပိန်လာလီဂါပြိုင်ပွဲရဲ့ အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသည့် ဘာစီလိုနာအသင်းမှ ကစားသမားများကို တွေ့ရစဉ်။

လက်ရှိမှာတော့ စပိန်လာလီဂါနဲ့ ယူအီးအက်ဖ်အေတို့ဟာ ပြည်တွင်းဘောလုံးပြိုင်ပွဲတွေ ပြီးဆုံးမယ့် နည်းလမ်းတွေကို ရှာဖွေနေဆဲပဲဖြစ်ပါတယ်။ စပိန်လာလီဂါပြိုင်ပွဲကို မေလကုန်၊ ဇွန်လအစပိုင်းနဲ့ ဇွန်လကုန်ပိုင်းတို့ထဲက တစ်ချိန်ချိန်မှာ ပြန်လည်စတင်နိုင်ဖို့ သဘောတူညီထားတယ်လို့ စပိန်လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ်က အခုလအစောပိုင်းမှာ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် စပိန်ဘောလုံးလောကမှာ နိုင်ငံရေးကိစ္စတွေ နီးနွှယ်လာတဲ့အတွက် စပိန်ဘောလုံးအဖွဲ့ချုပ်နဲ့ စပိန်လာလီဂါတို့ဟာ သဘောထားချင်းကွဲလွဲခဲ့ပါတယ်။ အဲဒါကြောင့် လက်ရှိစပိန်လာလီဂါမှာ ထိပ်ဆုံးကရပ်တည်နေတဲ့ အသင်းလေးသင်းဖြစ်တဲ့ ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဆီဗီလာအသင်းနဲ့ ရီးယဲဆိုစီဒက်အသင်းတို့ကို လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ပေးဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။

ဂီတာဖေးအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကိုတော့ စပိန်လာလီဂါမှာ အဆင့် ၅ နဲ့ အဆင့် ၆ တို့မှာ အသီးသီးရပ်တည်နေတာကြောင့် ယူရိုပါလိဂ်ဝင်ခွင့်ပေးဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဘောလုံးရာသီကို ဖျက်သိမ်းလိုက်မယ်ဆိုပါက စပိန်လာလီဂါကလပ်အသင်းတွေဟာ ဥရောပပြိုင်ပွဲတွေကနေ ဆုံးရှုံးမှုဖြစ်ပေါ်မယ့်ငွေကြေးတွေ အပါအဝင် ယူရို တစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံ)ခန့် ဆုံးရှုံးမှုဖြစ်ပေါ်လိမ့်မယ်လို့ စပိန်လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ်က ခန့်မှန်းထားပါတယ်။

စပိန်လာလီဂါပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေမှုကို ထိန်းချုပ်ဖို့ မတ်လလယ်ကတည်းက ရပ်ဆိုင်းခဲ့တာဖြစ်ပြီး စပိန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၉၀၀၀ ကျော်ရှိသွားပြီ ဖြစ်တယ်လို့လည်း မေ ၁၆ ရက်မှာ ထုတ်ပြန်တဲ့ တရားဝင်ကိန်းဂဏန်းတွေအရ သိရပါတယ်။

---

# လီဗာပူးအသင်းက အင်တာမီလန်ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ပေါင် ၅၂ သန်းနဲ့ ခေါ်ယူရန် စီစဉ်နေ

**လီဗာပူးအသင်းနည်းပြ ကလော့ဟာ အသင်းရဲ့ကွင်းလယ်ပိုင်းကို အရည်အချင်းပြည့်ဝတဲ့ ကစားသမားတွေထပ်မံဖြည့်တင်းဖို့ စီစဉ်နေတဲ့အတွက် လီဗာပူးအသင်းအနေနဲ့ နွေရာသီဈေးကွက်အတွင်းမှာ အင်တာမီလန်ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ပြောင်းရွှေ့ကြေး ပေါင် ၅၂ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။**




ဘရိုဇိုဗစ်ဟာ အင်တာမီလန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အီတလီမှာ အကောင်းဆုံးကွင်းလယ်ကစားသမားတွေထဲကတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူလည်းဖြစ်ပါတယ်။ ဘရိုဇိုဗစ်ဟာ လက်ရှိကလပ် အင်တာမီလန်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ နှစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပြီး ဥရောပကလပ်အသင်းအများစုကလည်း ဘရိုဇိုဗစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပရီမီယာလိဂ်ကစားသမားတွေဖြစ်တဲ့ လူကာကူ၊ အလက်ဇစ်ဆန်းချက်ဇ်၊ ဗစ်တာမော့ဆက်၊ အက်ရှ်လေယန်း၊ အဲရစ်ဆင် စတဲ့ကစားသမားတွေကို ခေါ်ယူထားတဲ့အပြင် လီဗာပူးအသင်းကနေ ထွက်ခွာဖို့ရှိနေတဲ့ ဝစ်ဂျ်နယ်ဒမ်ကိုလည်း ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ဘရိုဇိုဗစ်က လီဗာပူးအသင်းဆီပြောင်းရွှေ့ပြီး ဝစ်ဂျ်နယ်ဒမ်က အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့ကာ အပြန်အလှန်ပြောင်းရွှေ့မှုတွေဖြစ်လာဖို့ရှိနေတယ်လို့လည်း သတင်းတွေထွက်ပေါ်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်



# ONE ဝိတ်တန်းနှစ်ခုချန်ပီယံ အောင်လအန်ဆန် ပုံမှန်လေ့ကျင့်မှု ပြုလုပ်နေ

ရန်ကုန် မေ ၁၇

ONE Championship အဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် MMA ပြိုင်ပွဲများကျင်းပမှုကို ရပ်နားထားသော်လည်း မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် အမေရိကန်ရှိ ၎င်း၏ နေအိမ်၌ ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**အပြောင်းအလဲဖြစ်ဖွယ်ရှိ**

ONE Championship အဖွဲ့အစည်းသည် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို ယခင်က မေ ၁၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော်လည်း ဗိုင်းရပ်စ်အခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် မေလကုန်ပိုင်းတွင် ပြန်လည်ကျင်းပရန် လျာထားသော်လည်း ရောဂါဖြစ်ပွားမှုမှာ ထိန်းချုပ်နိုင်ခြင်းမရှိသေးသောကြောင့် ပြိုင်ပွဲကျင်းပမည့်ရက်မှာ အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇွန်လက ရရှိခဲ့သည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ထပ်မံကာကွယ်ရခြင်းဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ သုံးပွဲထိုးသတ်ထားရာ သုံးပွဲစလုံး အနိုင်ရထားပြီး လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်သည်။

**သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်**

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် ဘစ်ဒက်ရှ်၏ ကမ္ဘာ့ချန်ပီယံဆုအား စိန်ခေါ်ခဲ့ရာ ပြင်ဆင်ချိန်နည်းပါးခဲ့သောကြောင့် အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ဇွန်လက ရန်ကုန်မြို့၌ ထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန်သည် အမှတ်ဖြင့် အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တစ်ပွဲစီ အနိုင်ရထားသည်။

အောင်လအန်ဆန်သည် ပြိုင်ပွဲရွှေ့ဆိုင်းထားသော်လည်း နေအိမ်၌ လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲပြန်လည်ကျင်းပပါက အဆင်သင့်ဖြစ်နေစေရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၎င်းလေ့ကျင့်နေသည့် အားကစားခန်းမ ပိတ်ထားရသော်လည်း နေအိမ်တွင် သီးခြားလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ဖိုးသော်ဇင်

# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြားQuarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် (၁၄) ရက်တာ အသွားအလာကန့်သတ်ခြင်း(သို့) တားမြစ်ခြင်းတို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဤအစီအစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသော MPT,Mytel, Telenorနှင့် Ooredooတို့က COVID-19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှုပေးမည် ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညွှန်းပို့ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770777000 | 09980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09980000116 |

## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပြည်မြို့အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၀၀ လွတ်မြောက်

ပြည် မေ ၁၇

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မေ ၁၇ ရက်တွင် ပြည်မြို့အကျဉ်းထောင်မှ အကျဉ်းသား ၈၄ ဦး နှင့် အကျဉ်းသူ ၁၆ ဦး စုစုပေါင်း ၁၀၀ လွတ်မြောက်ကြောင်း သိရသည်။




ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူများကို ပြည်မြို့ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း ဆေးတပ်ဖွဲ့နှင့် စစ်သူနာပြုတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ပြည်မြို့အကျဉ်းထောင်တာဝန်ခံ ဦးမင်းဝေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လဝက၊ မြို့နယ်အကျဉ်းဦးစီး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရရှိသူများကို မိမိတို့ရပ်ရွာအကျိုးအား အများနည်းတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရပ်ရွာအတွင်း တရားဥပဒေနှင့်အညီ အေးချမ်းစွာ ဆက်လက်နေထိုင်ကြရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့် ဥပဒေတို့ကို လေးစားလိုက်နာရေး အစရှိသည်တို့ကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ကျောင်းကုန်းမြို့မှ ၁၂ ဦး လွတ်မြောက်

ကျောင်းကုန်း မေ ၁၇

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပုသိမ်မြို့အကျဉ်းထောင်မှ အကျဉ်းသား ၁၂ ဦး လွတ်မြောက်ကြောင်း သိရသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ ယနေ့ ညနေ ၃ နာရီတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက မိမိနေထိုင်ရာဒေသတွင် ၁၄ ရက် အိမ်ပြင်မထွက်ကြရန် မှာကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့်အဖွဲ့က ပြင်းထန်အဆုတ်ရောင်ကူးစက်မြန်ရောဂါ ကင်းရှင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်မှ လေးဦး၊ အမှတ်(၃)ရပ်ကွက်မှ နှစ်ဦး၊ သစ်ဆိမ့်ကုန်းရွာ၊ လူသန့်ချောင်ရွာ၊ ရေတာကြီးရွာ၊ လှည်းဆိပ်ရွာ၊ ဆိပ်ဖူးနီရွာနှင့် ဇရပ်ကွင်းရွာတို့မှ တစ်ဦးစီ စုစုပေါင်း ၁၂ ဦး လွတ်မြောက်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မုံရွာအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၆၃ ဦး လွတ်မြောက်

မုံရွာ မေ ၁၇

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် ရုံးကြီးလမ်းရှိ မုံရွာအကျဉ်းထောင်မှ အကျဉ်းသား ၁၄၉ ဦးနှင့် အကျဉ်းသူ ၁၄ ဦး စုစုပေါင်း ၁၆၃ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး၊ မုံရွာအကျဉ်းထောင်မှ တာဝန်ရှိသူများက မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများကို တွေ့ဆုံနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၉ ဦး လွတ်မြောက်

ညောင်ဦး မေ ၁၇

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အကျဉ်းထောင်မှ အကျဉ်းသား စုစုပေါင်း ၈၉ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း ညောင်ဦးမြို့နယ်အကျဉ်းဦးစီးဌာနမှ သိရသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၈၂ ဦး၊ အကျဉ်းသူ ခုနစ်ဦး စုစုပေါင်း ၈၉ ဦးအား တာဝန်ရှိသူများက ညောင်ဦးမြို့နယ် အကျဉ်းထောင်မှ သက်ဆိုင်ရာဇာတိနေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၄၆ ဦး လွတ်မြောက်



**ကျိုင်းတုံ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား ၃၄၆ ဦး လွတ်မြောက်ကြောင်း သိရသည်။

ကျိုင်းတုံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ ၃၄၆ ဦးအား ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

❖ ကျောဖုံးမှ

အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအေးသွင်က "ဒီနေ့လွတ်မြောက်မယ့် အကျဉ်းသား၊ အကျဉ်းသူတွေကို နှာခေါင်းစည်းတွေ ဝေထားပါတယ်။ သူတို့ကို ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ အသိပညာပေးမှုတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ အခုလို လွတ်ငြိမ်းခွင့်ပေးတဲ့ အခါမှာလည်း တပ်မတော်ဆေးအဖွဲ့နဲ့ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအဖွဲ့တွေက သူတို့ကို ကျန်းမာရေးစစ်ဆေးတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကင်းရှင်းကြောင်း ထောက်ခံချက်တွေ ထုတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်ပေးတဲ့ YBS ယာဉ်တွေနဲ့ သူတို့နေထိုင်ရာ နီးစပ်နေရာတွေအထိ လိုက်လံပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

နယ်ဝေးပြန်မည့်သူများအတွက် မြန်မာ့မီးရထားဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်-ရွှေညောင် ခရီးစဉ်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယနေ့ ပြန်လည်လွတ်မြောက်လာသူ လှိုင်သာယာမြို့နယ် အမှတ်(၁၄) ရပ်ကွက်နေ ကိုအောင်မြင့်သူက "မူးယစ်ဆေးဝါးမှုနဲ့ ငါးနှစ်ကျတာပါ။ ပြစ်ဒဏ်အားဖြင့် အချုပ်ရော၊ အကျရော ကိုးလလောက်ကြာခဲ့ပါတယ်။ နိုင်ငံတော်က အခုလိုလွတ်ငြိမ်းခွင့်ပေးတာ အတိုင်းမသိ ပျော်ရွှင်ပါတယ်။ အပြင်မှာလည်း ကပ်ရောဂါဖြစ်ပွားနေတာဆိုတော့ ဘယ်မှမသွားရဲဘူး။ အခု လက်ရှိ ဖြစ်ပေါ်နေတဲ့ ကပ်ရောဂါကြီး အမြန်ဆုံးပျောက်ကင်းပြီးတော့ ကျွန်တော်တို့တွေ ပျော်ပျော်ရွှင်ရွှင် နေချင်တယ်။ အခြားအကျဉ်းသားတွေလည်း အမြန်ဆုံးလွတ်မြောက်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောသည်။

ပုဇွန်တောင်မြို့နယ်မှ ဒေါ်နီလာက "သားကိုလာစောင့်နေတာပါ။ သူက ဆေးမှုနဲ့ ငါးနှစ်ကျသွားတာ။ နှစ်ဆန်းတစ်ရက်နေ့က လွှတ်နေကျဆိုတော့ ကိုယ်လည်း မျှော်မှန်းပြီး လာခဲ့တာပါ။ လွတ်ငြိမ်းခွင့်ထဲ ပါ၊ မပါတော့ မသိရသေးပါဘူး"ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ ပြန်လည်လွတ်မြောက်လာသူ အကျဉ်းသား၊ အကျဉ်းသူများအား တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့က ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအား နေ့စဉ် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများနှင့် လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရန်တို့အတွက် လိုအပ်သည့် ကျန်းမာရေးဆောင်ရွက်မှုများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဖေဇော်**

# ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ လွတ်မြောက်

**ကျောက်ဖြူ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်ဖြူအကျဉ်းထောင်ရှိ အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ လွတ်မြောက်ခဲ့သည်။

အဆိုပါလွတ်ငြိမ်းခွင့်ပေးရာတွင် ကျောက်ဖြူမြို့မှ ၄၀၊ ရမ်းဗြဲမြို့နယ်မှ ၁၁ ဦး၊ မာန်အောင်မြို့နယ်မှ ၁၀ ဦး၊ တောင်ကုတ်၊ ပြည်၊ ဧရာဝတီမှ ၁၁ ဦး၊ အမ်း၊ မကွေး၊ ကျောက်မဲ၊ ရေနံချောင်းမှ ၃၀၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးတို့မှ ၇၇ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၈၀ တို့ကို လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

ကျောက်ဖြူအကျဉ်းထောင်ရှေ့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ကာ ဒေသအသီးသီးသို့ ပြန်ကြရမည့် အကျဉ်းသား၊ အကျဉ်းသူများအား အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၃၅၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**တောင်ငူ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် တောင်ငူအကျဉ်းထောင်နှင့် ၄ မိုင် ရဲဘက်အကျဉ်းစခန်းမှ ၃၅၅ ဦး လွှတ်ပေးခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၁၇၂ ဦး၊ အကျဉ်းသူ ၂၉ ဦး၊ တောင်ငူမြို့နယ် (၄) မိုင် ရဲဘက်အကျဉ်းစခန်းမှ ၁၅၄ ဦး စုစုပေါင်း ၃၅၅ ဦးကို နံနက် ၁၁ နာရီခွဲက တစ်သုတ်ချင်းစီခွဲကာ လွှတ်ပေးခဲ့ခြင်းဖြစ်ပြီး ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသား/သူများကို ကိုဗစ်-၁၉ ရောဂါ ကာလဖြစ်ခြင်းကြောင့် သွားလာရေးအတွက် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း၊ ရပ်ဝေးပြန်ကြမည့် အကျဉ်းသား ၁၄၀ ကို တောင်ငူဘူတာကြီးသို့ ပို့ဆောင်ပြီး မီးရထားဖြင့် ပြန်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရပ်ဝေးပြန်အကျဉ်းသားများကို ထမင်းဘူး၊ ရေသန့်နှင့် နှာခေါင်းစည်းများကို စေတနာရှင် အလှူရှင်များက ပေးဝေခဲ့ကြောင်း သိရသည်။




**သူရ(တောင်ငူ)**

# တပ်ကုန်းမြို့၌ ကင်းသာ(၁ / ၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၇၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**တပ်ကုန်း ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလျက်ရှိရာ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်း မြို့နယ် ကင်းသာ(၁ / ၂) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၇၃ ဦး လွတ်မြောက်ခဲ့သည်။

**အသိပေးရှင်းလင်း**

ကင်းသာ(၁) ကုန်ထုတ်စခန်းတွင် လွတ်ငြိမ်းခွင့်ရရှိသူပေါင်း ၂၁၉ ဦးရှိပြီး ဆေးသုတေသနတပ် (တပ်ကုန်းတပ်နယ်)မှ ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်း ဆောင်ရွက်ကာ ရောဂါကူးစက်တတ်သည့်အကြောင်းအရာများနှင့် လက်ဆေးနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကင်းသာ(၁) ကုန်ထုတ်စခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေးလွင်ထွန်းက လွတ်ငြိမ်းခွင့်ရရှိသူများအား မိမိအိမ်များသို့ ပြန်ရောက်ရှိပါက တစ်ပတ်ခန့်အကြာ မိသားစုနှင့်အတူ အနီးကပ်မနေထိုင်ကြရန် အသိပေးရှင်းလင်းမှာကြားခဲ့သည်။

**ပြန်လည်ရောက်ရှိရေး**

ထို့နောက် ကင်းသာ(၂)ကုန်ထုတ်စခန်းတွင် လွတ်ငြိမ်းခွင့်ရရှိသူပေါင်း ၂၅၄ ဦးရှိပြီး အမှတ်(၂) တပ်မတော်ခုတင် (၁၀၀၀)ဆေးရုံမှ ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသားပေါင်း ၄၇၃ ဦးတို့ကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တပ်ကုန်းတပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ ဆရာဝန်များ၊ ကင်းသာ(၁/၂)ကုန်ထုတ်စခန်းမှ ထောင်ပိုင်/ထောင်မှူးများနှင့် တာဝန်ရှိသူများက လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနက စီစဉ်သည့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၈၇ ဦး လွတ်မြောက်

**မိုင်းဆတ် ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ဧပြီ ၁၇ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၄၇ ဦး၊ အကျဉ်းသူ ၄၀ စုစုပေါင်း ၁၈၇ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ဖြန့်ဝေပေး**

ပြစ်ဒဏ်လွတ်မြောက်သူများအား နယ်မြေခံတပ်မှ ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ နှာခေါင်းစည်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အားပေးစကားပြောကြားပြီး မိမိတို့ မြို့ရွာသို့ရောက်ရှိပါက သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းထံ သတင်းပို့ကြရန် မှာကြား၍ ရပ်ဝေးမှ အကျဉ်းသား ၁၄၂ ဦးအား နေရပ်ပြန်နိုင်ရေး မော်တော်ယာဉ်နှင့် နေ့လယ်စာ ထမင်းထုပ်များ စီစဉ်ပေးသည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား အကျဉ်းဦးစီးဌာနမှ စားစရိတ်နှင့် ခရီးစရိတ်ငွေကျပ် ၁၀ သိန်းကျော်နှင့် အကျဉ်းဦးစီးဌာန၏ စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အကျဉ်းသား ခြောက်ဦးအား လုပ်အားရှင်ခံစားခွင့်ငွေကျပ် ၂၇၀၀၀၀ ကျော် ထောက်ပံ့ပေးအပ်သည်။

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အရ မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၈၇ ဦးတို့သည် ၎င်းတို့ကျခံနေရသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ခံစားခွင့်ရရှိကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

## ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူ ၈၀၂ ဦး လွတ်မြောက်

**စစ်တွေ မေ ၁၇**

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၈၀၂ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထို့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၃၁၁ ဦး၊ အကျဉ်းသူ ၃၂ ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၅၇ ဦး၊ အကျဉ်းသူ ၂၂ ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်း သား ၁၆၀ ဦး၊ အကျဉ်းသူ ကိုးဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၁၀၄ ဦး၊ အကျဉ်းသူ ခုနစ်ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၈၀၂ ဦး လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - တင်ထွန်း(ပြန်/ဆက်)**



## ညောင်ရွှေ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူများ လွတ်မြောက်

**ညောင်ရွှေ မေ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ညောင်ရွှေအကျဉ်းထောင်နှင့် တောင်လေးလုံးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား၊ အကျဉ်းသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေအကျဉ်းထောင်မှ အကျဉ်းသား ၃၁၈ ဦး၊ အကျဉ်းသူ ၄၈ ဦးနှင့် တောင်လေးလုံးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား ၂၅၃ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသည့် အကျဉ်းသား၊ အကျဉ်းသူများအား ရွှေညောင်တိုက်နယ်ဆေးရုံနှင့် အမှတ်(၂)စစ်မြေပြင်ဆေးတပ်ရင်း(တောင်ကြီး) တို့မှ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခြင်း၊ အကျဉ်းဦးစီးဌာနက ထောက်ပံ့စရိတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့က နယ်မြေအလိုက် အရောက်ပို့ရန် ကားများစီစဉ်ထားရှိကြောင်း၊ မိမိနေရပ်သို့ အေးချမ်းစွာ ပြန်လည်ရောက်ရှိပြီး စည်းကမ်းညွှန်ကြားချက်များနှင့်အညီ စနစ်တကျနေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်၊ စိုင်းအယ်ဘဲ**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ ၅၃၄ ဦး လွတ်မြောက်

**မြိတ် မေ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မေ ၁၇ ရက်၌ မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

မြိတ်အကျဉ်းထောင်တွင် အကျဉ်းသား ၃၂၉ ဦး၊ အကျဉ်းသူ ၃၃ ဦး စုစုပေါင်း ၃၆၂ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာ၌ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုးရွှေတို့က လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား မြိတ်အကျဉ်းထောင်ရှိခမ်းမှာရုံ၌ ဆုံးမစကားများပြောကြားခဲ့ကြပြီး အကျဉ်းသား၊ အကျဉ်းသူများအား တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကြသည်။

အလားတူ ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတွင်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၇၂ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုအောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတာဝန်ခံ ဦးဆန်းအောင်တို့က ဆုံးမစကားများပြောကြားခဲ့ကြပြီး ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားစုငွေများ ပေးအပ်ခဲ့ကြသည်။ မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၃၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့သည်။

မြိတ်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများမှာ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများတွင် ထားဝယ်ခရိုင်နှင့်ကော့သောင်းခရိုင်တို့တွင် နေထိုင်ကြသူများအား ခရီးသည်တင်ယာဉ်ဖြင့်လည်းကောင်း၊ မြိတ်မြို့၌ နေထိုင်ကြသူတချို့ကို အကျဉ်းဦးစီးဌာနယာဉ်ဖြင့် လည်းကောင်း လိုက်လံပို့ဆောင်ပေးခဲ့ကြသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်ငြိမ်းခွင့်ရရှိသူများအား လာရောက်ကြိုဆိုကြသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေး မဖြစ်စေရန် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်ပြန်/ဆက်)**

## ဘယ်လင်းကျောက်ထုတ်စခန်း(၁)နှင့်(၂)တို့မှ အကျဉ်းသား ၃၅၁ ဦး လွတ်မြောက်

**ကျောက်ဆည် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ ဘယ်လင်းအကျဉ်းဦးစီးဌာန ကျောက်ထုတ်စခန်း(၁)မှ အကျဉ်းသား ၁၇၂ ဦးနှင့် ကျောက်ထုတ်စခန်း(၂)မှ အကျဉ်းသား ၁၇၉ ဦး စုစုပေါင်း ၃၅၁ ဦးတို့အား ယနေ့နံနက် ၁၀ နာရီခွဲက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားများအား စဥ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲဗလ ညွန့်ဌေး၊ ဘယ်လင်းအကျဉ်းဦးစီးဌာန တာဝန်ခံ ဒေါက်တာသန်းကိုနှင့် အကျဉ်းဦးစီးဌာန တာဝန်ခံ ဦးဇော်ထွန်းတို့က ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရအကျဉ်းသားများ နေရပ်ပြန်ရာတွင် အခက်အခဲမရှိစေရေးအတွက် လုပ်အားခငွေများထုတ်ပေးခြင်း၊ ထမင်းထုပ်များဝေငှပေးခြင်းနှင့် ကားများဖြင့် နေအိမ်ပြန်နိုင်ရေးစီစဉ်ပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## ဗန်းမော်အကျဉ်းထောင်မှ တရုတ်နိုင်ငံသားများ အပါအဝင် အကျဉ်းသား၊ အကျဉ်းသူ ၃၂၆ ဦး လွတ်မြောက်

**ဗန်းမော် မေ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ဗန်းမော်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျ တရုတ်နိုင်ငံသားများ အပါအဝင်အကျဉ်းသား၊ အကျဉ်းသူ ၃၂၆ ဦးအား ယနေ့နံနက် ၁၀ နာရီမှစတင်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမော်အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းနှင့် ဝန်ထမ်းများသည် လွတ်မြောက်အကျဉ်းသားများအား ထမင်းထုပ်များဝေငှပေးခြင်း၊ ၎င်းအနက် ဗန်းမော်ခရိုင် ပြင်ပအခြားမြို့နယ်များသို့ ပြန်မည့် လွတ်မြောက်အကျဉ်းသားများအား ယာဉ်စီးခ ထောက်ပံ့ပေးခြင်းများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အမိန့်အရ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများအား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ဗန်းမော်အကျဉ်းထောင်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသား ၁၁ ဦး လွတ်မြောက်ခဲ့သော်လည်း ၎င်းတို့အား ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးနှင့် ညှိနှိုင်း၍ ပြည်နှင်ခွင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြော်ငြာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဥပဒေများကို လိုက်နာရန် အသိပေးကြော်ငြာချက်

- COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## အကျဉ်းထောင် / စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား / သူ များကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၁/ ၂၀၂၀**
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/ သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ် အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလိုက်သည်-

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက် (လွတ်ရက်မရှိ) ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်။

(ခ) နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်။ (ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)

(ဂ) ထောင်ဒဏ်နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်။

(ဃ) ထောင်ဒဏ် နှစ် ၄၀ နှင့်အောက်ကျခံနေရသူများကို ယင်းတို့ကျခံနေရသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကျဉ်းသား / သူ စုစုပေါင်း ၂၄၈၉၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂ /၂၀၂၀**
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ အကျဉ်းထောင်/စခန်းအသီးသီးရှိ အကျဉ်းသား/သူ စုစုပေါင်း ၂၄၈၉၆ ဦးတို့အား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအကျဉ်းသား / သူ ၈၇ ဦး တို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃ /၂၀၂၀**
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ အကျဉ်းထောင်/စခန်း အသီးသီးရှိ နိုင်ငံခြားသားအကျဉ်းသား/သူ ၈၇ ဦးတို့အား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ ပြုလုပ်ပြီးဖြစ်

နေပြည်တော် ဧပြီ ၁၇

ဧပြီ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများကို ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ ပြုလုပ်ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား / သူ ၂၇၀၀ ကျော်လွတ်မြောက်

ရန်ကုန် ဧပြီ ၁၇

မြန်မာနှစ်သစ်မင်္ဂလာ အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်/ စခန်းအသီးသီးရှိအကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ ၂၄၈၉၆ ဦးကို ယနေ့နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၇၀၀ ကျော် လွတ်မြောက်ကြောင်း အဆိုပါ အကျဉ်းထောင်မှ သိရသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❖



အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်စဉ်။

### ကြေးမုံ ယနေ့ ဖတ်စရာ

**တရုတ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ရုရှားသမ္မတ ပူတင် ချီးကျူး**

စာမျက်နှာ » ၁၂

**ရန်ကုန်မြို့၌ နှာခေါင်းစည်းမတပ်ဆင်သည့် ခရီးသည်များကို ယာဉ်စီးနင်းခွင့်ပြုမည်မဟုတ်**

စာမျက်နှာ » ၁၇

**ONE ဝိတ်တန်းနှစ်ခုချန်ပီယံ အောင်လအန်ဆန် ပုံမှန်လေ့ကျင့်မှု ပြုလုပ်နေ**

စာမျက်နှာ » ၂၇

